မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၁၉ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၁၇]

သုသိက္ခိတ ဝိနယမဂ်လာ

စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာသင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် ကောင်းမြတ်သော မဂ်လာမည်၏။

ဒုတိယသမ္မတဦးဉာဏ်ထွန်း စိန့်ပီတာစဘာ့ဂ်အပြည်ပြည်ဆိုင်ရာစီးပွားရေးပိုရမ် ဖွင့်ပွဲတက်ရောက်

သတင်း၊ စာမျက်နှာ ➢ ၃

ရန်ကုန်မြို့၏ ရေကြီးရေလျှံမှုပြဿနာ ဖူးပေါင်းအဖြေရှာ

သတင်းဆောင်းပါး-ခင်မောင်ထွေး

ရန်ကုန် ဇွန် ၁၈

များမကြာမီနှစ်များအတွင်း ကမ္ဘာ့မြို့ပြများနည်းတူ ခေတ်မီ Mega City ဖြစ်လာတော့မည့် ရန်ကုန်မြို့၏အကြောင်းကို တွေးမိတိုင်း "ရန်ကုန်အမြင်၊ ရန်ကုန်အတွေး"ဟူသည့် ဆောင်းပါး အက်ဆေးစာအုပ်ကို မောင်ချစ်ဖေ အကြိမ်ကြိမ်ပြန်လည်ဖတ်ရှုမိသည်။

နေပြည်တော် ရွှေမြို့တော်ကြီးသို့ အစိုးရရုံးများ စတင်ပြောင်းရွှေ့ခဲ့စဉ်က ဗွေဆော်ဦး လူစာရင်းတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့သူ မောင်ချစ်ဖေသည် ရထားပေါ်၌ ဖတ်ရှုရန် *စာမျက်နှာ ၁၁ ကော်လံ ၁* ❋

> မေ ၂၅ ရက်က ရွာသွန်းခဲ့သည့်မိုးကြောင့် ရန်ကုန်မြို့ သိမ်ဖြူလမ်းဝန်ကြီးများရုံးရှေ့၌ ဤသို့ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည်။
>
> ဓာတ်ပုံ-ဇော်မင်းလတ်

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာ-၇

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာ-၇

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တိုးတက်သောလူမှုအသိုက်အဝန်းနှင့် ထိပ်သီးအစည်းအဝေးများ

နိုင်ငံတကာအစည်းအဝေးများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပပေးနိုင်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ဧည့်ဝတ်ကျေပွန်မှု ဆက်ဆံရေးကောင်းမွန်မှု ပုံရိပ်ကောင်းများကြောင့် အခွင့်အလမ်းကောင်းများစွာ ရရှိတတ်ပါသည်။ ထိပ်သီးအစည်းအဝေးကြီးများမှတစ်ဆင့် ချမှတ်သောမူဘောင်များအရသော်လည်းကောင်း၊ ဒေသတွင်း ခေါင်းဆောင်များ ထိတွေ့ဆက်ဆံမှုအရသော်လည်းကောင်း နိုင်ငံတကာမျက်နှာစာတွင် ဆက်ဆံရေးတိုးတက်လာပြီး နိုင်ငံသူ နိုင်ငံသားများအတွက် အဘက်ဘက်မှ အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံက (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် ယင်းလေးနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက် မှ ၂၃ ရက်အထိ နေပြည်တော်၌ ကျင်းပသွားရန် စီစဉ်လျက်ရှိပါသည်။

စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကို ပထမဆုံးအကြိမ်အဖြစ် ၂၀၀၄ ခုနှစ်က လာအိုနိုင်ငံ၌ ကျင်းပခဲ့ပြီး CLMV အင်္ဂလိပ်အက္ခရာစဉ်အရ နှစ်နှစ်လျှင်တစ်ကြိမ် အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပခွင့်ရရှိရာ မြန်မာနိုင်ငံက(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများကို ကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်ပါသည်။ စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများကို ယခင်က သီးခြားစီ ကျင်းပခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသော ထိပ်သီးအစည်းအဝေးများမှစတင်ကာ ပူးတွဲတစ်ဆက်တည်းကျင်းပခဲ့ပါသည်။ သို့သော် မြန်မာ၊ ကမ္ဘာဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံအစိုးရအဖွဲ့အကြီးအကဲများ စတင်စုစည်းခဲ့သည့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ပထမအကြိမ်ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ်နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ ကျင်းပနိုင်ခဲ့ပြီး အက်မက်စ်၏ ရှေ့လုပ်ငန်းစဉ်နှင့် ပုဂံကြေညာစာတမ်းကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် အက်မက်စ်သို့ ဗီယက်နမ်ပါဝင်လာသဖြင့် ယခုအခါ အဖွဲ့ဝင် ၆နိုင်ငံရှိလာပြီဖြစ်ပါသည်။

စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေး၏ အဓိကရည်ရွယ်ချက်သည်ကား အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှု၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ စိုက်ပျိုးရေးနှင့် စက်မှုစွမ်းအင်၊ သတ္တုရှာဖွေရေး၊ ရေအားလျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းစသည်ဖြင့်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင် သွားရန်ပင်ဖြစ်ပါသည်။ အက်မက်စ်ထိပ်သီးအစည်းအဝေးမှာ စီးပွားရေးကိုအဓိကထား၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဤထိပ်သီးအစည်းအဝေးများသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ အနီးကပ်ဆုံးသောနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုပင်ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများအကြား ဤကဲ့သို့ ထိပ်သီးအစည်းအဝေးများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်နိုင်သဖြင့် ဒေသတွင်းပြည်သူများ၏ အကျိုးစီးပွားအတွက် အပြန်အလှန် ဖော်ဆောင်ပေးလာနိုင်မည်ဖြစ်၍ အနာဂတ်တွင် တိုးတက်ပြောင်းလဲလာသော လူမှုအသိုက်အဝန်းတစ်ရပ်အဖြစ် တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း။ ။

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-1) ၌ ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပမည့်(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် (၆) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတို့ကို ကြိုဆိုဂုဏ်ပြုစိုက်ထူထားသော ဆိုင်းဘုတ်အား နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းနှင့် ရာဇသင်္ဘာလမ်းဆုံ သပြေကုန်းအဝိုင်းအနီး၌ ဇွန် ၁၈ ရက်က တွေ့ရစဉ်။
မင်းမင်းလတ်(မန်းတက္ကသိုလ်)

တရားရုံးနှင့် အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးလှအေးသည် ဇွန်လတတိယပတ်က ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီးနှင့် အတူ မင်္ဂလာဒုံမြို့နယ်တရားရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ မင်္ဂလာဒုံမြို့မရဲတပ်ဖွဲ့ အချုပ်ခန်းသို့ သွားရောက်၍ အချုပ်သားများအား ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ-၆၈အရ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရန်နှင့် အမှုစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေး စသည့်အခွင့်အရေးများရရှိနိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး

ဟုမ္မလင်း ဇွန် ၁၈

ဟုမ္မလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ဇွန်လဒုတိယပတ်က ဟုမ္မလင်းမြို့ အားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် ဟုမ္မလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းရွှေက အမှာစကားပြောကြားပြီး ဟုမ္မလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးသူရက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **လင်းလင်း (iprd)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၁၈-၆-၂၀၁၅

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၄၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၁၄၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၅၅၀၀

စက်သုံးဆီစျေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၇၁၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၇၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၂၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၅၀

သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်စျေး (ပဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၀၀၅
ဥရောပ	တစ်ယူရို	၁၂၄၈.၉
စင်ကာပူ	တစ်ဒေါ်လာ	၈၂၁.၅၃
ထိုင်း	တစ်ဘတ်	၃၂.၈၄
အိန္ဒိယ	တစ်ရုပီး	၁၇.၃၁
တရုတ်	တစ်ယွမ်	၁၇.၀၆
မလေးရှား	တစ်ရင်းဂစ်	၂၉၆.၂

ဘုရင့်နောင်ကုန်စည်ဒိုင်စျေးနှုန်း

နွေဆန် (အသစ်)	တစ်အိတ်	၁၉၈၀၀-၂၀၃၀၀
ပေါ်ကျွဲ	တစ်အိတ်	၂၆၅၀၀-၂၈၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၃၀၀၀၀-၃၅၀၀၀
မြေပဲဆီ	တစ်ပိဿာ	၅၁၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၉၅
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၄၅၀-၆၀၀
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၂၁၅၀-၂၄၅၀
ကြက်သွန်ဖြူ (ကြေကုတ်သစ်)	တစ်ပိဿာ	၂၁၀၀
အာလူး (ဟင်ဟိုး)	တစ်ပိဿာ	၅၉၀-၈၁၀
ငရုတ်ရှည် (ဝိုးထောင်)	တစ်ပိဿာ	၂၉၀၀-၃၀၀၀
ငရုတ်မွှ (မြစ်ဝ)	တစ်ပိဿာ	၄၈၀၀-၇၃၀၀
သင်္ကြား	တစ်ပိဿာ	၁၁၈၀-၁၂၂၀

ကုန်စည်ဒိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ဒုတိယသမ္မတ ဦးဥာဏ်ထွန်း စိန့်ပီတာစဘာ့ဂ် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်ဖွင့်ပွဲ တက်ရောက်

စိန့်ပီတာစဘာ့ဂ် ဇွန် ၁၈

ရုရှားနိုင်ငံတွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဥာဏ်ထွန်းသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် မော်စကိုမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ စိန့်ပီတာစဘာ့ဂ်မြို့ ပူးလ်ခါဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် (၁၉)ကြိမ်မြောက် စိန့်ပီတာစဘာ့ဂ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်ဖွင့်ပွဲ အခမ်းအနားကျင်းပမည့် Len Expo အဆောက်အအုံသို့ ရောက်ရှိကြပြီး ရုရှားနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Alexei V. Ulyukaev နှင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် စိန့်ပီတာစဘာ့ဂ် မြို့ Len Expo အဆောက်အအုံရှိ ဆွေးနွေးပွဲခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သော နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အနေဖြင့် ကော်မရှင်၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း စီးပွားရေးကဏ္ဍအသီးသီးတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြင့်တင်သွားရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဥာဏ်ထွန်းသည် ရုရှားနိုင်ငံ စီးပွားရေးရာ ဒုတိယဝန်ကြီးချုပ် Mr.Arkady Dvorkovich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီခွဲတွင် ရုရှားနိုင်ငံ စိန့်ပီတာစဘာ့ဂ်မြို့ Len Expo အဆောက်အအုံရှိ ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အခွင့်အလမ်း၊ အလားအလာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ယနေ့ကျင်းပသည့် (၁၉)ကြိမ်မြောက် စိန့်ပီတာစဘာ့ဂ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများအား လိုက်လံကြည့်ရှုလေ့လာကြသည်။

ယင်းဖိုရမ်ကို ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများနှင့် ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ရုရှားနိုင်ငံနှင့် နိုင်ငံတကာကုမ္ပဏီများမှ အဆင့်မြင့်အမှုဆောင်အရာရှိချုပ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ၊ မီဒီယာကိုယ်စားလှယ်များနှင့် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများမှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးဥာဏ်ထွန်းနှင့် ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာနဝန်ကြီး Mr. Alexei V. Ulyukaev တို့ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

အဆိုပါ စိန့်ပီတာစဘာ့ဂ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်ကို (၁၉၉၇) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အားပေးထောက်ပံ့မှုဖြင့် (၂၀၀၆) ခုနှစ်ကတည်းက ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင် အရေးပါသည့် အခမ်းအနားများ အနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း။

ယခုနှစ် ကျင်းပပြုလုပ်သည့် စိန့်ပီတာစဘာ့ဂ်အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်၏ ခေါင်းစဉ်ဖြစ်သည့် "လက်တွေ့ဆောင်ရွက်ရန် အချိန်-တည်ငြိမ်ရေးနှင့် တိုးတက်ရေးအတွက် ဘုံလမ်းကြောင်း - Time to Act : Shared Paths to Stability and Growth" သည် နိုင်ငံတကာဘဏ္ဍာရေးစနစ်နှင့် စွမ်းအင်လုံခြုံရေး နယ်ပယ်များတွင် ကြီးမားသည့် စိန်ခေါ်မှုများကိုရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာ့စီးပွားရေးအခြေအနေကို ထင်ဟပ်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးဥာဏ်ထွန်းနှင့် အဖွဲ့ဝင်များ (၁၉)ကြိမ်မြောက် စိန့်ပီတာစဘာ့ဂ်အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနက သတင်းမီဒီယာနည်းဥပဒေထုတ်ပြန်ထားပြီးဖြစ်

နေပြည်တော် ဇွန် ၁၈

ပြန်ကြားရေးဝန်ကြီးဌာနက သတင်းမီဒီယာ နည်းဥပဒေကို ဇွန် ၁၇ ရက်တွင် အမိန့်ကြေညာစာ အမှတ် ၄၅/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ နည်းဥပဒေတွင် အခန်း ၁၂ ခန်းပါရှိပြီး အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) သတင်းမီဒီယာလုပ်ငန်း ထူထောင်ခြင်း၊ အခန်း(၃) ကောင်စီဝင်ရွေးချယ်တင်မြှောက်ခြင်း၊ အခန်း(၄)ကောင်စီဝင် အစားထိုးရွေးချယ်ခြင်းနှင့် သက်တမ်း၊ အခန်း(၅) ကောင်စီ၏လုပ်ငန်းစဉ်များ၊ အခန်း(၆) ကောင်စီဝင်များနှင့် ရပိုင်ခွင့်များ၊ အခန်း(၇) ကောင်စီ၏ လုပ်ငန်းတာဝန်များ လွှဲပြောင်းလက်ခံခြင်း၊ အခန်း(၈) ဘဏ္ဍာရေးနှင့် ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း၊ အခန်း (၉) သတင်းအချက်အလက်ရယူခွင့်၊ အခန်း(၁၀) သတင်းအချက်အလက်များကို စိစစ်ရေးသားဖော်ပြခြင်း၊ အခန်း(၁၁) ညှိနှိုင်းဖြေရှင်းခြင်းနှင့် အရေးယူခြင်း၊ အခန်း (၁၂) ရုံးအဖွဲ့ဖွဲ့စည်းခြင်းတို့ ဖြစ်ကြသည်။

ယင်းနည်းဥပဒေအပြည့်အစုံကို MOI Webportal Myanmar facebook နှင့် www.moi.gov.mm တို့တွင် လွှင့်တင်ထားပြီးဖြစ်သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြန်မာရေပိုင်နက်အတွင်း တစ်ဖက်နိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား လက်နက်နှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၈

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေတွင်းကျွန်းချောင်းဝနှင့် ရွက်ညိုတောင်ချောင်းဝအကြား နတ်မြစ်၏မြန်မာ့ရေပိုင်နက်အတွင်း နယ်မြေစိုးမိုးရေး လှည့်ကင်းဆောင်ရွက်နေသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ မသင်္ကာဖွယ်ရာ စက်လှေတစ်စင်းနှင့် လူသုံးဦးကိုတွေ့ရှိ၍ စစ်မေးရန် ခေါ်ယူစဉ် အဆိုပါစက်လှေမှ စတင်ပစ်ခတ်ရာ နှစ်ဖက်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ရေတွင်းကျွန်းချောင်းဝ ကင်းစခန်းမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် နယ်စပ်ခြီစည်းရိုးတစ်လျှောက် လှည့်ကင်းဆောင်ရွက်စဉ် ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲခန့်တွင် ရေတွင်းကျွန်းချောင်းဝနှင့် ရွက်ညိုတောင် ချောင်းဝ အကြားသို့အရောက် မြန်မာရေပိုင်နက်အတွင်း မသင်္ကာဖွယ်ရာ စက်လှေတစ်စင်းနှင့် လူသုံးဦးအားတွေ့ရှိ၍ စစ်ဆေးမေးမြန်းရန် ခေါ်ယူခဲ့ရာ ၎င်းစက်လှေပေါ်မှ လက်နက်ငယ်ဖြင့် စတင်ပစ်ခတ်ခဲ့သဖြင့် လှည့်ကင်းအဖွဲ့မှ ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါသုံးဦးမှ စက်လှေဖြင့် ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း စက်နှိုးမရ၍ ခုန်ချထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ တစ်ဖက်နိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ယူနီဖောင်းဝတ်ထားသူတစ်ဦးကို အမ်(၂၂) သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ၎င်းကျည် ၂၁ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးမေးမြန်းလျက်ရှိကြောင်းနှင့် ဖြစ်စဉ်တွင် နယ်ခြားစောင့် တပ်ဖွဲ့ဝင် တစ်ဦး ယာခြေဖဝါး လက်နက်ငယ် တစ်ချက် ထိမှန်(မစိုးရိမ်ရ)ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူမှာ တစ်ဖက်နိုင်ငံ ဒုံဒုံမျှာစခန်းမှ မြန်မာနိုင်ငံ ပိုင်နက်အတွင်းသို့ ကျွံဝင်လာသော လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ထွက်ပြေးသွားသူနှစ်ဦးမှာလည်း အဆိုပါစခန်းမှ တပ်ဖွဲ့ဝင်များဖြစ်ကြောင်း ဖော်ထုတ်ရရှိသည့်အတွက် တစ်ဖက်နိုင်ငံ တာဝန်ရှိသူများထံသို့ ကန့်ကွက်ထားရှိပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်ပုံ-မြဝတီ

ဩစတြေးလျှနှင့်တရုတ် လွတ်လပ်သော ကုန်သွယ်ရေးစာချုပ် ချုပ်ဆို

ကင်ဘာရာ ဇွန် ၁၈

ဩစတြေးလျှနှင့် တရုတ်အစိုးရတို့ နှစ်နိုင်ငံကြား လွတ်လပ်စွာ ကုန်သွယ်ရေးအတွက် ကာလအတန်ကြာ စောင့်ဆိုင်းနေရသော စာချုပ်ချုပ်ဆိုပွဲကို ဗုဒ္ဓဟူးနေ့က ကင်ဘာရာ၌ ကျင်းပခဲ့သည်။

ဩစတြေးလျကုန်သွယ်ရေးဝန်ကြီး အင်ဒရူးရော့ဘ်နှင့် တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ကျောက်ဟူချန်းတို့သည် ၁၀ နှစ်ကြာ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရသည့် အဆိုပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။ ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နိုဝင်ဘာလက နှစ်နိုင်ငံ ခေါင်းဆောင်များ တွေ့ဆုံ လက်မှတ်ရေးထိုးနိုင်ခဲ့သည့် ကြေညာချက်ထွက်ပေါ်လာပြီးနောက် ယခုစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

တရုတ်၊ ဩစတြေးလျအက်ဖ်တီအေကို နှစ်နိုင်ငံကြားအပြန်အလှန် ယုံကြည်မှုဖြင့် ချုပ်ဆိုနိုင်ခြင်းဖြစ်ကြောင်း တိုနီအက်ဘော့က ဗုဒ္ဓဟူးနေ့လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ပြောကြားသည်။

အဆိုပါ စာချုပ်ချုပ်ဆိုနိုင်ခြင်းဖြင့် နှစ်နိုင်ငံအကြား ငွေကြေး၊ အရင်းအနှီး၊ အရင်းအမြစ်များ၊ လုပ်ငန်းများ အပြန်အလှန်စီးဆင်းမှုမှတစ်ဆင့် အကျိုးကျေးဇူး များစွာရရှိမည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

မားစ်ရောဂါထိုင်းသို့ဝင်ရောက်လာကြောင်း အတည်ပြု

ဗန်ကောက် ဇွန် ၁၈

မားစ်ခေါ် အရှေ့အလယ်ပိုင်းဒေသ အသက်ရှူလမ်းကြောင်းရောဂါလက္ခဏာစု ထိုင်းနိုင်ငံသို့စတင် ဝင်ရောက်ကူးစက်လာမှုကို ထိုင်းနိုင်ငံက ယနေ့အတည်ပြုလိုက်ရာ ယခုနှစ်အတွင်း အသက်အန္တရာယ်ပြုနိုင်သည့် ပိုင်းရပ်စ်ကူးစက်သော စတုတ္ထမြောက် အာရှနိုင်ငံအဖြစ် စာရင်းဝင်သွားပြီဖြစ်သည်။

ပြည်သူ့ကျန်းမာရေးဝန်ကြီး ရာဂျာတာ ရာဂျာတာနာဗင်က သတင်းစာရှင်းလင်းပွဲ တစ်ခု၌ အသက် ၇၅ နှစ်အရွယ် အိုမန်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံတွင် မားစ်ရောဂါ စွဲကပ်နေသည်ကို တွေ့ရှိရကြောင်း ပြောကြား သည်။

ဓာတ်ခွဲခန်းနှစ်ခု၏ စမ်းသပ်ချက်များအရ မားစ်ပိုင်းရပ်စ်တွေ့ရှိကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားပြီး အဆိုပါ ပုဂ္ဂိုလ်သည် နှလုံးရောဂါကုသရန်အတွက် ဗန်ကောက်သို့ ရောက်ရှိလာခြင်းဖြစ်သည်ဟုလည်း ထည့်သွင်းပြောကြားသည်။

အဆိုပါအိုမန်နိုင်ငံသားနှင့်အတူ ဗန်ကောက်သို့လိုက်ပါလာသည့် မိသားစုဝင် အမျိုးသားသုံးဦးအပါအဝင် အခြားလူ ၅၉ ဦးတို့ကို မားစ်ရောဂါ ပိုင်းရပ်စ်ကူးစက်ခံထားရခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်းလည်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

အဓိကအားဖြင့် မားစ်ရောဂါကျယ်ကျယ်ပြန့်ပြန့် ကူးစက်ဖြစ်ပွားခဲ့ရာ ဆော်ဒီအာရေဗျနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ စ၍ လူ ၁၀၀၀ ကျော် ကူးစက်ခံခဲ့ရပြီး လူ ၄၅၄ ဦးခန့် သေကြေပျက်စီးခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

ထိုင်းလေကြောင်း လေယာဉ်အတွင်း ရောဂါကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများလုပ်ရန် ပြင်ဆင်နေသည့် လေယာဉ်ဝန်ထမ်းများကို သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။

ယီမင်၌ အိုင်အက်စ်တို့ ကားပုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၅၀ သေဆုံး

ဆာနား ဇွန် ၁၈

ဗုဒ္ဓဟူးနေ့က ဆာနားရှိ ဟူသီသူပုန်များနေထိုင်ရာ ဌာနချုပ်နှင့် ဗလီများအနီး အိုင်အက်စ် စစ်သွေးကြွများ၏ ကားပုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူ ၅၀ ထက်မနည်း သေဆုံးခဲ့သည်။

ဟာရှပ်ဗလီ၊ ကီဗစီဗလီ၊ အယ်လ်ကွာ၊ အယ်ကာဒရာဗလီနှင့် ဟူသီသူပုန်တို့ နိုင်ငံရေးဗျူရိုများကို ပုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူ ၅၀ ထက်မနည်း သေဆုံးခဲ့သည်ဟု လုံခြုံရေး အာဏာပိုင်များက ပြောခဲ့သည်။

မတ်လ ၂၀ ရက်က ဆာနားရှိ ဗလီနှစ်ခုတွင် အိုင်အက်စ်စစ်သွေးကြွများ၏ အသေခံပုံးခွဲတိုက်ခိုက်မှုကြောင့် ဝတ်ပြုနေသူ ၁၃၇ဦး ထက်မက သေဆုံးခဲ့ပြီး ရာပေါင်းများစွာ ဒဏ်ရာရရှိခဲ့ပြီးသည့်နောက် ယခုတစ်ကြိမ်သည် ယီမင်နိုင်ငံသားများအား တိုက်ခိုက်မှုများအနက် အဆိုးဆုံးဖြစ်သည်။ နောက်ဆုံးဖြစ်ပွားခဲ့သည့်အဆိုပါ ပုံးခွဲတိုက်ခိုက်မှုအတွက် အိုင်အက်စ်စစ်သွေးကြွများအား အာဏာပိုင်အဖွဲ့အစည်းက အပြစ်တင်လျက်ရှိကြောင်း ဟူသီတို့ ထိန်းချုပ်ထားသော နိုင်ငံပိုင်သတင်းအေဂျင်စီ၌ ဖော်ပြသည်။

အိုင်အက်စ်တို့သည် အာရေဗျကျွန်းဆွယ်ရှိ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့တို့ရှိရာ ယီမင်၌ စစ်ဆင်ရေးကို အရှိန်အဟုန်မြင့် လုပ်ဆောင်လျက်ရှိသည်။ **(ရိုက်တာ)**

ဆီးရီးယားတောင်ပိုင်းတွင် သူပုန်များက ထိုးစစ်စတင်

ဘေရွတ် ဇွန် ၁၈

အစ္စရေး သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်အနီးတွင် ဆီးရီးယားတပ်များက တိုက်ခိုက်ထိန်းချုပ်ထားရာ Quneitra ပြည်နယ်တွင် ကျန်ရှိနေသေးသည့် နယ်မြေများကို ဆက်လက်သိမ်းပိုက်ရန်အတွက် သူပုန်တပ်များက ထိုးစစ်ဆင် တိုက်ခိုက်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာခဲ့သည်။

မြို့တော် ဒမတ်စကပ်၏အနောက်တောင်ဘက် မိုင် ၄၀ (ကီလိုမီတာ၉၀)အကွာရှိ Quneitra ပြည်နယ်သည် သူပုန်တပ်ဖွဲ့ဝင်အများအပြားနှင့် ပြည်သူ့စစ်နောက်ခံထားသော ဆီးရီးယားစစ်တပ်တို့ အပြန်အလှန်မကြာခဏ တိုက်ခိုက်မှုဖြစ်ပွားရာ နယ်မြေတစ်ခုထဲတွင် ပါဝင်သည်။ ယခုစစ်ဆင်ရေးတိုက်ခိုက်မှု လုပ်ဆောင်ခြင်းတွင် သူပုန်အုပ်စုများ လက်မှတ်ရေးထိုးခဲ့သည့်အဖွဲ့သည် ဆီးရီးယားရှိ အယ်လ်ခိုင်ဒါတပ်ဖွဲ့တွင် မပါဝင်ကြောင်း သူပုန်ဘက်မှ ပြောဆိုခွင့်ရှိသူ Issamal-Rayes က တွစ်တာတွင် ရေးသားခဲ့သည်။ Quneitra နယ်မြေတွင် ဗုဒ္ဓဟူးနေ့ နံနက်အစောပိုင်းကတည်းက လက်နက်များဖြင့် တရစပ်ထိုးနှက်တိုက်ခိုက်ခဲ့သည်။

ယခုထိုးစစ်ဆင်နေသော သူပုန်အုပ်စုသည် လွတ်လပ်သော ဆီးရီးယားတပ်၏အောက်တွင် တိုက်ခိုက်နေခြင်းဖြစ်သည်။ Quneitra ၏ ရေသိုလှောင်ထားသည့်ကန်နှင့် မြို့ကို အဓိကထား ဖြန့်ကြက်ထားပြီး အချို့ အဆောက်အအုံများပျက်စီးခဲ့ပြီးမည်သည့်အုပ်စုက လုပ်ဆောင်နေကြောင်း ရှင်းရှင်းလင်းလင်းမသိရသေးပေ။

ဆီးရီးယားတောင်ပိုင်းတွင် တိုက်ခိုက်နေသည့် ရှုဆရာအဖွဲ့မှာ ထိုနေရာတွင် အဓိကရှိသော အကြမ်းဖက်သူပုန်မဟုတ်နိုင်ကြောင်း ခန့်မှန်းထားသည်။ ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့ အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ ဆီးရီးယားစစ်တပ်နှင့် အစ္စလာမ်မစ်များပါဝင်သော သူပုန်အုပ်စုများကြားတွင် ပြင်းထန်စွာ တိုက်ခိုက်မှု Quneitra မြောက်ပိုင်းတွင် ဖြစ်ပွားနေကြောင်း ဖော်ပြခဲ့သည်။

(ရိုက်တာ)

တောင်ကယ်ရိုလိုင်နား သေနတ်ပစ်ခတ်မှု ကိုးဦးသေဆုံး

ဝါရှင်တန် ဇွန် ၁၈

အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားပြည်နယ် ချာလက်စတန်ရှိ အာဖရိကနွယ်ဖွား အမေရိကန်များ၏ ဘုရားရှိခိုးကျောင်းတစ်ခုအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူ ကိုးဦးသေဆုံးသွားခဲ့ကြောင်း၊ လူဖြူသေနတ်သမားတစ်ဦးက ရန်ငြိုးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ "ဒီတိုက်ခိုက်မှုက ရန်ငြိုးထားတိုက်ခိုက်မှု ဖြစ်ပါတယ်" ဟု ရဲအရာရှိ ဂျော့မူလန်က သတင်းစာရှင်းလင်း ပွဲတစ်ရပ်တွင် ပြောကြားသည်။

ယင်းတိုက်ခိုက်မှုအတွင်း ရှစ်ဦးမှာ ပွဲချင်းပြီးသေဆုံးပြီး တစ်ဦးသာ ဆေးရုံ၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ရဲအရာရှိက ထပ်လောင်းပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုအတွင်း သံသယရှိသူသည် အသက် ၂၁ နှစ်အရွယ် လူဖြူဖြစ်ပြီး ရွှေ၀ါရောင်ဆံပင်ရှိကြောင်း ရဲအရာရှိက ပြောသည်။

သေနတ်ပစ်ခတ်မှုမှာ ဆုတောင်းပွဲပြုလုပ်နေစဉ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သေနတ်သမားမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်ကြောင်း ချာလက်စတန်မြို့တော်ဝန် ဂျိုးရီလေးကပြောသည်။

(ဆင်ဟွာ)



ရခိုင်ပြည်နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးကွင်းဆင်းပညာပေး

စစ်တွေ ဇွန် ၁၈

ရခိုင်ပြည်နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးကွင်းဆင်းပညာပေးဆွေးနွေးခြင်းကို စစ်တွေမြို့နယ်အတွင်း ဇွန် ၁၆ ရက်က ကျင်းပခဲ့ကြသည်။

ထိုသို့ ဆွေးနွေးမှုကို ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထူးမြင့်၊ စစ်တွေခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဦးထွန်းသိန်းနှင့် ဝန်ထမ်းများသည် စစ်တွေမြို့နယ် အုန်းရေဖော်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေလုပ်သားများအားတွေ့ဆုံ၍ ငါးသယံဇာတထိန်းသိမ်းရေး စဉ်ဆက်မပြတ် ငါး၊ ပုစွန်ဖမ်းဆီးထုတ်လုပ်နိုင်ရေး၊ တားမြစ်ကိရိယာများနှင့် ဘက်ထရီရှော့တိုက် ဖမ်းဆီးခြင်းများမပြုလုပ်ရေး၊ မြစ်ချောင်းများအတွင်း ငါးဥချရန် ကောင်းမွန်သည့် တားမြစ်ဧရိယာများအတွင်း ငါးဖမ်းဆီးခြင်းမပြုရေး စသည်ဖြင့် ကွင်းဆင်းပညာပေး ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရေချိုငါးနှင့် ရေငန်ငါး၊ ပုစွန်များ ထွက်ရှိပြီး ငါးရစ်၊ ငါးသန်ရာသီ ယခုအချိန်တွင် ရေလုပ်သားများအနေဖြင့် ငါးရစ်များ၊ ငါးသန်များ၊ ငါး၊ ပုစွန်များဖမ်းဆီးခြင်းမပြုရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာများဖြင့် တားမြစ်ထားကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း ရေချိုငါးလုပ်ငန်းဥပဒေအား ၂၀၁၄ ခုနှစ်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်၍ နည်းဥပဒေမူကြမ်းအား ရေးဆွဲလျက်ရှိကြောင်း၊ ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေနှင့် နည်းဥပဒေတွင် "ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့များ ဖွဲ့စည်းခြင်း" ကဏ္ဍပါဝင်ပြီး ငါးမဖမ်းဆီးရေး တားမြစ်ရာသီနှင့် တားမြစ်ဧရိယာများအား မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနခွင့်ပြုချက်ဖြင့် ၄င်းအစုအဖွဲ့များမှ အတည်ပြုသတ်မှတ်နိုင်တော့မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

(၅၂)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ

၂၄.၆.၂၀၁၅ ~ ၆.၇.၂၀၁၅

မဂျီရတနာကျောက်စိမ်းခန်းမ နေပြည်တော်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အငြိမ့်အစီအစဉ်များ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၁၈

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Home (House of Media & Entertainment) တို့ ပူးပေါင်း ထုတ်လုပ်သည့် **မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်းအစီအစဉ်တွင်** အငြိမ့် ခေတ်ဦး ထိုင်ဆိုအငြိမ့်၊ မော်လမြိုင်မစိန်ငုံအငြိမ့်၊ ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံ အငြိမ့်၊ မြခြေကျင်း မင်ငြေမြိုင်အငြိမ့်၊ လေဘာတီမမြရင်အငြိမ့်၊ ဩဘာသောင်းအငြိမ့်၊ ဥက္ကလာ မအေးကြည်အငြိမ့်၊ ဂီတမယ် လှကလေးစိန်အငြိမ့်၊ ဒဂုံခင်လှကြည်အငြိမ့်တို့ကို အပိုင်း(၇)ပိုင်းခွဲ၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းအငြိမ့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် အပတ်စဉ်သောကြာနေ့တိုင်း ည ၉ နာရီခွဲတွင် ပထမအကြိမ်နှင့် တနလင်္ဂနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထုတ်လွှင့်ပြသခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်တွင် အပတ်စဉ် စနေနေ့ နံနက် ၈ နာရီခွဲတွင် လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း၊ ည ၈ နာရီခွဲနှင့် နံနက် ၂ နာရီခွဲတို့တွင် လေးကြိမ်ထုတ်လွှင့်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် **ရခိုင်မျိုးချစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာ

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ဈေးလမ်းနှင့် သာဇံလှ လမ်းထောင့်၊ အမှတ်(၃၂) တွင် ပါတီရုံးချုပ်တည်ရှိသော **ရခိုင်မျိုးချစ်ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၈-၆-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရခိုင်မျိုးချစ်ပါတီ၏ အလံပုံစံ



ရခိုင်မျိုးချစ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စက်သုံးဆီများသိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရမည့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၁၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ပုဂ္ဂလိက အရောင်းဆိုင်များ စက်သုံးဆီ ကိုင်တွယ်ဆောင်ရွက်သူများနှင့် ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး အတွက်ရေနံထွက်ပစ္စည်းများသယ်ယူသိုလှောင် ဖြန့်ဖြူးရောင်းချရာတွင် သတိပြုလိုက်နာရမည့် အချက်များ (Petroleum Product Handling Process) အား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် ပညာပေးလက်ကမ်း စာစောင်များကို နေပြည်တော် ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေပေးထားကြောင်း သိရသည်။

ယင်း လက်ကမ်းစာစောင်တွင် ဆီတင်ယာဉ်များ စက်သုံးဆီ ဖြည့်တင်း /ချယူစဉ် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ဆီတင်ယာဉ်များလမ်းခရီးပို့ဆောင်စဉ် သတိပြုလိုက်နာ ဆောင်ရွက်ရမည့် အချက်များ၊ စက်သုံးဆီ အရောင်းဆိုင်များ သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စက်သုံးဆီသိုလှောင်ရုံအရောင်းဆိုင်များ သတိပြုလိုက်နာဆောင်ရွက်ရမည့် အချက်များ၊ စက်သုံးဆီဝယ်ယူသည့်ယာဉ် ဆီဖြည့်ရာတွင် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များပါရှိပြီး ဆိုင်ဧရိယာအတွင်း Hand Phone အသုံးမပြုရ စသည်ဖြင့် သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသေးစိတ်ဖော်ပြထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြင်းမူ ပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင် တည်ဆောက်

မြင်းမူ ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဘတ်ဂျက်ဖြင့် အေးချမ်းဆုံးဆောက်လုပ်ရေးကုမ္ပဏီက မြင်းမူ ပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင် (၂၃၄×၄၆×၁၄) ပေ အာရစ်စီတစ်ထပ်ဆောင်ကို တာဝန်ယူဆောက်လုပ်လျက်ရှိရာ လုပ်ငန်းများ ၁၅ ရာခိုင်နှုန်းပြီးစီး နေပြီဖြစ်သည်။

ယခု တိုးချဲ့ဆေးရုံကို ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ် ငွေကျပ်သိန်း ၁၀၀၀ ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွား၍ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နှစ် ငွေကျပ်သိန်း ၂၀၀၀ ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **(ဝဂ္ဂ)**

သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရေး ဆောင်ရွက်

နေပြည်တော် ဇွန် ၁၈

နေပြည်တော်ကောင်စီနယ်မြေတွင် သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရန် ကျန်းမာရေးအဖွဲ့သည် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် NGO များပူးပေါင်း၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွန် ၁၆ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် အမှတ်(၁) မြို့မဈေးတွင် ဈေးတာဝန်ခံ ဦးတင်မောင်ကြည်နှင့် ဝန်ထမ်းများကလည်းကောင်း၊ ညနေ ၄ နာရီတွင် လယ်ဝေးမြို့ သိရိရတနာ မြို့မဈေး၌ ဈေးတာဝန်ခံ ဦးသိန်းဇော်နှင့် ဝန်ထမ်းများကလည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် ဒဂ္ဂီဏာသီရိမြို့ ဒဂ္ဂီဏာသီရိဈေးတွင် ဈေးတာဝန်ခံ ဦးမောင်မောင်လွင်နှင့် ဝန်ထမ်းများကလည်းကောင်း၊ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ခြင်၊ ယင်ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုကိုရူပ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့် ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အနှစ်သာရ

ဦးဟန်ညွှန့်(ဥပဒေ)

ပြုပြင်ပြောင်းလဲရေး

အများပြည်သူတို့က " ပြုပြင်ပြောင်းလဲရေး"ကို စိတ်အားထက်သန်နေကြ သည့်အချိန်။ ဤအချိန်၊ ဤကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများ ထွက်ပေါ်လာပြီ။ အားတက်သရော အကြံပေးနိုင်ကြပြီ။ လွတ်လွတ်လပ်လပ် ထောက်ပြနိုင်ကြပြီ။ ကိုယ်ပိုင်ရှုမြင် သုံးသပ်ချက်များဖြစ်သော်ငြား ထဲထဲဝင်ဝင် ပြည်သူ့အဆုံးအဖြတ် ခံယူအပ်သည်။

သမိုင်းကြောင်း

မြန်မာ့သမိုင်းကြောင်းတွင် အခြေခံဥပဒေ (၃)ရပ် ပေါ်ခဲ့သည်။ အခြေခံဥပဒေပြင်လိုလျှင် ဥပဒေပြဋ္ဌာန်းချက်နှင့် ပြင်ရသည်။ ဥပဒေပြင်ဆင်ခြင်းအခန်းကို သီးခြားဖော်ပြထားသည်။

၁၉၄၇

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အခန်း(၁၁)၊ ပုဒ်မ ၂၀၇ မှ ၂၁၀ အထိ ပုဒ်မ (၄)ခုဖြင့် ဖော်ပြသည်။

၁၉၇၄

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း(၁၅)၊ ပုဒ်မ ၁၉၄ ဖြင့် ဖော်ပြသည်။

၂၀၀၈

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၁၂)၊ ပုဒ်မ ၄၃၃ မှ ၄၃၆ အထိ ပုဒ်မလေးခုဖြင့် ဖော်ပြသည်။ အထက်ပါ ဖော်ပြချက်များကို ဖတ်ရှုရုံဖြင့် ပြင်ပုံပြင်နည်း၊ ဆောင်ရွက်ပုံအဆင့်ဆင့် မတူညီကြောင်း ပေါ်လွင်သည်။ ကာလ၊ ဒေသ၊ ပယောဂကြောင့်ဟု သုံးသပ်သူများရှိသည်။ အကျိုးအပြစ် ဆန်းစစ်သူမရှား။

ဘာကြောင့် မတူညီသလဲ

ဥပဒေပြဋ္ဌာန်းသည့် သက္ကရာဇ်များ၊ ခေတ်ကာလများ မတူညီကြပါ။ ကာလ၊ ဒေသ မတူညီကြပါ။ စနစ်ဝါဒ မတူညီကြပါ။ ထိုအခါ အခြေခံဥပဒေ၏ အနှစ်သာရများကွဲပြားမည် ဧကန်ဖြစ်သည်။ ယနေ့ ပြည်သူ့အပေါင်းနှစ်ထောင်းအားရ ရေးဆွဲကြသော အခြေခံဥပဒေသည်သာ အခွင့်ရှည်တည်တံ့မည်ဖြစ်သည်။ မတူညီမှုများအားလုံး တူညီရန်မကြိုးစား။ အတတ်နိုင်ဆုံး၊ အကောင်းဆုံး " **ပြည်သူ့ဆန္ဒ အခြေခံကျသည်**" ဆိုသည့် အချက်ကတော့ သဘာဝကျသည်။ ခိုင်မြဲသည်။ တစ်သက်စာခိုင်မြဲခြင်းတော့ မဖြစ်နိုင်။

အဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံ အစီအမံတစ်ရပ်ဖြစ်သည်"ဟု ဖွင့်ဆိုခဲ့သည်။

ဒေါက်တာမောင်မောင်၏ ရေးသားချက်

နိုင်ငံတော်သမ္မတ(ဦးမင်း) ဒေါက်တာမောင်မောင်က "**ဥပဒေဆိုလျှင် စာစကား ပေစကား ခုံညားထည်ဝါ၍ ပျင်းစရာကောင်းသည်ဟု အများက မှတ်ယူကြပါသည်။ အခြေခံဥပဒေဆိုလျှင် ပို၍ ပျင်းစရာကောင်းမည်ဟု တွက်ကြပါသည်။ အမှန်မှာ ဥပဒေသည် လူတို့ နေ့စဉ်နေ့တိုင်း ဆက်ဆံကူးလူးကြခြင်းနှင့် ပတ်သက်ပေသည်။ စာစကား ပေစကား ပုဒ်မကြီးငယ် တွေကိုဖယ်၍ဖတ်ရှုလျှင် ပျင်းစရာလည်းမဟုတ်ပါ။ ကြောက်စရာလည်း မဟုတ်ပါ။ အခြေခံဥပဒေဆိုလျှင်လည်း လွတ်လပ်သော ပြည်ထောင်စုကို တည်ဆောက်ထားပုံ၊ ပြည်သူတို့၏ အခွင့်အရေးများ၊ တာဝန်များကို သတ်မှတ်ပုံ၊ နိုင်ငံ၏ မဏ္ဍိုင်များကို တည်ဆောက်ပုံတို့ကို သရုပ်ဖော်သည်။ အခြေခံဥပဒေတွင် ပြည်ထောင်စု၏ ရာဇဝင်သည် အသက်ဝင်လျက် ရှိပေသည်**"ဟု "တို့ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ" စာအုပ်(မိတ်ဆက်အမှာစာ)တွင် ရေးသားဖွင့်ဆိုသည်။

အခြေခံဥပဒေ၏ အနှစ်သာရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်၍ လွတ်လပ်သည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတို့အပေါ် ၎င်တည်ဆောက်၍ထားသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုသားတိုင်း-

- လူမှုဆက်ဆံရေး၌ တရားမျှတခြင်း
- စီးပွားရေး၌ တရားမျှတခြင်း
- နိုင်ငံရေး၌ တရားမျှတခြင်း
- လွတ်လပ်စွာ တွေးကြံနိုင်ခြင်း
- လွတ်လပ်စွာ ပြောဆိုရေးသားဖွင့်ဟနိုင်ခြင်း
- လွတ်လပ်စွာ ယုံကြည်နိုင်ခြင်း
- လွတ်လပ်စွာ ကြိုက်ရာဘာသာကို ကိုးကွယ်နိုင်ခြင်း
- လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်ခြင်း
- လွတ်လပ်စွာ စည်းရုံးနိုင်ခြင်း
- လွတ်လပ်စွာ လုပ်ကိုင်ပြုမူနိုင်ခြင်းတို့ကို ရရှိခံစားခွင့်ရှိသည်။

(တို့ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ စာမျက်နှာ-၅၉)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူတို့၏ ဆန္ဒအစစ်အမှန်ကို ဥပဒေနှင့်အညီရယူကာ အခြေခံဥပဒေကို ပြင်ဆင်နိုင်ပါမည်။ ပြည်သူ့အပေါင်း လက်လွတ်မခံ၊ ဆန္ဒအစစ်အမှန်ဖြင့် ပြည်သူတို့ကိုယ်တိုင် ပြင်ဆင်ရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် သမိုင်းမော်ကွန်းတင်ရစ်မည်

သမိုင်းက သက်သေခံပြီးပြီ။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ

တက္ကသိုလ်ဥပဒေကျောင်းသားဘဝက အလွတ်ကျက်၊ ဖတ်မှတ်ခဲ့ရသော အခြေခံဥပဒေဘာသာရပ်အကြောင်း တစ်စွန်းတစ်စ ပြန်လည်အမှတ်ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (CONSTITUTION) ဆိုသည်မှာ Organization of State (အချုပ်အခြာအာဏာပိုင်သောနိုင်ငံ)၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်သည်။ အခြေခံဥပဒေအမျိုးမျိုးခဲခြားလျှင် -

(၁) Writtten Constitution - ရေးဆွဲထားသော အခြေခံဥပဒေ
(၂) Unwritten Constitution - ရေးဆွဲမထားသော အခြေခံဥပဒေ
(၃) Rigid Constitution - ပြင်ဆင်ရန်ခက်ခဲသော အခြေခံဥပဒေ
(၄) Flexible Constitution - ပြင်ဆင်ရန်လွယ်ကူသော အခြေခံဥပဒေ

-စသည်ဖြင့် တွေ့ရသည်။

အရစ်စ်တိုတယ် (Aristotle) ၏ ဖွင့်ဆိုချက်

ရှေးခေတ်နိုင်ငံရေးသိပ္ပံပညာရှင် အရစ်စ်တိုတယ်က"**ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အုပ်ချုပ်သူအစိုးရများသို့ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းသည့် အခြေခံအကျဆုံးဥပဒေဖြစ်သည်**" ဟု ဖွင့်ဆိုသည်။

စီအက်ဖ်စထရောင်း (C.F. Strong) ၏ ရေးသားချက်

အခြေခံဥပဒေပညာရှင် စီအက်ဖ်စထရောင်းက "**ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အစိုးရ၏ အာဏာများနှင့် ပြည်သူတို့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို စုစည်းဖော်ပြထားသော အစိုးရနှင့် ပြည်သူအကြား ဆက်ဆံရေး ကောင်းမွန်စေရန် ညှိနှိုင်းသတ်မှတ်ထားသောမူများဖြစ်သည်**" ဟု ရေးသားခဲ့သည်။

လော့ဒ်ဘရိုက်စ် (Lord Bryce)၏ အဆို

လော့ဒ်ဘရိုက်စ်က "**ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အမြဲတမ်း အဖွဲ့အစည်းများအား ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်နှင့် တိကျသော လုပ်ပိုင်ခွင့်အာဏာကို ဥပဒေဖြင့် အပ်နှင်းဖော်ဆောင်ရသည့် နိုင်ငံရေး**

မြန်မာနိုင်ငံဥပဒေစနစ်

မြန်မာနိုင်ငံဥပဒေစနစ်သည် အင်္ဂလိပ်ရိုးရာဥပဒေမိသားစု (Common Law Family)တွင်ပါဝင်သည်။ ဥပဒေပြမှုအာဏာသည် ပါလီမန်တွင် တည်သည်။ တရားဥပဒေတစ်ခုသည် အခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအရ ခိုင်လုံသည်၊ မခိုင်လုံသည်ဟူသော ပြဿနာပေါ်ပေါက်နေသည့် အမှုများကို တရားလွှတ်တော်ချုပ်၏ အယူခံစီရင်ပိုင်ခွင့်အာဏာဖြင့် မစီရင်မဆုံးဖြတ်ရဟု မည်သည့်တရားဥပဒေမျိုးကိုမျှ မပြုရဟု ၁၉၄၇၊ အခြေခံဥပဒေ၊ ပုဒ်မ ၁၃၇ တွင် ဖော်ပြခဲ့သည်။

အသစ်ရေးခြင်းမဟုတ်၊ ပြင်ဆင်ခြင်း

"သတိမမူ၊ ဂူမမြင်"ဖြစ်တတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဆောင်ရွက်နေကြခြင်းသာ ဖြစ်ပါသည်။ အသစ်ရေးဆွဲနေခြင်း မဟုတ်။ ဥပဒေကြမ်း၏ အမည်အပြည့်အစုံကို ဖတ်ကြည့်ပါ။ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ဟု ဖော်ပြထားသည်။ **ပြင်ဆင်သည့်ဥပဒေကြမ်း**ပါပဲ။

ဥပဒေကြမ်းနှစ်စောင်

ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှစ်စောင်ရှိသည်။ ပထမဥပဒေကြမ်း (၁၁-၆-၂၀၁၅)တွင် ပုဒ်မ(၅)ခုပါသည်။အများပြည်သူ စိတ်ဝင်စားသည့် ပုဒ်မ ၅၉ နှင့် ပုဒ်မ ၄၃၆ အကြောင်းဖော်ပြသည်။ ကျယ်ကျယ်ပြန့်ပြန့် အကြံပြုနိုင်ကြသည်။ဒုတိယမူကြမ်း(၁၂-၆-၂၀၁၅)တွင် ပုဒ်မပေါင်း ၃၀ ပါရှိသည်။ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့်လုပ်ငန်းများ ဖြည့်စွက်ထားသည်။ ပြည်ထောင်စုအဆင့်မှ တိုင်း/ပြည်နယ်အဆင့်သို့ ဥပဒေပြုခွင့် ခွဲဝေတိုးမြှင့်စေခြင်းဟု လေ့လာစစ်နိုင်ပါမည်။ လိုတိုးပိုလျှော့သုံးသပ်မှု ပြုနိုင်ကြပါမည်။ အကြံပြုနိုင်ပါမည်။

ဇယား ၁ နှင့် ၂

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)တွင် ဇယား ၁ နှင့် ၂ ရှိသည်။ ဇယား ၁ မှာ ပြည်ထောင်စုဥပဒေပြုစာရင်း(ပုဒ်မ ၉၆ ကို ရည်ညွှန်းသည်)ဖြစ်သည်။ ဇယား ၂ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း(ပုဒ်မ ၁၈၈ ကို ရည်ညွှန်းသည်)ဖြစ်သည်။ မည်သို့ ပြင်ဆင်သင့်ပါသလဲ။ တိုင်း/ပြည်နယ်မှ ပြည်သူများက ပို၍လက်တွေ့ကျကျ ဝေဖန်သုံးသပ် အကြံပြုနိုင်ကြမည်။ အခြေခံဥပဒေ၏ အနှစ်သာရကို ရယူဖော်ထုတ်တတ်ကြပါစေဟုသာ ဆုမွန်ခွေပါရစေ။

အခြေခံဥပဒေပြင်ဆင်ခြင်းနည်းလမ်း

ပြင်ဆင်ခြင်းနည်းလမ်းကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပေဒ ပုဒ်မ ၄၃၃ တွင်-

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုပါက အောက်ပါ ဖော်ပြချက်များ အတိုင်း ပြင်ဆင်နိုင်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်တင်သွင်းသော အဆိုကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်။
(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများမပါစေရ ဟူ၍ ပြဋ္ဌာန်းထားသည်။

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး

အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းကြီးသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာ ရောက်ပါသည်။ အဘယ့်ကြောင့်နည်း။ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၄(ဇ)အရ "ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်သော လူဦးရေရရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် မိမိတို့ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားခြင်းကြောင့် ဖြစ်ပါသည်။ တည်ဆဲဥပဒေဖြစ်ပါသည်။

ပြင်ဆင်မည့်အချက်များ

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့်ကော်မတီများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်း၊ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများခန့်အပ်တာဝန်ပေးအပ်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ရွေးချယ်တာဝန်ပေးအပ်ခြင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားသူကြီးများခန့်အပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များခန့်အပ်ခြင်း အပါအဝင် ပြည်သူ့ရေးရာ၊ ဘဏ္ဍာရေးရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်လျှပ်စစ်၊ စက်မှုလက်မှု၊ စီမံခန့်ခွဲရေးရာကိစ္စရပ်များ စသည်စသည်ဖြင့် ပြင်ဆင်မည့်အချက်များကို ဥပဒေမူကြမ်းများတွင် ဖော်ပြပြီးဖြစ်ပါသည်။ ပြည်သူများ သိရှိလေ့လာ အကြံပြုရန်တာဝန်ရှိပါသည်။ ပိုင်းခြားစိစစ်သုံးသပ်နိုင်မည်လည်း ဖြစ်ပါသည်။ အသေးစိတ်ဖတ်ရှုလေ၊ အကြံပြုစရာတွေ များလေလေဖြစ်ပါသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူတို့၏ ဆန္ဒအစစ်အမှန်ကို ဥပဒေနှင့်အညီရယူကာ အခြေခံဥပဒေကို ပြင်ဆင်နိုင်ပါမည်။ ပြည်သူ့အပေါင်း လက်လွတ်မခံ၊ ဆန္ဒအစစ်အမှန်ဖြင့် ပြည်သူတို့ကိုယ်တိုင် ပြင်ဆင်ရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေအဖြစ် သမိုင်းမော်ကွန်းတင်ရစ်မည် ဖြစ်ပေသည်။

ပြည်သူ့အသံ လွှတ်တော်အသံ

အထူးအားဖြင့် ပြည်သူတို့ ရွေးကောက်တင်မြှောက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည်လည်း "**ပြည်သူ့အသံ၊ လွှတ်တော်အသံ**" "**ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ**"စသည့် ဆောင်ပုဒ်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အလေးပေးဆောင်ရွက်ကြမည်ဟု ယုံကြည်သည်။ ကိုယ်ကျိုးမဖက်၊ တိုင်းပြည်အတွက်ပါ။

ဥပဒေပညာရှင်ဖြစ်မှ

"ဥပဒေပညာရှင်ဖြစ်မှ ဥပဒေရေးဆွဲတတ်သည်" ဟူသော အယူအဆကို စွန့်လွှတ်စေလိုသည်။ ဥပဒေပညာရှင်မဟုတ်သော်ငြား နိုင်ငံရေးရာ၊ ပြည်သူ့ရေးရာအဖြာဖြာကို ပြည်သူတို့သိကြသည်။ နားလည်ကြသည်။ နိစ္စဓူဝ တွေ့ကြုံကြလေ့ရှိသည်။ ဥပဒေပုဒ်ထီး ပုဒ်မများတင်ပြရန်မလို။ အချက်အလက်များ၊ ဆန္ဒများ၊ ဘဝများကိုသာ တင်ပြရန်ဖြစ်သည်။ အချက်အလက်များသည် ဥပဒေများဖြစ်လာမည်။ လုပ်ထုံးလုပ်နည်းများကို ပညာရှင်များက ဆောင်ရွက်ကြမည်။ ပြည်သူ့ဆန္ဒ ဝိုင်းလုပ်ကြမည်။

နိုင်ငံသားများထံမှ ဆင်းသက်

"**နိုင်ငံတော် အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ခန်းလုံး၌ တည်သည်**"ဟူသော အခြေခံမူကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၄ တွင် ဖော်ပြပြဋ္ဌာန်းထားသည်။ နိုင်ငံသားပြည်သူ့အပေါင်း၏ ဆန္ဒအစစ်အမှန်၊ အမြင်အမျိုးမျိုးဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းများအား လေ့လာအကြံပြုသင့်ကြပါကြောင်း. . . ။

တင်ပြချက်

(၁) အခြေခံဥပဒေပြင်ဆင်ရေး၊ တက်တက်ကြွကြွ အကြံပေး။
(၂) ပြည်သူ့ဆန္ဒ ရေးဆွဲကြ၊ ရေရှည်လှုပ် အုတ်မြစ်ချ။

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၃။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) ကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁) တွင် ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၅၅တို့တွင် ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်းအစားထိုးရမည်-
"(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၄။)
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) ကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ်(၁) တွင် ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -
"(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည် -
"(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -
"(က) မဲဆန္ဒနယ်တစ်နယ်၏မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရာ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျင်းပရာ **(ယာပုံ)** ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ဥပဒေကြမ်း (၄)ခုအား မှတ်တမ်းတင်ခြင်း၊ ရေကူးအသံလွှင့်ရုံ ဝင်းမြေနေရာစီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **မြန်မာနိုင်ငံတမ်းကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** တို့အား လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ယင်းနောက် **ရေကူးအသံလွှင့်ရုံဝင်းမြေနေရာ စီမံကိန်းကိစ္စ အရေးကြီးအဆို ဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြန်ကြားချက်**နှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်ရှင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ယင်းစီမံကိန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းစီမံကိန်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းဆွေးနွေးချက်များကို လွှတ်တော်တွင် မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရာ လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုးက အမျိုးသားလွှတ်တော်က တင်ပြထားသည့် ပညာရေးဥပဒေကြမ်းတွင် သင်ယူသူများ အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်များနှင့် စဉ်းစားတွေးခေါ် မြော်မြင်မှုများ ရရှိစေပြီး လက်တွေ့ဘဝနှင့် ကိုက်ညီမှုရှိသည့် သင်ရိုးညွှန်းတမ်းများဖြစ်ပေါ်စေရေးသည် လက်တွေ့ကျသည့် ပညာရေးစနစ် အကောင်အထည်ဖော်ရန် အရေးကြီးသည့် အချက်တစ်ချက်လည်းဖြစ်ပါကြောင်း၊ နှုတ်တိုက် အလွတ်ကျက်စနစ်ဖြစ်သည့် လက်ရှိစာမေးပွဲစနစ်များမှ ရုန်းထွက်ရန် အရေးကြီးပါကြောင်း၊ မူလတန်း၊ အလယ်တန်း မသင်မနေရ ပညာရေးတွင် ကျေးလက်ဒေသများ၌ စိုက်ပျိုးမွေးမြူရေးဗဟုသုတရရှိရန်နှင့် မြို့ပြများ၌ ဘဝတစ်လျှောက်လုံးအသုံးချနိုင်မည့် အသက်မွေးဝမ်းကျောင်းပညာများကို ကျောင်းနေအရွယ်ကပင် သင်ကြားပေးသွားရန် လိုအပ်ပါကြောင်း၊ ထို့အတူ တိုင်းရင်းသားများအတွက် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် သင်ကြားပေးမည်ဆိုပါက အဆင်မပြေနိုင်ပါကြောင်း၊ ထို့အတွက် ပညာရေး သင်ရိုးညွှန်းများရေးဆွဲသည့်အခါ တိုင်းရင်းသားဘာသာဖြင့် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် တိုင်းရင်းသားပညာရှင်များ၏ အကူအညီဖြင့် ရေးဆွဲပြဋ္ဌာန်းသွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးတင်ယုက သင်ယူသူများ၏ ဘဝတစ်လျှောက်လုံး အသုံးဝင်သည့် အသိပညာ၊ အတတ်ပညာ စွမ်းရည်များနှင့် စဉ်းစားမြော်မြင်မှုများရရှိစေပြီး လက်တွေ့ဘဝနှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများ ဖြစ်စေရေးကို အမျိုးသားလွှတ်တော်က အတည်ပြုထားသော်လည်း ပြည်သူ့လွှတ်တော်နှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီက ပယ်ဖျက်ထားပါကြောင်း၊ ယခုလိုပယ်ဖျက်သည့် အတွက် ပညာရေးသင်ရိုးညွှန်းတမ်း၏ အဓိကစံနှုန်းကိုပယ်ဖျက်ရာရောက်သည့်အတွက် ပညာရေးအဆင့် အတန်းကို ထိခိုက်နိုင်ပါကြောင်း၊ ထို့ကြောင့် ပညာရေးသင်ရိုးညွှန်းတမ်း စံနှုန်း ပြည့်စုံကောင်းမွန်စေရန်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုထားသည့်အတိုင်း အတည်ပြုပေးပါရန် ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက အမျိုးသားလွှတ်တော်မှ အတည်ပြုထားသည့် ဥပဒေကြမ်း၏ ပုဒ်မ(၂၇)အရ ဖွဲ့စည်းသောကော်မတီဆိုသည်မှာ တက္ကသိုလ်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းနိုင်သည့် အဆင်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဆိုလိုပါကြောင်း၊ တက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်ပါက တက္ကသိုလ်ကောင်စီအချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်ရန် အဆင်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ ပညာရေးဥပဒေတွင် ပြဋ္ဌာန်းပေးရမည်ဟု ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ ယခုလို ထည့်သွင်းရေးဆွဲထားခြင်းသည် နောင်ဖြစ်ပေါ်လာမည့် ဆက်စပ်ဥပဒေများအတွက် အထောက်အကူဖြစ်စေရန် ဖြစ်ပါကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**

မြန်မာ-ဂျာမနီ တပ်မတော်နှစ်ရပ်အကြား ဖြစ်နိုင်သည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်

နေပြည်တော် ဇွန် ၁၈

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian-Ludwing Weber- Lortsch အား ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိပိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂျာမနီနိုင်ငံသည် သမိုင်းတစ်လျှောက် မိတ်ဆွေကောင်းအနေဖြင့် ကူညီပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ စစ်ဘက်ဆိုင်ရာ ကောင်းမွန်သည့် ဆက်ဆံရေးရှိခဲ့ပြီး မှန်ကန်သည့် မိတ်ဆွေဟု ခံယူပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြားဖြစ်နိုင်သည့်နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဧည့်သည်တော်သံအမတ်ကြီးက ယခင်က တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးရှိခဲ့ပါကြောင်း၊ အနာဂတ်စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် စစ်ဘက်သံတမန်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံသည် တစ်ခုတည်းသော တပ်မတော်ရှိပြီး Federal State သွားနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့်နိုင်ငံရေးပိုင်း ဆောင်ရွက်မှုများလည်း ရှိခဲ့ပါကြောင်း၊ မတူကွဲ ပြားသည့် တိုင်းရင်းသားများကြားတွင် ဆောင်ရွက်ရသည့် အခက်အခဲများကို နားလည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေး မရသေးမီ တပ်မတော်အနေဖြင့် နိုင်ငံရေး၊ အသိုင်းအဝိုင်းမှ ထွက်သွား၍ မရနိုင်သည့်အခြေအနေကို နားလည်ပါကြောင်း။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များတွင် တတ်နိုင်သမျှ ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံသည် နိုင်ငံ၏ပကတိအခြေအနေနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် သွားနေကြောင်း၊ တပ်မတော်အနေဖြင့် အမျိုးသားရေးအရ၊ နိုင်ငံတော်ကာကွယ်ရေးအရ၊ မှန်ကန်သောလမ်းကြောင်းပေါ်တွင် သွားရန်ဆန္ဒရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။ **(မြဝတီ)**

ရခိုင်ပြည်နယ် လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်စာတမ်းများသို့ မြန်မာနှင့် ဥရောပသမဂ္ဂပါဝင်မှုကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၁၈

မြန်မာ-ဥရောပသမဂ္ဂ ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၁၈ ရက်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က လည်းကောင်း၊ ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ စတဗ်ရိုစ် လမ်ဘာရီနီးဒီးစ်ကလည်းကောင်း အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ သမ္မတရုံး ဒုတိယဝန်ကြီး ဦးတင်ဦးလွင်တို့ ရိုလန်ကိုဘီတို့က ပူးတွဲသဘာပတိ ပိုင်ဆိုင်မှုအခွင့်အရေး၊ မြေထဲပင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန တက်ရောက်ကြသည်။

ဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီတို့က ပူးတွဲသဘာပတိ ပိုင်ဆိုင်မှုအခွင့်အရေး၊ မြေထဲပင်များအဖြစ် ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့၏ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များဖြစ်သော အလုပ်သမားအခွင့်အရေး၊ မြေယာ သမဂ္ဂနိုင်ငံများရှိ ရိုးမားလူမျိုးများ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ် လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်စာတမ်းများသို့ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့မှ ပါဝင်မှုများ၊ နိုင်ငံတကာ မျက်နှာစာများတွင် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်မြို့ရှိ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံး၊ ချက်သမ္မတနိုင်ငံ၊ ပြင်သစ်၊ စပိန်၊ ဘယ်လ်ဂျီယံနှင့် နယ်သာလန်သံရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်ထဲရေးရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ ပါဝင်တက်ရောက်ကြသည်။

(သတင်းစဉ်)

အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်၍ ကျွမ်းကျင်လုပ်သားလိုအပ်ချက် ဖြည့်ဆည်းရေးဆွေးနွေးညှိနှိုင်း

နေပြည်တော် ဇွန် ၁၈

နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက လက်ရှိလုပ်သားစျေးကွက်တွင် လိုအပ်နေသော ကျွမ်းကျင်လုပ်သားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်သွားရန်နှင့် ယင်းသင်တန်းများအတွက် ကျွမ်းကျင်ဆရာများ လေ့ကျင့်မွေးထုတ်ပြီး လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်အောင် သင်ကြားလေ့ကျင့်ပေးရေး၊ လုပ်ငန်းအမျိုးအစားအလိုက် ကျွမ်းကျင်လုပ်သား လေ့ကျင့်မွေးထုတ်ရေး၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပဋိဂ္ဂလိကကဏ္ဍ နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက နိုင်ငံ၏ လူစွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် သင်တန်းဆရာလိုအပ်ချက် ဖြည့်ဆည်းရေး အစီအမံများကို ဦးစွာရေးဆွဲ အကောင်အထည်ဖော်ရန်နှင့် နည်းပညာအထက်တန်းကျောင်းများတွင် ဒေသလိုအပ်ချက်နှင့်အညီ နည်းပညာနှင့် သက်မွေးပညာများ သင်ကြားပေးနိုင်ရန် အမြန်ဆုံး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မြန်မာနိုင်ငံ၌ လက်ရှိအချိန်တွင် ကျွမ်းကျင်လုပ်သား ရှားပါးမှုပြဿနာဖြင့် ကြုံတွေ့နေရကြောင်း၊ အဓိကအားဖြင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ထိရောက်စွာ တိုးချဲ့ဖွင့်လှစ်သွားရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာန တစ်ခုချင်းစီ ဆောင်ရွက်နေခြင်းထက် စုပေါင်းဆောင်ရွက်ခြင်းဖြင့် ထိရောက်အောင်မြင်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ဝင်များ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် အစိုးရစက်မှုလက်မှု သိပ္ပံကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးမြင့်နောင်အား ဟယ်လင်းနစ် သံအမတ်ကြီးအဖြစ်ပူးတွဲခန့်အပ်

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြော

လယ်ဝေး ဇွန် ၁၈

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ မူလတန်းကြိုကလေးများ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် မိဘများအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း၌ ကျင်းပခဲ့ရာ မိခင်နှင့်ကလေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၏ မိခင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုက အမှာစကားပြောကြားပြီး ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာစုစုထွန်းက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော၍ မူလတန်းကြို ကလေး ၄၀ ကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အားဆေးများပေးအပ်ခြင်း၊ ကိုယ်အလေးချိန် ချိန်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး လက်ဆေးနည်းအဆင့်ဆင့်ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက္ကံ)**

ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် မဲပေးရေးအစီအစဉ်များတွင် မသန်စွမ်းသူများ ပိုမိုပါဝင်ခွင့်ရရှိလာရေးဆွေးနွေး

နေပြည်တော် ဇွန် ၁၈

ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် မဲပေးရေးအစီအစဉ်များတွင် မသန်စွမ်းသူများ ပိုမိုပါဝင်ခွင့်ရရှိလာရေး ဒုတိယအကြိမ်မြောက် ဆွေးနွေးပွဲကို နေပြည်တော်ရှိ Sky Palace ဟိုတယ်၌ ယနေ့ညနေ ၆ နာရီခွဲတွင် ကျင်းပခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ အမှာစကား ပြောကြားသည်။ ၄င်းဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ NGO များ၊ IFES မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ သဘောတူစာချုပ်၏ အပိုဒ် ၂၉(က)တွင် "မသန်စွမ်းသူများ အခြားသူများနည်းတူ နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များ၌ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ကို လွတ်လပ်စွာ ရွေးချယ်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှု သေချာအောင် ဆောင်ရွက်ပေးရမည်။ ယင်းတို့တွင် မသန်စွမ်းသူများ၏ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့် ရရှိမှု သေချာစေရေးအတွက် ဆောင်ရွက်ရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မသန်စွမ်းသူများ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့် ရရှိရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး မသန်စွမ်းသူများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် ၂၀၁၃ ခုနှစ် မဟာဗျူဟာစီမံကိန်းရေးဆွဲရာတွင်လည်း အခန်း(၆)နှင့် အခန်း (၉)တွင် မသန်စွမ်းသူများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၌ ပါဝင်မှုမြှင့်တင်နိုင်ရန် ကဏ္ဍာတစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးများသို့လည်း မသန်စွမ်းသူ အဖွဲ့အစည်းများကို ဖိတ်ကြားတက်ရောက်စေပြီး လိုအပ်သောအကြံပြုဆွေးနွေးမှုများကို ဆောင်ရွက်စေခဲ့ပါကြောင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့် လိုအပ်ချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက် ရှိပါကြောင်း၊ လွှတ်တော်ရွေးကောက်ပွဲများ၏ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များအား ပြန်လည်လေ့လာပြင်ဆင်ရာတွင် မသန်စွမ်းသူများ၏အဓိပ္ပာယ် ဖော်ပြချက်၊ မဲစာရင်းပြုစုရာတွင် မသန်စွမ်းသူများကိုပါ ထည့်သွင်းပြုစုရေး၊ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရေး၊ မဲရုံများတည်ဆောက်ရာတွင် မသန်စွမ်းသူများ လွယ်ကူစွာမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရေး၊ ဆန္ဒမဲပေးရာတွင်လည်း ၎င်းတို့ကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးနိုင်ရေးတို့ကို ပြင်ဆင်ထည့်သွင်းရေးဆွဲခဲ့ပါကြောင်း။

ကော်မရှင်အနေဖြင့် မသန်စွမ်းသူများဆန္ဒမဲပေးရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန် စဉ်းစားဆောင်ရွက်လျက် ရှိပါကြောင်း၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့တွေ့ဆုံသည့် အစည်းအဝေးများတွင် မသန်စွမ်းသူများ မဲစာရင်းကို သီးခြားပြုစုနိုင်ရေး၊ မသန်စွမ်းသူဦးရေများသည့် ဒေသများတွင် မဲရုံသီးသန့်တည်ဆောက်နိုင်ရေးတို့ကို ညွှန်ကြားလျက် ရှိပါကြောင်း၊ မျက်မမြင်မသန်စွမ်းသူများအတွက် မျက်မမြင်စာပေဖြင့် မဲလက်မှတ် ရိုက်နှိပ်နိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မသန်စွမ်းသူများ ရွေးကောက်ပွဲတွင် ပိုမိုပါဝင်လာစေရန် အလေးထားဆောင်ရွက်နေပါကြောင်းနှင့် မသန်စွမ်းသူအဖွဲ့အစည်းများအနေဖြင့် လိုအပ်ချက်များရှိပါက တင်ပြဆွေးနွေးနိုင်ပါကြောင်း၊ နိုင်ငံတကာ အထောက်အကူပြု အဖွဲ့အစည်းများအနေဖြင့်လည်း မသန်စွမ်းသူများ တိုးမြှင့်ပါဝင်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ကူညီကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့သော စံပြမဲရုံများဖြစ်ပေါ်လာရေး၊ မျက်မမြင် မသန်စွမ်းသူများအတွက် မဲလက်မှတ်ပုံစံ အကြားအာရုံချို့တဲ့သည့် မသန်စွမ်းသူများနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အဆင်ပြေနိုင်မည့် မဲရုံပုံစံ၊ မဲရုံများတွင် နားမကြားသူများအတွက် သင်္ကေတပိုစတာများ ကပ်ထားပေးရေး ဉာဏ်ရည်မသန်စွမ်းသူများ အဆင်ပြေစွာ မဲပေးနိုင်ရေး စသည်ဖြင့် တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

ယင်းနောက် မသန်စွမ်းသူနိုင်ငံသားများ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် မဲပေးရေး အစီအစဉ်များတွင် ပိုမိုပါဝင်ခွင့်ရရှိလာနိုင်ရေးအတွက် မသန်စွမ်းအဖွဲ့အစည်းများ၏ ရှေ့ဆောင်အဖွဲ့မှ ဦးနေလင်းစိုးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အောင်ချက်အကောင်းဆုံးကျောင်းနှင့် မြို့နယ်များအား ဂုဏ်ပြုဆုများပေးအပ်

နေပြည်တော် ဇွန် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် အောင်ချက် အကောင်းဆုံးမြို့နယ်များအား ဂုဏ်ပြုဆုပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၌ ကျင်းပသည်။

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွှန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့် ခြောက်ဘာသာ ဂုဏ်ထူးရှင် မအေးချမ်းဖြိုးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်ပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက္ကသိုလ်ဝင်စာမေးပွဲသည် အခြေခံပညာကျောင်းသား ကျောင်းသူများ၏ ဘဝလမ်းခွဲကို အဓိက အဆုံးအဖြတ်ပေးသည့် နေရာဖြစ်ပါကြောင်း၊ တက္ကသိုလ်တွင် စာမေးပွဲအောင်မှတ်သည် ကျောင်းသား၊ ကျောင်းသူများ၏ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်၊ ကောလိပ်စသည်တို့ကို ခွဲခြားပေးသည့် နေရာဖြစ်ပါကြောင်း၊ ယခုစာမေးပွဲ အောင်မြင်ခဲ့ကြသည့် ကျောင်းသားလူငယ်များ အပေါ်လည်း ရရှိနေသည့်ပညာရေးအရှိန်ကို ဆက်လက်ထိန်းသိမ်းသွားပြီး နိုင်ငံတော်အတွက် အားကိုးအားထားရသည့် ပညာတတ်လူငယ်များ ဖြစ်လာစေရေး အဆင့်မြင့်ပညာရပ်များကို ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၄ ခုနှစ်တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း အောင်ချက်အကောင်းဆုံး ဆုရရှိခဲ့သည့် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဒိုင်းဆုကို ပြန်လည်အပ်နှံရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ခြောက်ဘာသာဂုဏ်ထူးဆုရှင် ခုနစ်ဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ငါးဘာသာ၊ လေးဘာသာ၊ ဂုဏ်ထူးရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင်ခုနစ်ဦး၊ ငါးဘာသာ ၃၁ ဦး၊ လေးဘာသာ ၉၀၊ သုံးဘာသာ ၈၅ ဦး၊ နှစ်ဘာသာ ၁၄၂ ဦး၊ တစ်ဘာသာ ၆၄၂ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၉၇၉ ဦးရှိပြီး ရိုးရိုး အောင်မြင်သူ ၄၀၂၅ ဦးရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

* ကျောမုံးမှ

မြို့နယ်တွင် နှစ်ခု၊ ပြင်စလူမြို့နယ်တွင် ၁၉ ခု၊ ဟိုင်းကြီးကျွန်းတွင် ခြောက်ခု၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် တစ်ခု၊ ဖျာပုံမြို့နယ်တွင် တစ်ခု၊ ဘိုကလေးမြို့နယ်တွင် ၁၀ ခု၊ ဒေးဒရဲမြို့နယ်တွင် သုံးခု၊ ငပုတောမြို့နယ်တွင် သုံးခု ထပ်မံတည်ဆောက်ပေးရန်အတွက် လျာထားကြောင်း သိရသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ Cyclone Shelter ၅၄ လုံး တည်ဆောက်ထားရှိပြီးဖြစ်သည့်အပြင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်သို့ ဒုတိယသမ္မတ ဦးဥာဏ်ထွန်း ရောက်ရှိခဲ့စဉ်က ဒေသခံပြည်သူများက တောင်းဆိုခဲ့သဖြင့် ပင်လယ်ကမ်းစပ်ဒေသတစ်ခုဖြစ်သည့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ချောင်းငြကြီးကျေးရွာအုပ်စု ဇီးဖြူရွာမတွင် Cyclone Shelter တစ်ခု တည်ဆောက်ပေးလျက်ရှိရာ ဇွန်လအကုန်တွင် ပြီးစီးမည်ဖြစ်သည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ သဘာဝဘေးဒဏ်ကာကွယ်ဖို့ Cyclone Shelter တွေ ထပ်မံတည်ဆောက်ပေးဖို့ လျာထားဆောင်ရွက်နေသလို တစ်ဖက်မှာလည်း ဒေသခံပြည်သူတွေ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတတွေ သိရှိဖို့နဲ့ သဘာဝဘေး ရုတ်တရက်ကျရောက်လာခဲ့ရင် ပြည်သူတွေအနေဖြင့် ကြိုကြိုခံ ရင်ဆိုင်နိုင်ဖို့အတွက် အခုထဲက ကြိုတင်၍ အသိပညာပေးဟောပြောပွဲတွေ၊ သင်တန်းတွေ၊ ဒေသခံ ပြည်သူတွေကိုယ်တိုင် ပါဝင်လေ့ကျင့်နိုင်တဲ့ သဘာဝဘေး သရုပ်ပြ လေ့ကျင့်ခန်းတွေကို လည်း ကျွန်တော်တို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့် အထိ သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီများဖွဲ့စည်းပြီး ကျေးရွာများအထိ သွားရောက် ပြုလုပ်ပေးလျက်ရှိပါတယ်" ဟု တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူး ဦးသန်းစိုးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသသည် မိုးများပြီး မြစ်ချောင်းများ ပေါများသည့်အပြင် ပင်လယ်နှင့်နီးသည့် ဒေသတစ်ခုလည်းဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်း ဒဏ်သင့်ဒေသတစ်ခုဖြစ်ရာ Cyclone Shelter များအား လျာထားချက်အတိုင်း ထပ်မံ တည်ဆောက်ပေးမည့်အချိန်ကို ဒေသခံပြည်သူများက ဝမ်းသာမျှော်လင့်နေကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

တယ်ပင်ဆိပ်ကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ၌ တည်ဆောက်ထားသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ။

စီအယ်လ်အမ်ဗွီနှင့်အက်မက်စ် ထိပ်သီးအစည်းအဝေးကြီးများ ကျင်းပတော့မည်

နိုင်ငံ၏ပုံရိပ်ကောင်းတစ်ခုဖြစ်သည့် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို-မြန်မာ-ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် အဆိုပါလေးနိုင်ငံအပါအဝင် ထိုင်းနိုင်ငံပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ နှင့် ၂၃ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနနှ၌ လက်ခံကျင်းပတော့မည်ဖြစ်သည်။

မင်းမင်းဇော်(သတင်းစဉ်)

သန့်ရှင်းသည့်အစိုးရ၊ ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းတို့သည်ပင်လျှင် ပွင့်လင်းမြင်သာသည့် ခေတ်စနစ်၏စစ်မှန်သည့် ပုံရိပ်ကောင်းများ၊ တိုးတက်မြင့်မားလာသည့် နိုင်ငံရေးစနစ်သစ်၏ သွင်ပြင်လက္ခဏာများပင် မဟုတ်ပါလော။

"ကုန်သွယ်ရေးနှင့်စီးပွားရေးရင်းနှီးမြှုပ်နှံမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ စိုက်ပျိုးရေးနှင့်စက်မှုစွမ်းအင်၊ သတ္တုရှာဖွေရေး၊ ရေအားလျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းအဖြစ် လေးနိုင်ငံခရီးစဉ်စသည့် ကဏ္ဍများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေးများကို ယခင်က သီးခြားစီကျင်းပခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှစတင်၍ပူးတွဲကာ တစ်ဆက်တစ်စပ်တည်းကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုထိပ်သီးအစည်းအဝေးကြီးများနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရန် မိမိတို့၏ သတ်မှတ်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရမည်ဖြစ်ပါကြောင်းဖြင့် (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ- ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် အဆိုပါလေးနိုင်ငံအပါအဝင် ထိုင်းနိုင်ငံပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ပုဂံမြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အက်မက်စ်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပုဂံကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အက်မက်စ်သို့ ဗီယက်နမ်နိုင်ငံ ပါဝင်လာခြင်းဖြင့် အဖွဲ့ဝင်ငါးနိုင်ငံ ရှိလာခဲ့ပြီဖြစ်သည်။

ပထမအကြိမ် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ၌ကျင်းပခဲ့ပြီး CLMV အင်္ဂလိပ်အက္ခရာစဉ်အရ ၂၀၀၅ ခုနှစ်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လည်းကောင်း၊ တတိယအကြိမ် ၂၀၀၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ လည်းကောင်း အသီးသီးကျင်းပခဲ့ကြသည်။

(၇) ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ-ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် အဆိုပါလေးနိုင်ငံအပါအဝင် ထိုင်းနိုင်ငံပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖယား- မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများတွင် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ စီအယ်လ်အမ်ဗွီ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီး အစည်းအဝေး၊ အက်မက်စ်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ အက်မက်စ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၆) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံအကြီးအကဲများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏တွေ့ဆုံပွဲတို့ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)ကကြီးမှူး၍ အက်မက်စ်စီးပွားရေးဖိုရမ်ကို Kempinski ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါထိပ်သီးအစည်းအဝေးကြီးများနှင့် ဆက်စပ်အစည်းအဝေးများအပြီးတွင် မြန်မာနိုင်ငံအနေဖြင့် CLMV JOINT STATEMENT , NAY PYI TAW DECLARATION နှင့် PLAN OF ACTION ၂၀၁၆ - ၂၀၁၈ ထုတ်ပြန်ကြေညာနိုင်ရေးတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ဂုဏ်၊ နိုင်ငံ၏သိက္ခာ ပိုမိုမြင့်မားစေရေးအတွက် နိုင်ငံ့ပုံရိပ်တစ်ခုဖြစ်သည့် (၇) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် အဆိုပါလေးနိုင်ငံအပါအဝင် ထိုင်းနိုင်ငံပါဝင်သည့် (၆) ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖယား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ထိပ်သီးအစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၊ ထိပ်သီးအစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီ၊ အစည်းအဝေးကျင်းပရေး၊ သံတမန်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရေး၊ ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေး၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး စသည့်ဆပ်ကော်မတီများဖွဲ့စည်း၍ ဘက်စုံထောင့်စုံ ကဏ္ဍစုံရှုတောင့်မျိုးစုံမှ အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိနေပါကြောင်း။ ။

ပထမအကြိမ် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်တွင် လာအိုနိုင်ငံ၌ကျင်းပခဲ့ပြီး CLMV အင်္ဂလိပ်အက္ခရာစဉ်အရ ၂၀၀၅ ခုနှစ်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လည်းကောင်း၊ တတိယအကြိမ် ၂၀၀၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ လည်းကောင်း

Idea Platform for Successful Business Training သင်တန်းတက်ရောက်လိုသူများ စာရင်းပေးနိုင်

နေပြည်တော် ဇွန် ၁၈

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် ကရင်ပြည်နယ် ဘားအံမြို့ရှိ SME လုပ်ငန်းရှင်များနှင့် လုပ်ငန်းစတင်တည်ထောင်လိုသူများအား AEC ဝင်ရောက်ချိန်တွင် ၄င်းတို့လုပ်ငန်းကို ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် လုပ်ငန်းတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် အသိဉာဏ်ရရှိစေရန်ရည်ရွယ်၍ ဂျာမနီနိုင်ငံ FNF အဖွဲ့အစည်း နှင့် ပူးပေါင်းပြီး Idea Platform for Successful Business Training သင်တန်းကို ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိ ဘားအံမြို့ရှိ Grand Hill Hotel ၌ ကျင်းပမည်ဖြစ်သည်။

၄င်းသင်တန်းတွင် MHR Training School မှ Principal ဖြစ်သူ ပါမောက္ခ ဦးအေးကျော်အပါအဝင် ပြည်တွင်းပညာရှင်များက ဆွေးနွေးပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားရှိ တက်ရောက်လိုသော လုပ်ငန်းရှင်များ အနေဖြင့် ဒေါ်မူမူအေး၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၁-၈၆၀၃၈၂၇၊ ဖက်စ်-၀၁-၅၄၆၀၅၁ (e-mail; smeyangon@gmail.com)၊ ဦးသီဟဇော်၊ ဌာနခွဲမှူး ဖုန်း-၀၁-၈၆၀၃၈၂၆၊ ဖက်စ်-၀၁-၅၄၆၀၅၁ (e-mail; smeyangon@gmail.com) အမှတ် (၃၅-ဘီ/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့တို့ထံ ဇွန် ၃၀ ရက်နေ့ နောက်ဆုံးစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ထူးချွန်မသန်စွမ်းသူများ ဆုချီးမြှင့်ခြင်းနှင့်အထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲကျင်းပ

မန္တလေး ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(မန္တလေး)တို့ကြီးမှူး၍ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(မန္တလေးတိုင်းဒေသကြီးရုံး) ငါးနှစ်ပြည့်နှစ်ပတ်လည်နေ့နှင့် အလျှောင်ပေးအပ်ခြင်း၊ ထူးချွန်မသန်စွမ်းဆုရရှိသူများနှင့် ဆုရအားကစားသမားများအား ဂုဏ်ပြုခြင်း၊ မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများ ပေးအပ်လျှဒါန်းပွဲကို ဇွန် ၁၇ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းရုံးချုပ်ဥက္ကဋ္ဌ ဦးမြတ်ဦးက နှုတ်ဆက်စကားပြောကြားပြီး မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများ၊ မသန်စွမ်းကျောင်းသား၊ ကျောင်းသူများ၊ ထူးချွန်မသန်စွမ်းဆုရရှိသူနှင့် ဆုရအားကစားသမားများကို ဂုဏ်ပြုပစ္စည်းများနှင့် ချေးငွေများထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလျှုရှင်များမှ အလျှုငွေများ လျှုဒါန်းရာ မန္တလေးအသင်းရုံးဥက္ကဋ္ဌက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး မန္တလေးအသင်းရုံး ဘဏ္ဍာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသင်းရုံးပေါင်း ၂၀ကျော် ဆောင်ရွက်ထားနိုင်ပြီး အသင်းဝင်ပေါင်း ၇၀၀၀ ကျော်ရှိကြောင်း အသင်းရုံးချုပ်ဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ရန်ကုန်မြို့ကို ရန်ကုန်မြစ်အတွင်း တစ်နေရာမှ ဤသို့တွေ့ရသည်။

*** ရှေ့ဖုံးမှ**

ရန်ကုန်ဘူတာကြီးရှိ စာအုပ်ဆိုင်၌ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ နေပြည်တော်သို့ စတင်ပြောင်းရွှေ့ချိန်တွင် ရန်ကုန်ကိုလွမ်းလျစိတ်ဖြင့် ခရီးလမ်းတစ်လျှောက်လုံးဖတ်ရှုခဲ့ရာ ကနဦး ဖတ်ရှုစမှာပင် လက်ကမချနိုင်ဖြစ်ခဲ့ရသည်။

ထိုစာအုပ်က လွန်ခဲ့သော ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလက တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး စာပေနယ်တွင် ဆင်ကလောင်ကြီးများဖြစ်ကြသည့် မောင်သိန်းဆိုင်၊ ချစ်စံဝင်း၊ နတ်နွယ်၊ တက္ကသိုလ်စိန်တင်၊ မောင်ဝဏ္ဏ၊ မောင်ဝံသ၊ မောင်မိုးသူ၊ ဌေးမောင်စသည့် ဆရာကြီးများခံစားရေးသားခဲ့သည့် ဆောင်းပါးနှင့်အက်ဆေး ၁၈ ပုဒ်ပါဝင်သည်။

"မြို့ပြများတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးအခွင့်အလမ်းများ စုပုံနေရာ ထိုနေရာမျိုးတွင် နေထိုင်ကြသောသူများသည်လည်း အခွင့်အလမ်းရှိသလို တာဝန်များလည်းရှိကြ၏။ မြို့ပြဆိုင်ရာ တာဝန်အများအပြားအနက် မိမိတို့မိသားစု၊ မိမိတို့အိမ်ထောင်မှ ထွက်ရှိလာသောအမှိုက်ကို သက်ဆိုင်ရာစည်ပင်တာဝန်ရှိသူ၏ လက်ထဲအထိ အရောက်ပို့ရမည်ဟူသော တာဝန်နှင့် အမှိုက်ကို စနစ်တကျစွန့်ပစ်ရမည်ဆိုသော တာဝန်များပါဝင်ကြောင်း" ဆရာချစ်စံဝင်းက ပညာပေးရေးသားခဲ့၏။

မောင်ချစ်ဖေနှင့် ခေတ်ပြိုင်လူငယ်များကို အသိပညာဗဟုသုတများစွာရရှိစေရန် နိုင်ငံရေးအတ္ထုပ္ပတ္တိ စာပေများနှင့် မိတ်ဆက်ယဉ်ပါးထိတွေ့စေခဲ့ပြီး မြင်ဆရာဖြစ်ခဲ့သူ ဆရာမောင်ဝံသကမူ "ရန်ကုန်သားတွေကို ကျွန်တော်သဘောအကျဆုံးကတော့ ခွေးနှစ်ကောင်ကိုက်တာကိုတောင် ပိုင်းကြည့်တတ်ကြပေမယ့် ဘာကိုမှ အလေးအနက်သိပ်မထားတတ်ကြတာပဲဖြစ်ပါတယ်။

နယ်မြို့တွေမှာ စတိုင်နှင့် ပါဝါပြနေကြတဲ့လူတွေ ရန်ကုန်ရောက်ရင် အတော်သိမ်ငယ်သွားတတ်ကြတယ်လို့ဆိုပါတယ်။ နယ်မြို့တွေမှာ Somebody လို့ခေါ်တဲ့ အရေးပါတဲ့လူကြီးလူငယ်တွေ ဖြစ်ပေမယ့် ရန်ကုန်ရောက်ရင် ဘာကောင်မှ မဟုတ်သလို Nobody ဖြစ်သွားကြတော့တာပါပဲ။

ဒီလိုနဲ့ ရန်ကုန်ဟာ ကျွန်တော်ရဲ့ မိသားစုဖြစ်လာတယ်။ ရန်ကုန်ဟာ ကိုယ့်အိုးကိုယ့်အိမ် ဖြစ်လာတယ်။ နေသားကျသွားတော့လည်း ရန်ကုန်ဟာ ချစ်စရာမြို့ကြီး တစ်မြို့ပါပဲ။ ကျွန်တော်ကတော့ ရန်ကုန်ကို မကြောက်တဲ့အပြင် ချစ်မြတ်နိုးလို့ တောင်နေရပါတယ်"ဟု "ရန်ကုန်အက်ဆေး" တွင် ရေးဖွဲ့ခဲ့သည်။

"၁၉၅၀ နဲ့ ၆၀ ကြားမှာ ဒုစရိုက်သမားတွေရယ်လို့ များများစားစား မရှိပါဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ်၊ ရန်ကုန်မြို့ရဲ့ ညတွေက ဒုစရိုက်ကင်းခဲ့ပါတယ်။ ဘယ်သူမှလည်း လာမနှောင့်ယှက်ဘူး။ စစ်လား ကြောလားမလုပ်ဘူး။ လုမယ့်ယက်မယ့်လူလည်း မရှိဘူး။ လမ်းမကြီးတွေအပါအဝင် လမ်းအားလုံးမှာ တစ်ညလုံး မီးရောင်တွေထိန်ထိန်လင်းနေခဲ့တာ ပဲလေ၊ သွားချင်ရာသွား ၅ ပြား၊ ၁၀ ပြား၊ အေးချမ်းတယ်။ ပျော်ရွှင်တယ်။ လွတ်လပ်တယ်။ ကလိန်ကကျစ်နည်းတယ်။ မနာလိုဝန်တိုမှု ကင်းတယ်။ ဂုဏ်တုဂုဏ်ပြိုင်မရှိလှဘူး။ လူလူချင်းရိုင်းပင်းကူညီပြီး စေတနာမေတ္တာ ရှေ့ထားတယ်။ အဲဒါ ကျွန်တော် ငယ်ငယ်တုန်းက မြို့ရန်ကုန်ရဲ့ သဘာဝမြင်ကွင်း" စသည့် ဆရာ ညီညီနိုင်ရဲ့ "ငယ်ငယ်တုန်းက မြို့ရန်ကုန်" ဆောင်းပါးကို ဖတ်ရှုရတော့ လွမ်းစရာပင်။

မူလအမည် "ဥက္ကလာပ"၊ ထိုမှ တိဂုံ (ခေါ်) ဒဂုံဟူသောမြို့ငယ်လေး။ ဗြိတိသျှအစိုးရသည် ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲပြီးကတည်းက မော်လမြိုင်မြို့ကို ရုံးစိုက်ပြုလုပ်နေရာမှ ၁၈၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်ကို ပြုပြင် ပြောင်းလဲလိုက်သည်နှင့် ရန်ကုန်မြို့သည် အချက်အချာကျရာ ဗဟိုဌာနတစ်ခုဖြစ်လာခဲ့ပြီး ဗြိတိသျှလက်အောက်သို့ အောက်မြန်မာပြည် ရောက်ရှိသွားပြီးနောက် ရန်ကုန်မြို့ လူဦးရေသည် တစ်ရှိန်ထိုးတိုးတက်များပြားလာခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး စ ၁၉၅၀ ခုနှစ်ဝန်းကျင်တွင် မြို့ပြလူဦးရေ သုံး၊ လေးသိန်းရှိခဲ့ပြီး ယခုဆိုမူ ၂၀၁၄ ခုနှစ် ရှေ့ပြေးလူဦးရေစာရင်းအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ စုစုပေါင်း ၇,၃၅၅,၀၇၅ ဦးနှင့် ရန်ကုန်မြို့ပြလူဦးရေ ၅ သန်းကျော်နေထိုင်သည်အထိ တိုးတက်များပြားလာခဲ့သည်။

တိုးတက်များပြားလာသောမြို့ပြ လူဦးရေနှင့်အတူ ရန်ကုန်မြို့ပြ၏ သောကုန်းမြေနေရာများ လျော့နည်းလာခြင်းကြောင့် ရေစီးဆင်းမှု ထုထည်များလာခြင်း၊ လူဦးရေ ထူထပ်မှားပြားလာခြင်းကြောင့် လူတို့စွန့်ထုတ်သောရေဆိုးနှုန်း တိုးလာခြင်း၊ ရေမြောင်းများအတွင်း အမှိုက်များစွန့်ပစ်မှုကြောင့် ရေမြောင်းပိတ်ဆို့မှုများ ပိုမိုများပြားလာခြင်းတို့အပြင် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်ကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့်အတူ ရန်ကုန်မြို့ အချက်အချာခြောက်မြို့နယ်၏ အဓိကရေထွက်ပေါက်ဖြစ်သော ရန်ကုန်မြစ်၏ ရေမျက်နှာပြင်မြင့်တက်လာခြင်းတို့မှာ အဓိကအကြောင်းရပ်များ ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းတံတား)မှ သုံးသပ်ခဲ့သည်။

ပြီးခဲ့သည့်နှစ် မိုးရာသီတွင် ရန်ကုန်မြို့၌ ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရမှုကြောင့် ယခုနှစ် မိုးရာသီတွင် ရေကြီးရေလျှံမှုများ လျော့ပါးစေရေးအတွက် သက်ဆိုင်ရာက ဆွဲဦးရာသီမှအစပြု၍ အရှိန်အဟုန်မြင့်ဆောင်ရွက်ခဲ့သော်လည်း ယခု မေလနှင့်ဇွန်လဆန်း မိုးဦးကာလမှာပင်ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ခဲ့၍ ရန်ကုန်မြို့ခံပြည်သူတို့ စိတ်ပျက်ခဲ့ကြရသည်။

"ရန်ကုန်မှာ မိုးကောင်းကောင်း မရွာသေးပါဘူး။ ပြတ်တောင်းပြတ်တောင်း အဆင့်ပါ။ ဒါပေမယ့် တစ်ကြိမ်လောက် ရွာလိုက်တာနဲ့ ကျွန်မတို့ တာမွေမှာ ရေက ဒူးလောက်ရောက်လာပြီ၊ စိတ်ပျက်စရာပါ"ဟု တာမွေမြို့နယ်နေ ပြည်သူတစ်ဦးကပြောသည်။

လက်ရှိအခြေအနေအရ ရန်ကုန်မြို့သည် မိုးရေချိန် လေးလက်မကျော်ခန့်ရွာလျှင်ပင် ရေကြီးရေလျှံမှုများ တွေ့ကြုံခံစားနေရပြီဟု ပညာရှင်အချို့က သုံးသပ်ထားသည်။

ရန်ကုန်မြို့၏ ရေကြီးရေလျှံမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် YCDC အင်ဂျင်နီယာ ဌာန (လမ်းတံတား)မှ အင်ဂျင်နီယာများနှင့် ပြင်ပပညာရှင်များက Master Plan တစ်ခုကို ရေးဆွဲဒီဇိုင်းပြုစုပြီး ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့တော်၏ အချက်အချာဒေသခြောက်မြို့နယ် (Downtown Area)၏ လက်ရှိ ရေနုတ်မြောင်းများ၊ လမ်းနှင့်အဆောက်အအုံများအနေအထား၊ မော်တော်ယာဉ်နှင့်ရထားများ သွားလာမှုအခြေအနေ၊ စီးဆင်းရေများကို ယာယီထိန်းသိမ်းနိုင်မှု၊ ရန်ကုန်မြစ်၏ ဒီရေအတက်အကျ ပုံစံစသည်တို့ကိုလေ့လာပြီး Master Plan နှင့် အတူ ဒီဇိုင်းများကိုစဉ်းစားရာတွင် လက်ရှိ တည်ရှိနေသောရေမြောင်းများ၊ မြေအောက်မြောင်းများ၊ ရေကြီးရေလျှံမှုရှိသောနေရာများ၊ ပြင်ပ အခြားမြို့နယ်များမှ ဝင်ရေစီးဆင်းမှု၊ ရေသိုလှောင်နိုင်သော ဧရိယာရှိ၊ မရှိစသည်တို့ကိုပါ ထည့်သွင်းစဉ်းစား၍ ထိရောက်မှုရှိသော Drainage Network Plan များကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှသိရသည်။

"Drainage Master Plan မှာ ရေနုတ်မြောင်းဆိုင်ရာ အစိတ်အပိုင်းတွေလည်းပါဝင်ပါတယ်။ ရေနုတ်မြောင်းနဲ့ လမ်းဖြတ် (Culvert) များပါတဲ့ ရေနုတ်မြောင်းစနစ်၊ မြစ်ထွက်ပေါက်တွေ၊ ရေနုတ်မြောင်း၊ မြစ်ထွက်ပေါက်ဆုံရပ်နေရာများမှာ ဒီရေတက်ချိန် ရေတံခါးတွေပိတ်ထားစဉ် မိုးရွာခဲ့ပါက ရေစုပ်စက်နဲ့ စုပ်ထုတ်မယ့် အစီအစဉ်လည်းပါဝင်ပါတယ်။ ဒါ့အပြင် ရေနုတ်မြောင်းတွေ လမ်းအောက်ဖြတ်မြောင်း (Culvert)တွေကိုလည်း စိတ်ချလုံခြုံစွာ စီးဆင်းနိုင်ဖို့ ဒီဇိုင်းပြုရေးဆွဲထားပါတယ်"ဟု သက်ဆိုင်ရာဌာနမှ အဆင့်မြင့်အရာရှိကြီး တစ်ဦးကပြောသည်။

Downtown ခြောက်မြို့နယ်အတွင်း မြေပြင်အနေအထားအရ အချို့နေရာများ၏ မြေပြင်မှာ ရန်ကုန်မြစ်ရေထရက် ဒီရေမြင့်တက်ချိန်၏ water level အောက် တည်ရှိနေမှုကြောင့် အဆိုပါ ဒီရေတက်ချိန်တွင် ဒီရေများမဝင်ရောက်နိုင်ရန် ရေတံခါးများတည်ဆောက်ပြီး သုံးနာရီမှ ငါးနာရီအထိ ကာကွယ်ပိတ်ထားရန် တွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိုးရာသီကာလများတွင် ရေကြီးရေလျှံမှုများ လျော့ပါးစေရေးအတွက် ပြီးခဲ့သည့်နှစ်က ၄ကျပ် (၈ ဒသမ ၇) ဘီလီယံအသုံးပြုခဲ့ပြီး ယခုနှစ်တွင် ၁၀ ဘီလီယံလျာထားကြောင်း သက်ဆိုင်ရာ ဌာနမှသိရသည်။

"ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆူးလေတစ်ပိုက်၊ ရွှေဘုံသာလမ်း တစ်ပိုက်နဲ့ ဝန်ကြီးများရုံး တစ်ပိုက်မှာ လိုအပ်ချက်အရ ရေမြောင်းတွေကို မူလလေးပေကနေ ရှစ်ပေ အကျယ်အထိချဲ့ထွင်ခဲ့ပါတယ်။ မြို့နယ်ခြောက်မြို့နယ်အတွင်းက အမည်တပ်တဲ့ လမ်းတွေကိုလည်း သတ်မှတ်ရေမြောင်း အရွယ်အစားဖြစ်အောင် ဆောင်ရွက်ခဲ့ပြီးပါပြီ၊ ဒါ့အပြင် မြို့နယ်အလိုက် ရေကြီးရေလျှံမှု လျော့ပါးရေးအတွက်လည်း စီစဉ်ဆောင်ရွက်နေပါတယ်"ဟု YCDC မှ အဆင့်မြင့်အရာရှိကြီးကဆိုသည်။

သို့တစေ ရန်ပုံငွေနှင့် နည်းပညာလိုအပ်ချက်များက ကန့်သတ်မှုကို ဖြစ်စေပြီး ပြီးပြည့်စုံသည့်အဆင့်သို့ မရောက်သေးဘဲ ဆက်လက်ဆောင်ရွက်သွားရမည်၊ Downtown ခြောက်မြို့နယ်က မြစ်ထွက်ပေါက်အများစုသည် ဆိပ်ကမ်းနယ်မြေအတွင်းသို့ စီးဆင်းရခြင်းဖြစ်သည့်အတွက် ညှိနှိုင်းပေါင်းစပ်ပြီးမှ ဆက်လက်ဆောင်ရွက်သွားရမည်ဟုလည်း ၎င်းက တစ်ဆက်တည်း ဆိုသည်။

မူလဘူတ ယာတော၊ လယ်တောဖြစ်ခဲ့သည့် ဒဂုံမြို့ဟောင်းလေးကို အလောင်းမင်းတရားသည် ခုတ်ထွင် ရှင်းလင်းတူးဖော်စေပြီး ကျုံး၊ မြောင်း၊ တံခါး၊ ပြအိုး စသော မြို့အင်္ဂါရပ်နှင့်အညီ ခုနစ်ရက်နှင့် ပြီးစီးအောင် တည်ဆောက်ခဲ့ကာ ၁၇၅၅ ခုနှစ် မတ် ၄ ရက်တွင် ရန်အပေါင်းကုန်သော နိမိတ်ဖြင့် "ရန်ကုန်"ဟု အမည်သစ်ပေးခဲ့သည့် မြို့ရန်ကုန်သည် မျက်မှောက်မြို့သက်တမ်း ၂၆၀ ပြည့်တွင်မူ မဟာရန်ကုန်အဖြစ်သို့ လူးလွန့်လှုပ်ရှားလာခဲ့ချေပြီ။

သမိုင်းရေစီးတစ်လျှောက် မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်၊ ဘုံလုံတစ်လှည့် ငါးပျံတစ်လှည့် သို့နှယ် နိမ့်တုံမြင့်တုံ စီးမျောလိုက်နှင့် လောကခံကို ကြုံကြုံခံစီးမျောနေဆဲ။ ၂၀၀၅ ခုနှစ်တွင် မြို့သက်တမ်း ၂၅၀ ပြည့်မြောက်ခဲ့သော်လည်း မေ့လျော့လျစ်လျူရှုခံခဲ့ရခြင်းကို သူမမှု၊ ဗေဒါပျံ အံကိုခဲ ပန်းပန်လျက်ပဲပင်။

ပစ္စက္ခတွင်မူ မြို့ရန်ကုန်သည် ကမ္ဘာ့ထိပ်တန်းမြို့ကြီးများ နည်းတူ Mega City မြို့ပြကြီး အသွင်သို့ ကူးပြောင်းရန် ခေတ်ပြိုင်သမိုင်းကတောင်းဆိုလာခဲ့ချေပြီ။ ခေတ်ပြိုင်သမိုင်းအတွင်း ယှဉ်တွဲဖြစ်တည်လာခဲ့ကြသော မြို့တော်သူ မြို့တော်သားများအနေဖြင့် ကိုယ်စီကိုယ်စီ တာဝန် ကျေပွန်ဖို့လိုအပ်လာသည်။

လတ်တလောအဓိကစိန်ခေါ်မှု ဖြစ်သည့် မိုးရာသီရေကြီးရေလျှံမှု ပြဿနာကိုလည်း ရန်ကုန်မြို့ပြ သမိုင်းက ပြန်လည်ပေးအပ်သည့် သမိုင်းပေး တာဝန်တစ်ရပ်အဖြစ် အားလုံးကခံယူပြီး ဦးစားပေးဖြေရှင်းကြရပါမည်။ ရန်ကုန်မြို့ကို အရုပ်ဆိုးအကျည်းတန်စေမည့် စိန်ခေါ်မှုများကိုလည်း အားလုံးက တက်ညီလက်ညီ လက်ရည်တစ်ပြင်တည်း ဆက်လက်ပူးပေါင်းဖြေရှင်းကြပါစို့။

ကိုးကား။ မောင်ဝေဟင် စီစဉ်သည့် ''ရန်ကုန်အမြင်၊ ရန်ကုန်အတွေး''

ဇွန် ၁၅ ရက်က ရွာသွန်းခဲ့သော ရန်ကုန်မိုးကြောင့် တာမွေမြို့နယ်ရှိ လူနေအိမ်လမ်းကြားများမှ မျောပါလာသော အမှိုက်များကို စည်ပင်ဝန်ထမ်းများက ရှင်းလင်းစဉ်။

နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ပူးပေါင်းပါဝင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
သတင်းထုတ်ပြန်ချက်(၅/၂၀၁၅)
၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်

၁။ လွှတ်တော်အစည်းအဝေးများ၌ သတင်းရယူခြင်းကိစ္စများနှင့်စပ်လျဉ်းပြီး လတ်တလောကာလတွင် အမျိုးမျိုးသောဝေဖန်ရေးသားဖော်ပြမှုများ ရှိနေပါသည်။

၂။ လက်ရှိလွှတ်တော်များ စတင်ဖွဲ့စည်းပေါ်ပေါက်သည့်ရက်မှစ၍ ယနေ့အထိ သတင်းရယူမှု ပိတ်ပင်ခဲ့ခြင်းမရှိပါ။ လုံခြုံရေးဆိုင်ရာအပါအဝင် ဆက်စပ်ဖြစ်ပေါ်နေသောအခြေအနေနှင့် အချိန်အခါအရ လွှတ်တော်အစည်းအဝေး ဆိုင်ရာ သတင်းများရယူခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းတို့ကို ပိုမို၍စနစ်တကျဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၃။ နိုင်ငံတကာ့ရည်သည်တော်များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ခရီးသွားရည်သည်များအပါအဝင် အများပြည်သူအားလုံး လွှတ်တော်ဝင်းအတွင်း အဆောက်အအုံများနှင့် လွှတ်တော်အစည်းအဝေးများသို့ လာရောက်လေ့လာခွင့်နှင့် Media များ သတင်းရယူခွင့်တို့ကို သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျခွင့်ပြုပေးလျက်ရှိပါသည်။

၄။ နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရာတွင် ကဏ္ဍအားလုံးက စနစ်တကျဖြင့် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးစဉ် သွားရောက်

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံ၏ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံနှင့်ရေမြေသဘာဝတူညီပြီးရေသတ္တဝါမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသည့် ဗီယက်နမ်နိုင်ငံ၏ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများကို သွားရောက်လေ့လာရန် မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်နှင့် အဖွဲ့ချုပ်နှင့် လုပ်ငန်းဆိုင်ရာအသင်းများ၊ တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်း အဖွဲ့ချုပ်များက အဖွဲ့ဝင် ၂၂ ဦး ပါဝင်သည့် မြန်မာ့ငါးလုပ်ငန်းဆိုင်ရာ လေ့လာရေးကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၁၆ ရက်မှ ၂၃ ရက်အထိ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေး ခရီးသွားရောက်ရန်အတွက် ဇွန် ၁၆ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့သို့ ထွက်ခွာသွားကြသည်။

အဆိုပါ အဖွဲ့သည် ဇွန် ၁၈ ရက်အထိ ဟိုချီမင်းမြို့ ၌ လေ့လာပြီး ဇွန် ၁၉ ရက်မှ ၂၂ ရက်အထိ ကန်သိုတက္ကသိုလ်သို့ သွားရောက်လေ့လာမည်ဖြစ်သည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၁၄ ဦးပါ မြန်မာ့ငါးလုပ်ငန်းဆိုင်ရာ လေ့လာရေးကိုယ်စားလှယ် အဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့ ၂၀၁၅ ခုနှစ် မတ် ၂၄ ရက်မှ ၃၁ ရက်အထိ ပထမအကြိမ် သွားရောက်လေ့လာခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ မြန်မာ့ငါးလုပ်ငန်းဆိုင်ရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့များခွဲ၍ ဗီယက်နမ်နိုင်ငံသို့ ၂၀၁၅ ခုနှစ်အတွင်း လေ့လာရေးခရီးစဉ်များ သွားရောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပုသိမ်မြို့၌ ဥပဒေရေးရာ အသိပညာပေးဆွေးနွေး

ပုသိမ် ဇွန် ၁၈

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် ဥပဒေရေးရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးမောင်ရှိန်က ယခုလို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ဥပဒေရေးရာ အသိပညာပေးဆွေးနွေးဟောပြောပွဲများ ကျင်းပဟောပြောနေခြင်းမှာ ဝန်ထမ်းများက အဂတိလိုက်စားနေ၍ ပြုလုပ်ရခြင်းမဟုတ်ကြောင်း၊ နိုင်ငံတော်မှ ပြဋ္ဌာန်းပြီးသော ဥပဒေ၊ နည်းဥပဒေများ ဝန်ထမ်းများသာမက ပြည်သူများကပါ သိရှိလိုက်နာနိုင်ကြစေရန်အတွက် ဆွေးနွေးဟောပြောရခြင်း ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုကြောင့် နိုင်ငံ့ဘဏ္ဍာများ၊ နိုင်ငံပိုင်ပစ္စည်းများ၊ လူ့အခွင့်အရေးများ ပျက်စီးထိခိုက်မှုမရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေရေးရာများကို ဆွေးနွေးဟောပြောခဲ့သည်။ **(မြန်မာ့အလင်း)**

စက်သုံးဆီနှင့် စားသုံးဆီသွင်းကုန်များအတွက် နိုင်ငံခြားငွေကို ပဟိုဘဏ်နှုန်းထားအတိုင်း အကန့်အသတ်မရှိဝယ်ယူနိုင်မည်ဖြစ်၍ စာအုန်းဆီဈေးနှုန်းကျဆင်းနိုင်မည်

ရန်ကုန် ဇွန် ၁၈

ဇွန် ၁၈ ရက်တွင် နိုင်ငံပိုင်သတင်းစာများအပါအဝင် နေ့စဉ်သတင်းစာများ ဖော်ပြချက်အရ ပဟိုဘဏ်၏ သတ်မှတ် ရည်ညွှန်းနှုန်းထားဖြစ်သော ၁၁၀၅ ကျပ်နှုန်းဖြင့် စားသုံးဆီ ပြည်ပတင်သွင်းသူများ အကန့်အသတ်မရှိ ဝယ်ယူခွင့်ရရှိလာလျှင် ပြည်တွင်းတွင် စားအုန်းဆီဈေးနှုန်းများ သိသာစွာ ကျဆင်းလာနိုင်မည်ဟု ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ စားသုံးဆီရောင်းချနေသူ တစ်ဦးက ပြောသည်။

ပဟိုဘဏ်၏ သတ်မှတ်ရည်ညွှန်း ငွေလဲနှုန်း ငွေကျပ် ၁၁၀၅ သာရှိသော ဇွန် ၁၀ ရက်တွင် စားအုန်းဆီ ဆိပ်ကမ်းရောက် တစ်ပိသာ အရင်းဈေးတွက်ချက်ရာတွင် ယင်းနေ့တွင် ဖြစ်ပေါ်သော L/C ငွေလဲနှုန်း ၁၂၈၀ ကျပ်ပေါ်တွင် တွက်ချက်ထားရာ တစ်ပိသာ အရင်းဈေး ၁၅၉၇ ကျပ်ဖြစ်နေသည်ကို မြင်တွေ့ရသည်။

ဇွန် ၁၀ ရက်တွင် ပြင်ပ L/C ငွေလဲနှုန်း ၁၁၉၅ ကျပ်ပေါ် မူတည်တွက်ချက်ထားရာ တစ်ပိသာ အရင်းဈေး ၁၅၀၀ ကျပ်ဖြစ်လာသည်။ ယင်းဇွန်လ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နိုင်ငံခြားစားအုန်းဆီ FOB တစ်တန် ဈေးနှုန်းမှာ ၆၇၀ ဒေါ်လာနှုန်းဖြင့် အတူတူရှိသော်လည်း ပြင်ပငွေလဲနှုန်းမတူညီ၍ ဆိပ်ကမ်းရောက် တစ်ပိသာဈေးနှုန်း ကွာခြားသွားသည်။

သို့ဖြစ်ရာ ရန်ကုန်ဈေးကွက်၌ ဇွန် ၁၀ ရက်တွင် လက်ကား(အလှယ်)တစ်ပိသာဈေးနှုန်း ငွေကျပ် ၁၆၂၀၊ ဇွန် ၁၁ ရက်တွင် ငွေကျပ် ၁၅၉၀ အသီးသီးရှိခဲ့သည်ဟု ဆီဝယ်ယူ၍ နယ်သို့တင်ပို့နေသည့် ကိုနေလင်း အဝယ်တော်က ပြောသည်။

ဇွန် ၁၆ ရက်တွင် FOB တစ်တန် ၆၆၅ ဒေါ်လာ ငွေလဲနှုန်း ငွေကျပ် ၁၂၀၅ ဖြင့် ဆိပ်ကမ်းရောက် တစ်ပိသာအရင်းဈေး ၁၅၀၀ ကျပ်၊ ရန်ကုန်ဈေးကွက် လက်ကားအလှယ် တစ်ပိသာရောင်းဈေး ၁၅၄၅ ကျပ် ရှိခဲ့သည်။ ညနေပိုင်းတွင် ငွေကျပ် ၁၅၅၀ သို့ ဈေးမြင့်လာပြီး ပြည်ပမှ ဆီတင်သွင်းကုမ္ပဏီတစ်ခုက အရောင်းပိတ်ခဲ့သည်။

လွန်ခဲ့သော ၁၀ ရက်ခန့်ဝန်းကျင် ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ယခုရက်ပိုင်း ပြည်တွင်းတွင် ရောင်းချနေ ခြင်းဖြစ်သည်။ ယခုအပတ်အတွင်း ပျမ်းမျှ ဆီသိုလှောင်ကန်တွင် သွားရောက်ထုတ်ယူရသည့် D.O စာရွက် တစ်ပိသာဈေးနှုန်းမှာ ငွေကျပ် ၁၅၅၀ ရှိလာသည်။

လွန်ခဲ့သော ၁၀ ရက်ဝန်းကျင် ပြည်ပမှ ဝယ်ယူခဲ့သော ပျမ်းမျှ တစ်ပိသာ ဆိပ်ကမ်းရောက် အရင်းဈေးမှာ ၁၄၇၅ ကျပ်သာရှိသည်ဟု နေ့စဉ် ပြည်ပဈေးနှုန်းစာရင်းများမှ သိရသည်။

သက်ဆိုင်ရာမှ ထုတ်ပြန်သော ဆိပ်ကမ်းရောက်အရင်းဈေးမှာ ဆီကန်သိုလှောင်ခအလျှော့တွက် အခွန်အခမျိုးစုံတို့ ပါဝင်တွက်ချက်ထားပြီး ဖြစ်ကြောင်း ပြင်ပငွေလဲနှုန်းမြင့်တက်မှုကြောင့် ပြည်ပမှ ဆီတင်သွင်းသူများ တစ်ပိသာလျှင် ပျမ်းမျှ ၇၅ ကျပ် ဝန်းကျင် ဇွန် ၁၀ ရက်မှ ၁၇ ရက်အတွက် ကုန်စည်ဒိုင်ဖွင့်ရက် ၇ ရက်တွင် အကျိုးအမြတ်ရရှိလာသည်။ ဆီတစ်ကန်အပေါ် ငွေကျပ် ၄၅၀၀၀ ဝန်းကျင် အမြတ်ရရှိနိုင်သည်။ ပြည်ပမှ လစဉ် စားအုန်းဆီတန်ချိန် ပျမ်းမျှ သုံးသောင်းဝန်းကျင် တင်သွင်းလေ့ရှိသည်။ စားသုံးသူများ လက်လီဈေးကွက်တွင် တစ်ပိသာလျှင် ငွေကျပ် ၁၀၀ ဝန်းကျင် ငွေလဲနှုန်းကွာခြားမှုကြောင့် ဈေးနှုန်းပိုပေးဝယ်ယူရသည်ဟု မြောက်ဥက္ကလာပမြို့နယ်တွင် ကုန်စုံလက်လီဆိုင်ရောင်းချသူကိုအောင်စိုးက ပြောသည်။

ဆိပ်ကမ်းရောက် တစ်ပိသာ အရင်းဈေးငွေကျပ် ၁၁၅ ကျပ် ကွာခြားသကဲ့သို့ ရန်ကုန်ဈေးကွက် လက်ကားအလှယ်ရောင်းဈေးမှာ မေ ၁၅ ရက်တွင် ၁၃၈၀ ကျပ်သာရှိရာ ရန်ကုန်ဈေးကွက် တစ်ပိသာ ရောင်းဈေးမှာ ၁၇၀ ကျပ်ထိ ကွာခြားခဲ့သည်ဟု ဈေးနှုန်း နေ့စဉ်စာရင်းများမှ သိရသည်။

သို့သော် ဘုရင့်နောင် ဈေးကွက်တွင် သကြား၊ ကြူကုတ်ကြက်သွန်ဖြူ၊ အိန္ဒိယငရုတ်တို့ နယ်စပ်နှင့် ပြည်ပတို့မှ တင်သွင်းရာတွင် အခက်အခဲများ ရှိလာသည်ဆိုသော အကြောင်းပြချက်များဖြင့် ဈေးကွက်တွင် ဈေးနှုန်းများမြင့်တက်နေခြင်း၊ မြင့်တက်ရန် အစပြုလာခြင်းများရှိလာသည်ဟု နယ်ပို့အဝယ်တော် တစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

စာအုပ်စင်ကဏ္ဍ

ကျန်းမာရေးသုတေသနအတွေးအမြင်စာစုများထွက်ရှိ

နေပြည်တော် ဇွန် ၁၈

ကျော်ဇင်သန့်နှင့် ရောင်းရင်းများ (ဆေးသုတေသနဦးစီးဌာန) ရေးသားသည့် ကျန်းမာရေးသုတေသနအတွေးအမြင်စာစုများစာအုပ် ထွက်ရှိနေပြီ ဖြစ်သည်။

ဤစာအုပ်တွင် ကားမောင်းသူ၊ ကားစီးသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီစေရန် ကြိုးစားရရုံသာမက ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးအတွက်ပါ စဉ်ဆက်မပြတ် တာဝန်ယူရန်အတွက် သုတေသနသည် မရှိမဖြစ် လိုအပ်ချက်ပင်ဖြစ်သည့်အကြောင်း၊ သုတေသနရလဒ်များသည် နယ်ပယ်တိုင်းတွင် အသုံးဝင်သည့်အကြောင်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားဖော်ပြထားသည်။

အဆိုပါစာအုပ်တွင် စာဖတ်သူများ ကျန်းမာရေးဆိုင်ရာ သိသင့်သည့် အချက်များစွာ ပါဝင်သည့် သုတေသန တွေ့ရှိချက်များနှင့် သတိပြုဖွယ်ရာ ကျန်းမာရေးအသိပညာ စာစုပေါင်း ၁၇ ခု ပါဝင်သည်။

အမျိုးသမီးများ ကျန်းမာရေးအတွက် သားအိမ်ခေါင်းကင်ဆာ ရောဂါအကြောင်း သိကောင်းစရာများ၊ အသည်းကင်ဆာရောဂါ အတွက် သုတေသန ဆောင်ရွက်ချက်များ၊ ဇီဝအဆိပ်အန္တရာယ် သတိပြုဖွယ် အကြောင်းများနှင့် ကျေးလက်နေ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် ပြည်သူများအတွက် ကြိုတင်ကာကွယ် မြွေအန္တရာယ် အကြောင်းများကိုပါ စုံလင်စွာ စုစည်းရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

(မြန်မာ့အလင်း)

သူတစ်ပါးထိခိုက်မှုအလုံးစုံအာမခံအကြောင်း ပညာပေးဟောပြော

မြစ်ကြီးနား ဇွန် ၁၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးဝင်းအတွင်းဖွင့်လှစ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း အမှတ်စဉ်(၂၁/၂၀၁၅) ၌ တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူ ၇၄ ဦးတို့အား ပြည်နယ် မြန်မာ့အာမခံလုပ်ငန်းတာဝန်ခံ ဒေါ်နီနီလွင်က ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် သူတစ်ပါးထိခိုက်မှု အလုံးစုံအာမခံအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ဝင်းအောင်**

ကျောက်စာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်

မန္တလေး ဇွန် ၁၈

ကမ္ဘည်း ကျောက်စာများ၏ သမိုင်းတန်ဖိုးသည် အလွန်ကြီးမားသဖြင့် အမျိုးသားရေးလက္ခဏာများအဖြစ် မပျောက်ပျက်အောင် တစ်မျိုးသားလုံးက ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်းဇွန်၁၅ရက်က အမျိုးသားကဇာတ်ရုံ(မန္တလေး)၌ ကျင်းပသော အသစ်ထပ်မံတွေ့ရှိခဲ့သည့် ဆင်ရွာပျူကျောက်စာနှင့် ကမ်းပါးနီ ကျောက်ခေတ်နံရံပန်းချီများ ရှင်းလင်းပွဲအခမ်းအနားတွင် ပဲခူးတက္ကသိုလ်မှ မြန်မာစာကထိက ဒေါက်တာမောင်မောင်ဆွေက ပြောကြားခဲ့သည်။

ကျောက်စာပါ အချက်အလက်များသည် တိမ်မြုပ်နေသော သမိုင်းအချက်အလက်များကို ပေါ်ထွက်လာစေရုံသာမက ရှိပြီးသားအထောက်အထားများကိုလည်း ပိုမိုခိုင်မာလာစေနိုင်သောကြောင့် ယင်းပစ္စည်းများကိုတွေ့ရှိပါက သက်ဆိုင်ရာသို့သတင်းပေးပို့ရန်၊ မပျောက်ပျက်စေရန်နှင့် ဖျက်ဆီးမှုမရှိစေရန် နိုင်ငံတော်အစိုးရသာမက နိုင်ငံသားတိုင်း၏ တာဝန်အဖြစ် တစ်မျိုးသားလုံးက ပူးပေါင်းပါဝင်ထိန်းသိမ်းပေးကြပါရန် ၄င်းကအကြံပြုပြောကြားခဲ့သည်။

ထို့ပြင်ကျောက်စာပါ ကမ္ဘည်းအက္ခရာများအား ဖျက်ဆီးပစ်နိုင်သလို ဖန်တီး၍လည်း ရနိုင်သဖြင့် ထိုသို့ပြုလုပ်ခြင်းခံရပါက အမျိုးသားအမွေအနှစ်များ ပျက်စီးသွားရုံသာမက သမိုင်းအထောက်အထားများလည်း ကမောက်ကမဖြစ်ကာ သုတေသနပြုလုပ်ရာတွင် အဖြေမှန်နှင့် အလှမ်းဝေးသွားနိုင်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

"ကျောက်စာတွေကို ထုံးတို့ဆေးတို့ပြီးရေးခဲ့တာတွေဟာ ဖျက်ဆီးတဲ့ သဘောပါပဲ။ သုတေသနပြုတော့ မယ်ဆိုရင် ဒီလိုလုပ်ထားတာတွေကို အရင်ဆုံးရေဆေးပြီး ပြုပြင်ရတဲ့အတွက် ရေတိုက်စားပြီးကျောက်မှုန်လေးတွေဟာ ပဲ့ပါသွားတော့ ဆုံးရှုံးမှုတွေ ဖြစ်စေပါတယ်။ ဒါကြောင့်ကျောက်စာတွေကို တွေ့ရှိရာ နေရာမှာထားမယ့် အစား လုံခြုံစိတ်ချရမှုရှိတဲ့ နိုင်ငံတော်ပြတိုက် သို့မဟုတ် အမျိုးသားကျောက်စာရုံတွေမှာထားပြီး မည်သူမဆို ဝင်ရောက်လေ့လာကြည့်ရှုကူးယူနိုင်မယ့် အခြေအနေမျိုးကိုလည်း သက်ဆိုင်ရာကဖန်တီးပေးမယ်ဆိုရင်အလွန်ကောင်းမှာပါ"ဟု ၄င်းက အကြံပြုပြောကြားခဲ့သည်။



မြန်မာနိုင်ငံတွင် တွေ့ရှိရသော ကျောက်စာများ အားလုံးသည် သက္ကတကို ဒေဝနာဂရီအက္ခရာနှင့် ရေးသား၍ ပါဠိကိုအိန္ဒိယတောင်ပိုင်းသုံးအက္ခရာတစ်မျိုးမျိုးဖြင့် အသုံးပြုရေးသားပြီး ပျူလူမျိုးတို့သည် ပျူစာပေကိုမိမိတို့ပိုင်သီးသန့်အက္ခရာ အရေးအသားစနစ်နှင့် ရေးသားကာ မွန်လူမျိုးများအနေဖြင့် မွန်-မြန်မာအက္ခရာဖြင့် ရေးသားသည့် စနစ်ကို ယနေ့ ပေတောကုန်း ကျောက်စာအထိ တည်တည်တည့်တည်း လေ့လာတွေ့ရှိရကြောင်း မြန်မာနိုင်ငံရှိ ပျူကျောက်စာများမှ ပျူအက္ခရာသဏ္ဌာန်နှင့် ပျူစာလုံးများ လေ့လာချက်ခေါင်းစဉ်ဖြင့် သုတေသနပြုခဲ့သူ ဒေါက်တာမောင်မောင်ဆွေက ပြောကြားခဲ့သည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မြို့နယ်အခြေပြု မူလတန်းဆရာ အတတ်ပညာ အထူးသင်တန်းဆင်း

လက်ပံတန်း ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မူလတန်းဆရာ အတတ်ပညာအထူးသင်တန်း (၂/ ၂၀၁၅) သင်တန်းဆင်းပွဲကို ဇွန် ၈ ရက်နံနက် ၉ နာရီက အထက (၁) လက်ပံတန်း နဝဒေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟ၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်မေသက်နွယ်တို့က သင်တန်းဆင်းအမှာစကားများပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ထို့နောက် ထူးချွန်ရရှိသူများကို လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်ဒေါ်အေးအေးခိုင်တို့က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်သာဆည်အနီး ရေသယ်ကားတိမ်းမှောက် ယာဉ်ပေါ်လိုက်ပါလာသူအမျိုးသမီးနှစ်ဦးသေဆုံး

ဂန့်ဂေါ ဇွန် ၁၈

ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် မြစ်သာဆည်အနီးတွင် ဇွန် ၁၇ ရက်က ရေသယ်ကားတိမ်းမှောက်ခဲ့သဖြင့် အမျိုးသမီးနှစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ကျော်ဌေးအောင် (၂၁ နှစ်) ချောင်းတက်ရွာ ချောက်မြို့နယ်နေသူမောင်းနှင်သည့် ၈/-----ဟီးနိုး ခြောက်ဘီးအစိမ်းရောင်ယာဉ်သည် ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်က မြစ်သာမြစ်မှ ရေသယ်ပြီးအပြန် မြစ်သာဆည်အနီး ကုန်းအတက်တွင် လမ်းချော်၍ နောက်ပြန်လျှောကာ လမ်း၏ဝဲဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဂန့်ဂေါမြို့ မောလယ်ရွာ နေသူများဖြစ်ကြသော မည်ညိုဌေး (၃၅ နှစ်)နှင့် မသူဇာခင် (၂၀ နှစ်)တို့ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး အမျိုးသားနှစ်ဦး(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်ဌေးအောင်အား ဂန့်ဂေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ကျော်ဇေယျ

ခရီးသည်တင်ယာဉ်များအား တိုင်ကြားမှုများအတွင်း ယာဉ်မောင်းဂိမ်းဆော့ကစားမှုလည်းပါဝင်လာ

ရန်ကုန် ဇွန် ၁၈

ခရီးသည်တင်ယာဉ်များအား ခရီးသည်များ၏ ယခုအပတ်တိုင်ကြားမှုများအတွင်း ထူးထူးခြားခြားယာဉ်မောင်းဂိမ်းဆော့ကစားမှုလည်း ပါဝင်လာကြောင်း မထသ(ဗဟို) မှ သိရသည်။

မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က "ဒီတစ်ပတ်ထဲမှာခရီးသည်က ထူးထူးခြားခြားတိုင်ကြားလိုက်တာပါ။ ယာဉ်မောင်းဂိမ်းဆော့ကစားတဲ့ကိစ္စပါ။ ဒီကိစ္စကို ဘယ်လိုအရေးယူမလဲဆိုတော့ ကျွန်တော်တို့က သတ်မှတ် ၁၃၈ ချက်ထဲမှာ ဂိမ်းမကစားရဘူးဆိုတာတော့ မပါဘူးလေ၊ ဒါပေမယ့် ယာဉ်အန္တရာယ်ဖြစ်စေလောက်တဲ့ကိစ္စဖြစ်နေရင်တော့ မထသ (ဗဟို)က တားဆီးရမှာပါပဲ။ ယာဉ်မောင်းနေတဲ့အချိန်မှာ အာရုံထွေပြားတာလည်း ယာဉ်အန္တရာယ်တစ်ခုပါပဲ။ ယာဉ်မောင်းတွေ ဖုန်းမပြောရဘူးလို့ တားမြစ်ထားတယ်ဆိုပေမယ့်လည်း Hand Free နဲ့ပြောဖို့ခွင့်ပြုထားတာမှန်ပေမယ့် ဒီလိုဂိမ်းကစားတာကမဖြစ်သင့်ပါဘူး။ အချက်အလက်တွေနဲ့တကွ ခရီးသည်များက မထသ (ဗဟို)ကို တိုင်ကြားပေးပို့နိုင်ပါတယ်။ အရေးယူဆောင်ရွက်ပေးမှာပါ" ဟု ဆိုသည်။

ရန်ကုန်မြို့တွင်းခရီးသည်တင်ယာဉ် နေ့စဉ်အသုံးပြုနေသောခရီးသည် အမျိုးသမီးတစ်ဦးက "တစ်ရက်မှာ ယာဉ်စီးခငွေကျပ် ၂၀၀ အတွက် ၂၀၀ တန်အကြွေမရှိလို့ဆိုပြီး ၁၀၀၀ တန်ပေးလိုက်တာပါ။ ကျွန်မက ၁၀၀၀ တန်ပေးထားတာနော်၊ ပြန်အမ်းရဦးမယ်ဆိုပြီး သူ့ကိုအသိပေးလိုက်တာ၊ အဲ့ဒါကို ဒေါကြီးမောကြီးနဲ့ ကျွန်မအနားရောက်လာပြီး ခင်ဗျားမစောင့်နိုင်ဘူးလား၊ ဒီမှာအကြွေမရှိဘူး၊ မစောင့်နိုင်ရင် နောက်ကားပြောင်းစီးဆိုပြီး ငွေကျပ် ၁၀၀၀ တန်ကိုလာပြန်ပေးတယ်။ အမှန်တော့ အကြွေမရှိသေးဘူးဆိုရင်လည်း ကျွန်မယာဉ်စီးခ ၁၀၀၀ တန်ပေးကတည်းက အလိုက်တသိပြောထားရင် ကျွန်မက ဘာလို့မစောင့်နိုင်ရမှာလဲ။ အမှန်ကခရီးသည်ကိုဂရုမစိုက်တဲ့ ပုံစံလည်းပါတယ်။ နောက်ပြီးလူလည်လုပ်ပြီးခရီးသည်မေ့သွားပြီဆိုရင် သူတို့ပြန်မအမ်းရတော့ဘူး။ ဒါကတော့ ကျွန်မတစ်ဦးတည်းမဟုတ်ဘူး၊ နေ့စဉ်စီးနေကြတဲ့ ခရီးသည်တွေရဲ့ ပြဿနာတစ်ရပ်ပါပဲ။ ဒီလိုလူလည်လုပ်ချင်ကြတဲ့ စပယ်ယာတွေကို တာဝန်ရှိသူများက ကြပ်မတ်စေလိုပါတယ်"ဟု ပြောသည်။

ပြီးခဲ့သည့် မေလအတွင်းက ခရီးသည်များ၏ တိုင်ကြားမှု ၁၆၁ မှရှိခဲ့ပြီး ထိုအထဲမှ ယာဉ်စီးခပိုမိုတောင်းခံခြင်းက အများဆုံးဖြစ်နေကြောင်းနှင့် ဇွန် ၁ ရက်မှ ၁၅ ရက်အထိကလည်း ခရီးသည်များ၏တိုင်ကြားမှု ၈၄ မှရှိခဲ့ကာ ယာဉ်စီးခ ပိုမိုတောင်းခံခြင်းကြောင့်တိုင်ကြားမှု ၅၁ မှရှိခဲ့ကြောင်း၊ ခရီးသည်တင်ယာဉ်များအား တိုင်ကြားမှုများနှင့်ပတ်သက်လျှင် မထသ(ဗဟို)၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များဖြစ်သည့် ၀၁-၈၅၀၀၆၅၁၊ ၀၁-၈၅၀၀၆၅၀၊ လိုင်းခွဲ ၂၀၀၊ ၂၀၇ သို့ မည်သူမဆိုဆက်သွယ်တိုင်ကြားနိုင်ကြကြောင်း မထသ(ဗဟို)မှ စုံစမ်းသိရသည်။

စိုးဝင်း(SP)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းသုံးခုဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

(က) အမျိုးသားပြတိုက်(နေပြည်တော်) D ဆောင် တည်ဆောက်ခြင်း
(ခ) အမျိုးသားပြတိုက်(နေပြည်တော်) E ဆောင် တည်ဆောက်ခြင်း
(ဂ) အမျိုးသားပြတိုက်(နေပြည်တော်) ICT လုပ်ငန်းဆောင်ရွက်ခြင်း

(၂) လုပ်ငန်းများနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပုံစံများအား ၂၉-۶-၂၀၁၅ရက်မှ ၁၅-၇-၂၀၁၅ ရက်အထိ ဦးစီးဌာန(ရုံးချုပ်)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၀-၇-၂၀၁၅ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းရုံးတွင် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

(၃) အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀۶၇-၄၀၈၀၂၇၊ ၀۶၇-၄၁၈၄၃၂ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစီစစ်ရေးအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1957 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့တောင်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈/၁၃၆၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး(၇)ရုံး၊ ကတ္တရာဝယ်ယူခြင်း(၉۶၀၁သမ၀۶)တန်၊ ၂၀၁၅-၂၀၁۶ခုနှစ် ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ကတ္တရာလမ်း(၂)လမ်း (၁)မိုင်(၄)ဖာလုံ၊ ကျောက်လမ်း(၉)လမ်း (၁၈)မိုင်(၃၃သမ၅၈)ဖာလုံ၊ မြေလမ်း(۶)လမ်း(၁၄)မိုင်(၂)ဖာလုံ၊ တံတား (၄)စင်း၊ ရေပေးရေးလုပ်ငန်း(၂၉)ခု၊ ဆိုလာစနစ်ဖြင့် မီးလင်းရေး(၉၅۶)အိမ်တို့အား ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂၂-۶-၂၀၁၅ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၂၂-۶-၂၀၁၅ရက်မှ ၂၁-၇-၂၀၁၅ ရက်အထိ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀۷၁-၂၂၅၃၄၊ ၂۷၃၁၅နှင့် စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀۷၁-၂۶၅၂၀၊ ၂۶၁၉၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစီစစ်ရေးအဖွဲ့

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ အထက နတ်တလင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မဇင်နွယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းစိုး ၇/နတလ(နိုင်) ၁၀၉၅၅۶ ဖြစ်ပါသည်။

ဦးသန်းစိုး

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ အထက နတ်တလင်း၊ နဝမတန်း(၇)မှ မောင်ကျော်သက်လွင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော် ၇/နတလ(နိုင်) ၀၉၉၀၀۶ ဖြစ်ပါသည်။

ဦးမြင့်ဇော်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါရုံးသုံးပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် စျေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
Lot(1)		
1.	Fax Machine(A4)	10 Nos
Lot(2)		
1.	Olympia Calculator DT-8860TX(16 digits)	20 Nos

၂။ ပစ္စည်းများ၏နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် စျေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၂၃-۶-၂၀၁၅ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်(တယ်လီဖုန်းအမှတ်-၀۶၇-၄၀၉၀၂၉၊ ၄၀۹၂၁၅တို့တွင် သတ်မှတ်ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ရပ်၊ ချ၊ တင်၊ ထွက်စနစ် လိုက်နာရေး အရှိန်မြှင့်ဆောင်ရွက်မည်

ရန်ကုန် ဇွန် ၁၈

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်မော်တော်ယာဉ်များအနေဖြင့် ရပ်၊ ချ၊ တင်၊ ထွက်စနစ်ကို လိုက်နာကျင့်သုံးရန် မထသ(ဗဟို)က ဇွန်လဆန်းမှစ၍ စည်းကမ်းသတ်မှတ်ထားသော်လည်း ခရီးသည်တင်ယာဉ်များအနေဖြင့် လိုက်နာမှုအားနည်းနေဆဲဖြစ်သဖြင့် မထသ(ဗဟို)၏ အထူးအဖွဲ့များဖြင့် စောင့်ကြပ်စစ်ဆေးမှုများကို ပြုလုပ်လျက်ရှိကာ ဖမ်းဆီးအရေးယူမှုများလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့တွင်း ယာဉ်ကြောကြပ်တည်းမှု ဖြေရှင်းနိုင်ဖို့နဲ့ ခရီးသွားပြည်သူတွေ သွားလာရေးအဆင်ပြေချောမွေ့စေဖို့ ရပ်၊ ချ၊ တင်၊ ထွက်စနစ်ကို စတင်ဆောင်ရွက်နေပါတယ်။

ဒါပေမယ့် ခရီးသည်တင်ယာဉ်တွေ အနေနဲ့ လိုက်နာမှုအားနည်းနေသေးတဲ့အတွက် ပညာပေးခြင်း၊ အရေးယူခြင်းနဲ့ ဥပဒေအရ အရေးယူခြင်းတို့ကို အဆင့်အလိုက် တိုးမြှင့်လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရပ်၊ ချ၊ တင်၊ ထွက်စနစ်ကို ခရီးသည်တင်ယာဉ်များ လိုက်နာရေးအတွက် မထသ(ဗဟို)အနေဖြင့် အထူးအဖွဲ့ ၁၆ ဖွဲ့ကို လူစည်ကားသော အဓိကကားမှတ်တိုင်ကြီးများတွင် ထားရှိကာ စောင့်ကြပ်စစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

ခရီးသည်တင်မော်တော်ယာဉ်များသည် ခရီးသည်ရလိုမှုကြောင့် ကားမှတ်တိုင်များတွင် အချိန်ကြာမြင့်စွာရပ်တန့်ကာ ခရီးသည်စောင့်တင်ခြင်းကြောင့် နောက်ကားများမှာ မှတ်တိုင်မဟုတ်သည့် နေရာများတွင် ရပ်ရသဖြင့် ကားရပ်နားမှုများ စနစ်တကျမရှိတော့ဘဲ ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသလို အချို့ခရီးသည်တင်ယာဉ်များမှာ မီးပွိုင့်များတွင် ခရီးသည်တင်သဖြင့် မီးစိမ်းချိန်တွင် မထွက်နိုင်ဘဲ ယာဉ်ကြောပိတ်ဆို့မှုများ ပိုဖြစ်နေသည်ကိုလည်း တွေ့ရသည်။ ထို့အတူ အချို့သော အင့ားယာဉ်များမှာ ခရီးသည်တင် ယာဉ်များရပ်ရမည့် မှတ်တိုင်နေရာတွင် ဝင်ရောက်ရပ်ထားပြီး လူစောင့်ခြင်း၊ ခရီးသည်အတင်အချလုပ်ခြင်းများကြောင့်လည်း ခရီးသည်တင်မော်တော်ယာဉ်များ အနေဖြင့် မှတ်တိုင်တွင်မရပ်နိုင်ဘဲ လမ်းပေါ်တွင်ရပ်၍ လူတင်ချခြင်းများ ပြုလုပ်နေသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ပေါ်တွင် ခရီးသည်တင်ယာဉ်အဖြစ် ပြေးဆွဲနေသော ယာဉ်စီးရေ ၆၀၀၀ ခန့်ရှိပြီး အများစုမှာ စည်းကမ်းလိုက်နာမှု အားနည်းလျက်ရှိသည်။ ယာဉ်ထိန်းတပ်ဖွဲ့များနှင့် မထသမှ စစ်ဆေးရေးအဖွဲ့များက အခါအားလျော်စွာ ရှောင်တခင် စစ်ဆေးခြင်းများ ပြုလုပ်သော်လည်း အရေးယူဖမ်းဆီးချိန်များတွင် သာစည်းကမ်းလိုက်နာပြီး ဖမ်းဆီးမှု မရှိသည်နှင့် စည်းကမ်းလိုက်နာမှုမှာ ပြန်လည်လျော့ကျသွားသည်ကို တွေ့ရသည်။ အထူးသဖြင့် ခရီးသည်အဆင်းအတက် အများဆုံးပြုလုပ်သည့် လူစည်ကားရာနေရာများနှင့် ဈေးကြီးများရှိ မှတ်တိုင်များတွင် အချိန်ကြာမြင့်စွာရပ်တန့်၍ ခရီးသည် စောင့်တင်ကြသဖြင့် ယာဉ်ကြော ပိတ်ဆို့မှုများကို မဖြေရှင်းနိုင်သေးဘဲ ရှိနေသည်ကို တွေ့ရသည်။

သတင်း-မောင်ရွှေသစ်
ဓာတ်ပုံ-သက္ကာ

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်လင်နှင့် မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းတို့ ဦးဆောင်မှုဖြင့် လှိုင်သာယာမြို့နယ် အမှတ် (၁၆)ရပ်ကွက် ကမ္ဘောဇလမ်းနှင့် သာစည်လမ်းထောင့်ရှိ ကလျာဏသုခလှိုင် ဓမ္မာရုံကြီး၌ မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။ မိုးပွင့်အထူးစီမံချက်ဖြင့် အခမဲ့ဆောင်ရွက်ပြီးစီးခဲ့သည့် အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိဘပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံ၊ပန်းချီ၊ ပိုစတာပြပွဲကို ဇွန် ၁၇ ရက်က (၉၄) ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် အထက(၂) ယုဇနကျောင်းခန်းမ ဆောင်၌ကျင်းပရာ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး မှတ်တမ်းတင်ဓာတ်ပုံ၊ ပန်းချီ၊ ပိုစတာ၊ စာအုပ်စာစောင်များကို မြို့နယ်ဌာနဆိုင်ရာ အသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြစဉ်။

(ဝစာ)

❒ *ကျောထုံးမှ*

ရေကြောင်းဝန်ဆောင်မှုကို အနှောင့်အယှက်မပေးနိုင်ဘဲ ရန်ကုန်မြစ်ဝ၌ ရေလှိုင်းအမြင့် နှစ်မီတာထက် နည်းသောလှိုင်းများသာ ဖြစ်ပေါ်လေ့ရှိသည်။

ရန်ကုန်ဆိပ်ကမ်းတွင် ဗိုလ်တထောင်တံတား၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ထားသည့် MITT တံတားများ၊ MIPL တံတားများအပြင် မြန်မာ့စက်မှုဆိပ်ကမ်းတံတား၊ အလုံတံတား(၁)၊ (၂)နှင့်(၃) စသည်တို့ တည်ရှိနေသည်။

ယင်းဆိပ်ကမ်းတံတားများသည် နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်နေရာ မြန်မာနိုင်ငံ၏ နိုင်ငံတကာရေကြောင်းကုန်သွယ်မှု အဓိကဆိပ်ကမ်းဖြစ်သည့် ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံတကာမှ သင်္ဘောများ ပိုမိုဝင်ရောက် ဆိုက်ကပ်နိုင်ရေးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်လျက်ရှိသည်။ သင်္ဘောကြီးများ ပိုမိုဝင်ထွက်နိုင်ရေးအတွက် ရန်ကုန်မြစ်ကြောင်းကောင်းမွန်ရန် သောင်တူးသင်္ဘောများဖြင့် နေ့စဉ် သောင်တူးခြင်းလုပ်ငန်းဆောင်ရွက်နေသည်။

တစ်ဖန် မြန်မာဆိပ်ကမ်းအာဏာပိုင်နှင့် တောင်ကိုရီးယား နိုင်ငံ ဘူဆန်ဆိပ်ကမ်းအာဏာပိုင်တို့ ပူးပေါင်းကာဆိပ်ကမ်း စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဆိပ်ကမ်းများ ဖွံ့ဖြိုးရေး၊ ဆိပ်ကမ်းဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ညီနောင်ဆိပ်ကမ်းများအဖြစ် သတ်မှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်သည်။ **သတင်း-ဝေယံဦး**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဟောပြော

ရန်ကုန် ဇွန် ၁၈

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်ပိုင်းခရိုင် ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်ခင်သီတာက မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ အမှတ်(၃) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမြင့်အောင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယနေ့လူငယ်များအကြောင်း၊ သုံးစွဲခြင်းမှ နောက်ဆက်တွဲခံစားရမှုအခြေအနေတို့ကို လည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများ၏ သိလိုသည့် မေးမြန်းချက်များကို ဒုတိယရဲမှူးက ပြန်လည်ဖြေကြားပြီး ဟောပြောပေးသူများကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ တာဝန်ရှိသူများက လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖခင်အမည်မှန်

အထက(၄)၊ လှိုင်၊ G-11(C) မှ မောင်ကောင်းဆက်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုအောင်ထွဋ်ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးသိန်းဌေ၏သမီး၊ ရန်ကုန်မြို့၊ အထက(၁)ဒဂုံ၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မစုစန္ဒာဇော်အား နန်းဆုဝမ်းစန်ဟု ပြောင်းလဲခေါ်ပါရန်။

နန်းဆုဝမ်းစန်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/6645 T.probox NCP 51 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဌေး ၁၂/ဗတထ(နိုင်)၀၂၀၅၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ ဖြင့်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ရောင်းမည်

အမှတ် (၅/၂၃၃)၊ မဂ္ဂင်လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီရပ်ကွက်၊ မြေကွက် U၊ ၀၆ (၃၀×၅၀)

ဖုန်း-၀၉-၈၃၀၃၉၇၀

တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဆင်ဗြီးဆွဲ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ထင်လင်းဇော် ၇/သကန(နိုင်)၁၃၀၀၃၉ ၏ဖခင် ဦးကျော်ထင်အောင် ၇/သကန(နိုင်)၀၉၇၀၆၇ နှင့် ဦးကျော်စိုးနိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်ထင်အောင်(ခ)ဦးကျော်စိုးနိုင်

ကိုယ်စားလှယ်လွှဲစာများ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၆၁နေ ဒေါ်ကြည်ကြည်ဒိုင် ၁၂/ဒဂန(နိုင်)၀၂၆၂၁၇ (AC-၀၄၂၈၄၆)က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ်-၃၃နေ ဒေါ်မြသီတာ ၁၂/ဒဂန(နိုင်)၀၂၂၈၆၇အား ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးနှင့် အခြားသက်ဆိုင်ရာရုံးဌာနများတွင် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာများအားလုံးကို ပြန်လည်ရုပ်သိမ်းကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်ကြည်ဒိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉)
အထက်တန်းရှေ့နေ
အမှတ်-၉၂၇၊ ဦးဘဝင်းလမ်း၊ (၃၆)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဆင်ဗြီးဆွဲ အထက တက္ကသိုလ်ဝင်တန်းမှ မောင်အောင်သူရဦး ၇/သကန(နိုင်)၁၃၄၂၉၇ ၏ဖခင် ဦးခင်နိုင် ၇/သကန(နိုင်) ၀၃၈၆၂၁ နှင့် ဦးခင်လှိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးခင်နိုင်(ခ)ဦးခင်လှိုင်

မြင်ဆင်ဖတ်ရှုပါရန်

၁၀-၅-၂၀၁၅ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာကဏ္ဍ (ခ)ပါ ကန့်ကွက်နိုင်အကြောင်း ကြော်ငြာ အမှတ်စဉ် (၅)(ဖ)တွင် လျှောက်ထားသည့် မြေအမည်ပေါက် နေရာ၌ ဦးတင်မြင့်အစား ဦးတင်မြင့်(ခ) ဦးဗျန်ဒိုက်ဟု မြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့ အထက အိုးဘိုကုန်း တက္ကသိုလ်ဝင်တန်း(က)မှ မယဉ်မျှော်၏ ဖခင်အမည်မှန်မှာ ဦးညီမောင်ထွေး ၇/ပခတ(နိုင်)၀၅၃၃၈၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပြည်မြို့ အထက-၅ တက္ကသိုလ်ဝင်တန်း(ဂ)မှ မထက်ထက်၏ ဖခင်အမည်မှန်မှာ ဦးဝင်းတင်၇/ပခတ(နိုင်)၀၀၉၃၁၇ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဦးကျော်စိုးဝင်း ၁၂/မရက(နိုင်)၀၀၄၆၇၉၏သမီး ထခွဲ(လ-၂) အဋ္ဌမတန်း(ဂ)မှ မချိုချိုလင်းအား မသွန်းပန်းချီမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မသွန်းပန်းချီမောင်**

ကြော်ငြာ

ရေခဲ
ရေခဲ
ရေခဲ
ဝယ်ယူ
ခေါ်ဆိုပါ
09-5232770
09-5134770

ဖခင်အမည်မှန်

ပြည်ခရိုင်၊ ကုန်းတောမြို့ ကုန်ကူးရပ်ကွက်(ခ)ရပ်ကွက်ရှိ ကိုကိုမောင်ဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

ကိုကိုမောင်ဝေ

ကြော်ငြာ

ကုန်ကြမ်းပစ္စည်းများ ရောင်းချခြင်း

ကုန်ကြမ်းပစ္စည်းများ ရောင်းချခြင်းကို ကုမ္ပဏီ(၁)ခု ကနေ ကုမ္ပဏီ(၂)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂)ခု ကနေ ကုမ္ပဏီ(၃)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃)ခု ကနေ ကုမ္ပဏီ(၄)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄)ခု ကနေ ကုမ္ပဏီ(၅)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅)ခု ကနေ ကုမ္ပဏီ(၆)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆)ခု ကနေ ကုမ္ပဏီ(၇)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇)ခု ကနေ ကုမ္ပဏီ(၈)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၈)ခု ကနေ ကုမ္ပဏီ(၉)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၉)ခု ကနေ ကုမ္ပဏီ(၁၀)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၁၀)ခု ကနေ ကုမ္ပဏီ(၁၁)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၁၁)ခု ကနေ ကုမ္ပဏီ(၁၂)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၁၂)ခု ကနေ ကုမ္ပဏီ(၁၃)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၁၃)ခု ကနေ ကုမ္ပဏီ(၁၄)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၁၄)ခု ကနေ ကုမ္ပဏီ(၁၅)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၁၅)ခု ကနေ ကုမ္ပဏီ(၁၆)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၁၆)ခု ကနေ ကုမ္ပဏီ(၁၇)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၁၇)ခု ကနေ ကုမ္ပဏီ(၁၈)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၁၈)ခု ကနေ ကုမ္ပဏီ(၁၉)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၁၉)ခု ကနေ ကုမ္ပဏီ(၂၀)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂၀)ခု ကနေ ကုမ္ပဏီ(၂၁)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂၁)ခု ကနေ ကုမ္ပဏီ(၂၂)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂၂)ခု ကနေ ကုမ္ပဏီ(၂၃)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂၃)ခု ကနေ ကုမ္ပဏီ(၂၄)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂၄)ခု ကနေ ကုမ္ပဏီ(၂၅)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂၅)ခု ကနေ ကုမ္ပဏီ(၂၆)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂၆)ခု ကနေ ကုမ္ပဏီ(၂၇)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂၇)ခု ကနေ ကုမ္ပဏီ(၂၈)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂၈)ခု ကနေ ကုမ္ပဏီ(၂၉)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၂၉)ခု ကနေ ကုမ္ပဏီ(၃၀)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃၀)ခု ကနေ ကုမ္ပဏီ(၃၁)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃၁)ခု ကနေ ကုမ္ပဏီ(၃၂)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃၂)ခု ကနေ ကုမ္ပဏီ(၃၃)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃၃)ခု ကနေ ကုမ္ပဏီ(၃၄)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃၄)ခု ကနေ ကုမ္ပဏီ(၃၅)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃၅)ခု ကနေ ကုမ္ပဏီ(၃၆)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃၆)ခု ကနေ ကုမ္ပဏီ(၃၇)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃၇)ခု ကနေ ကုမ္ပဏီ(၃၈)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃၈)ခု ကနေ ကုမ္ပဏီ(၃၉)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၃၉)ခု ကနေ ကုမ္ပဏီ(၄၀)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄၀)ခု ကနေ ကုမ္ပဏီ(၄၁)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄၁)ခု ကနေ ကုမ္ပဏီ(၄၂)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄၂)ခု ကနေ ကုမ္ပဏီ(၄၃)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄၃)ခု ကနေ ကုမ္ပဏီ(၄၄)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄၄)ခု ကနေ ကုမ္ပဏီ(၄၅)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄၅)ခု ကနေ ကုမ္ပဏီ(၄၆)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄၆)ခု ကနေ ကုမ္ပဏီ(၄၇)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄၇)ခု ကနေ ကုမ္ပဏီ(၄၈)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄၈)ခု ကနေ ကုမ္ပဏီ(၄၉)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၄၉)ခု ကနေ ကုမ္ပဏီ(၅၀)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅၀)ခု ကနေ ကုမ္ပဏီ(၅၁)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅၁)ခု ကနေ ကုမ္ပဏီ(၅၂)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅၂)ခု ကနေ ကုမ္ပဏီ(၅၃)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅၃)ခု ကနေ ကုမ္ပဏီ(၅၄)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅၄)ခု ကနေ ကုမ္ပဏီ(၅၅)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅၅)ခု ကနေ ကုမ္ပဏီ(၅၆)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅၆)ခု ကနေ ကုမ္ပဏီ(၅၇)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅၇)ခု ကနေ ကုမ္ပဏီ(၅၈)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅၈)ခု ကနေ ကုမ္ပဏီ(၅၉)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၅၉)ခု ကနေ ကုမ္ပဏီ(၆၀)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆၀)ခု ကနေ ကုမ္ပဏီ(၆၁)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆၁)ခု ကနေ ကုမ္ပဏီ(၆၂)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆၂)ခု ကနေ ကုမ္ပဏီ(၆၃)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆၃)ခု ကနေ ကုမ္ပဏီ(၆၄)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆၄)ခု ကနေ ကုမ္ပဏီ(၆၅)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆၅)ခု ကနေ ကုမ္ပဏီ(၆၆)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆၆)ခု ကနေ ကုမ္ပဏီ(၆၇)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆၇)ခု ကနေ ကုမ္ပဏီ(၆၈)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆၈)ခု ကနေ ကုမ္ပဏီ(၆၉)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၆၉)ခု ကနေ ကုမ္ပဏီ(၇၀)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇၀)ခု ကနေ ကုမ္ပဏီ(၇၁)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇၁)ခု ကနေ ကုမ္ပဏီ(၇၂)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇၂)ခု ကနေ ကုမ္ပဏီ(၇၃)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇၃)ခု ကနေ ကုမ္ပဏီ(၇၄)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇၄)ခု ကနေ ကုမ္ပဏီ(၇၅)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇၅)ခု ကနေ ကုမ္ပဏီ(၇၆)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇၆)ခု ကနေ ကုမ္ပဏီ(၇၇)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇၇)ခု ကနေ ကုမ္ပဏီ(၇၈)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇၈)ခု ကနေ ကုမ္ပဏီ(၇၉)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၇၉)ခု ကနေ ကုမ္ပဏီ(၈၀)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၈၀)ခု ကနေ ကုမ္ပဏီ(၈၁)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၈၁)ခု ကနေ ကုမ္ပဏီ(၈၂)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၈၂)ခု ကနေ ကုမ္ပဏီ(၈၃)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၈၃)ခု ကနေ ကုမ္ပဏီ(၈၄)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၈၄)ခု ကနေ ကုမ္ပဏီ(၈၅)ခု ကို ရောင်းချခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ(၈၅)ခု ကနေ ကုမ

အသည်းရောင်အသားဝါ "စီ" ရောဂါပိုး မြန်မာပြည်မှာ DAA စားဆေးအသစ်တွေနဲ့ ဘယ်လိုကုမှာလဲ

ပါမောက္ခ ခင်မောင်ဝင်း (အသည်း)

ပြီးခဲ့တဲ့အပတ်မှာ ရေးခဲ့သလို အခုအခါမှာ နောက်ဆုံးပေါ် စီရောဂါပိုးကို လုံးဝပျောက်အောင် ကုနိုင်တဲ့ Direct Acting Antiviral (DAA) စားဆေးအသစ်တွေပေါ်နေပါပြီ။ DAA တွေဟာ ဘေးထွက်ဆိုးကျိုးတွေမရှိဘဲ ပိုးပျောက်နှုန်းကလည်း ၁၀၀ ရာခိုင်နှုန်း နီးပါးလောက် ပျောက်အောင်ကုနိုင်ပါတယ်။ ပြီးတော့ DAA တွေနဲ့ ကုမယ်ဆိုရင် သုံးလနဲ့ အပြီးသတ်တော့ စီပိုးရောဂါသည်တွေအတွက် အထူးပဲ စိတ်အားတက်စရာပါ။

အနောက်နိုင်ငံတွေနဲ့ DAA

အနောက်နိုင်ငံတွေမှာ DAA တွေဟာသိပ်ကို များလွန်းလို့ စီပိုးကို ဘယ် DAAနဲ့ ကုရမှန်းကို မသိလောက်အောင် ခေါင်းရှုပ်စရာပါ။ DAA တွေ အားလုံးလိုလိုဟာ အာနိသင်လည်းအတူတူ ဘေးထွက်ဆိုးကျိုးလည်း မရှိကြဘဲ ဆေးကုရတဲ့ ကာလကလည်း သုံးလပဲ။ အတူတူပဲဆိုတော့ ရွေးရတာ တော်တော်လေးကို ခက်ပါတယ်။ အဲဒီတော့ အနောက်နိုင်ငံတွေမှာ စီပိုးကိုကုတဲ့အခါမှာ ဈေးနှုန်းသက်တာတာကိုပဲ ကြည့်ပြီး သုံးကြတာကိုပဲ တွေ့ရပါတယ်။

စီပိုးသေဆေး DAA တွေ အများကြီးရှိတဲ့ အနောက်နိုင်ငံတွေထဲမှာ ဥရောပအသည်းရောဂါအဖွဲ့နဲ့ အမေရိကန် အသည်းရောဂါအဖွဲ့တို့ကတော့ အဓိကအနေနဲ့ အောက်မှာဖော်ပြထားတာ DAA စားဆေးတွေကို နည်းလေးနည်းနဲ့ တွဲဖက်သုံးကြပါတယ်။

၁။ ဟာပိုနီ (HARVONI)

- ဆိုဖော့စ်ဘူဗီယာ(Sofosbuvir)နဲ့ လက်ဒစ်စ်ပါဗီယား (Ledispasvir) နှစ်မျိုးပေါင်းပြီး ဆေးလုံးတစ်လုံးထဲ လုပ်ထားတာပါ။
- တစ်နေ့ကို တစ်လုံး သုံးလသောက်ရင် စီပိုးပျောက်ပါတယ်။

၂။ အင်ဘီစီပိုးသေဆေးသုံးမျိုးပေါင်း ABBIVE 3D Abbive ကုမ္ပဏီကထုတ်တဲ့

- Ombitasvir နဲ့ Retonavirboorted Paritaprevir နှစ်မျိုးပေါင်း တစ်လုံးထဲ စားဆေးနဲ့
- Dasabuvir ဆေးတွဲပြီး သုံးတာ။

၃။ ဆင်မီပရီဗီယာ (SIMEPREVIR) နဲ့ ဆိုဖော့စ်ဘူဗီယာ (SOFOSBUVIR) ဒီဆေးနှစ်မျိုးကို တွဲပြီး သုံးတာပါ။

၄။ ဆိုဖော့စ်ဘူဗီယာ (SOFOSBUVIR) နဲ့ ဒက်ကလတတ်စ်ဗီယာ (DACLATASVIR)

- ဒီဆေးနှစ်မျိုးကိုလည်း တွဲပြီးသုံးလို့ရပါသေးတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ Daclatasvir ဆေးမရှိသေးပါဘူး။ ဥရောပမှာပဲ ရှိပါသေးတယ်။

ပက်ဂလိတ်တက် အင်တာဖရွန်ထိုးဆေး (Pegylated Interfron Injection) ရဲ့ အခန်းကဏ္ဍ

- DAA တွေ အများကြီးရှိတဲ့ အမေရိကန် အသည်းရောဂါအဖွဲ့ကတော့ ပက်ဂလိတ်တက် အင်တာဖရွန်ထိုးဆေးကို လုံးဝလက်မခံတော့ပါဘူး။ စီပိုးကုတဲ့နေရမှာ လုံးဝမသုံးသင့်တော့ပါဘူးလို့ ဆုံးဖြတ်ချက်ချထားပါတယ်။
- ဒါပေမယ့် ဥရောပ အသည်းရောဂါအဖွဲ့ကတော့ ဒီထိုးဆေးကို DAA တွေနဲ့ ရိုင်ဗာဗရင်း စားဆေးတွဲသုံးပြီး စီပိုးသေအောင်ကုတဲ့ နည်းစနစ်တွေကို လက်ခံထားပါသေးတယ်။

စီပိုးပျောက်နှုန်း

DAA တွေကို သုံးပြီးကုတဲ့အခါမှာ စီပိုးပျောက်နှုန်းဟာ ၁၀၀ ရာခိုင်နှုန်းနီးပါး ရှိပါတယ်။ ဒါပေမယ့် အောက်မှာဖော်ပြတဲ့ အချက်တွေရှိတဲ့ လူနာတွေမှာတော့ စီပိုးပျောက်နှုန်းဟာ ၈၆ ရာခိုင်နှုန်းနဲ့ ၉၀ ရာခိုင်နှုန်းမှာ ရှိပါတယ်။ အဲဒီလို ပျောက်နှုန်းလျော့တဲ့ လူနာအချက်အလက်တွေကို ပြောရမယ်ဆိုရင်

- အသည်းခြောက်တဲ့သူ
- အမျိုးအစား 1b နဲ့ 3
- အရင်က စီပိုးသေဆေးတွေနဲ့ ကုပြီးမပျောက်တဲ့သူ
- ပိုးကောင်ရေသိပ်များတဲ့သူ

တစ်နေ့တစ်လုံး သုံးလစာကို မြန်မာကျပ်ငွေ သိန်း ၉၈၀ ကျတဲ့ ဆိုဗယ်လ်ဒီဆေး

မြန်မာပြည်နဲ့ DAA တွေ

လက်ရှိအခြေအနေမှာတော့ မြန်မာပြည်အနေနဲ့ အနောက်နိုင်ငံတွေမှာလို DAA တွေ အများကြီး ရဦးမှာ မဟုတ်သေးပါဘူး။

ဂီလီယက် (Gilead) ကုမ္ပဏီကနေ အိန္ဒိယနိုင်ငံက ဆေးကုမ္ပဏီတွေကို ထုတ်လုပ်ခွင့် လိုင်စင်ချပေးထားပြီး ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံး ၉၁နိုင်ငံကိုပဲ ထုတ်လုပ်ရောင်းချခွင့်ပေးထားတဲ့ ဆိုဖော့စ်ဘူဗီယာ (Soforbuvir) ဆေးတစ်မျိုးကိုပဲ လောလောဆယ်ရရှိဦးမှာပါ။ မြန်မာနိုင်ငံမှာ DAA တွေ အများကြီးမရတောင် ဒီဆေးတစ်ခုရတာကိုက အသည်းရောင်အသားဝါ စီပိုးကုရာမှာ တကယ့်ထူးခြားတဲ့ ခြေလှမ်းသစ်တစ်ခုပါ။

ဆိုဖော့စ်ဘူဗီယာ နဲ့ လက်ဒစ်စ်ပါဗီယား ရောထားပြီး ဆေးလုံးတစ်ခုတည်း ထုတ်လုပ်ထားတဲ့ ဟာပိုနီဆေးသစ်ကတော့ မြန်မာနိုင်ငံကို အတော်ကြာကြာနဲ့ ရောက်ဦးမှာ မဟုတ်သေးပါဘူး။

မြန်မာပြည်မှာ DAA တွေနဲ့ စီပိုးကို ဘယ်လိုကုကြမလဲ

ရှေ့မှာပြောခဲ့သလိုပဲ မြန်မာပြည်ရဲ့ လက်ရှိအနေအထားအရ လောလောဆယ် စီပိုးသေဆေးထဲမှာ နာမည်အကြီးဆုံးနဲ့ အာနိသင်အပြင်းဆုံး DAA တစ်ခုဖြစ်တဲ့ ဆိုဖော့စ်ဘူဗီယာ (Soforbuvir) ဆေးတစ်မျိုးပဲ ရဦးမှာပါ။

ဒါကြောင့် ဒီနေ့ ဒီအခါမှာတော့ မြန်မာပြည်မှာ ဆိုဖော့စ်ဘူဗီယာနဲ့ သမားရိုးကျသုံးနေကြ ပက်ဂလိတ်တက် အင်တာဖရွန် ထိုးဆေးနဲ့ ရိုင်ဗာဗရင်း (Ribavarin) စားဆေးတွေနဲ့ တွဲပြီး ကုနေဦးမှာပါ။

တစ်နည်းပြောရမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုမှာ DAA တွေ အများကြီးရှိနေတော့ အမေရိကန် အသည်းရောဂါအဖွဲ့အနေနဲ့ ဘေးထွက်ဆိုးကျိုးများတဲ့ ပက်ဂလိတ်တက် အင်တာဖရွန် ထိုးဆေးကို လုံးဝ မသုံးသင့်ဘူးလို့ ပြောတာပေါ့။

ဒါပေမယ့် ဥရောပအသည်းရောဂါအဖွဲ့ကတော့ EU နိုင်ငံတွေထဲမှာ ဖွံ့ဖြိုးမှုနည်းတဲ့ နိုင်ငံတွေရှိနေသေးတော့ ပက်ဂလိတ်တက် အင်တာဖရွန် ထိုးဆေးနဲ့ DAA တွေတွဲပြီးသုံးတာ ရိုင်ဗာဗရင်း စားဆေးနဲ့ DAA တွေ တွဲပြီးသုံးတာတွေကို လက်ခံသုံးစွဲသင့်ပါတယ်လို့ ပြောထားပါသေးတယ်။

မြန်မာနိုင်ငံအတွက် အသည်းရောင်အသားဝါစီရောဂါပိုး ကုထုံးနည်းစနစ်

ပြောရမယ်ဆိုရင်တော့ မြန်မာနိုင်ငံမှာ ဆိုဖော့စ်ဘူဗီယာ DAA စီပိုးသေဆေးတစ်မျိုးပဲ ရှိသေးတော့ ပက်ဂလိတ်တက် အင်တာဖရွန် ထိုးဆေးနဲ့ ရိုင်ဗာဗရင်း စားဆေးကို သုံးနေရဦးမှာပါ။ ဒါကြောင့်မို့လို့ လက်ရှိ မြန်မာနိုင်ငံမှာ DAA သုံးပြီး စီပိုးကုတဲ့နည်းစနစ်တွေမှာ အောက်မှာရေးပြတဲ့အတိုင်း သုံးသင့်ပါတယ်။

- ပက်ဂလိတ်တက် အင်တာဖရွန် ထိုးဆေးဒဏ်ကို ခံနိုင်မယ်ဆိုရင် (Pegylated Interfron Eligible)
- ပက်ဂလိတ်တက် အင်တာဖရွန် ထိုးဆေး + ရိုင်ဗာဗရင်း စားဆေး + ဆိုဖော့စ်ဘူဗီယာ DAA စားဆေးနဲ့တွဲပြီး သုံးလကုပါ။
- ပက်ဂလိတ်တက် အင်တာဖရွန် ထိုးဆေးဒဏ်ကို မခံနိုင်ဘူးဆိုရင် (Pegylated Interfron Ineligible)
- ရိုင်ဗာဗရင်း စားဆေးနဲ့ ဆိုဖော့စ်ဘူဗီယာ DAA စားဆေးတွဲပြီး ခြောက်လသောက်ပါ။
- ထိုးဆေးဒဏ်ကို မခံနိုင်တဲ့သူတွေ
  - ○ သွေးမှား (Platelet) ၁၀၀အောက်
  - ○ သွေးဖြူ WBC (White blood cell) 2 အောက်
  - ○ သွေးနီ RBC (Red Blood Cell) သိပ်နည်းတဲ့သူတွေ
  - ○ တခြားရောဂါကြီးရှိတဲ့သူတွေ ဥပမာ နှလုံးရောဂါ၊ ဆီးချိုရောဂါ
  - ○ အသည်းသိပ်ခြောက်သွားပြီး အသည်းခြောက်ရောဂါအဆင့် C ရောက်နေတဲ့သူတွေ

စီပိုးသေဆေး DAA စားဆေးဈေးနှုန်းတွေ

ဆိုဗယ်လ်ဒီ (Sovaldi) ဆိုပြီး ဂီလီယက်ကုမ္ပဏီက ထုတ်လုပ်ရောင်းချတဲ့ ဆိုဖော့စ်ဘူဗီယာ စီပိုးသေဆေးရဲ့ သုံးလစာကို အမေရိကန်ပြည်ထောင်စုမှာ မြန်မာငွေ ကျပ်သိန်း ၉၈၀ လောက်နဲ့ ရောင်းချနေပါတယ်။ ဥရောပမှာလည်း ဒီလောက်ဈေးနှုန်းနဲ့ ရောင်းချနေပါတယ်။ ဒါကြောင့် တစ်ကမ္ဘာလုံးမှာ ဂီလီယက်ကုမ္ပဏီကို ဝိုင်းပြီးကန့်ကွက်နေပါတယ်။ ကုမ္ပဏီကလည်း ယနေ့ထက်တိုင် ဈေးမလျှော့ဘဲ ဒါပေမယ့်လည်း ရှေ့မှာပြောခဲ့သလို ဂီလီယက်ကုမ္ပဏီဟာ အိန္ဒိယကုမ္ပဏီတွေကို ဆိုဖော့စ်ဘူဗီယာ ဆေးထုတ်ခွင့် လိုင်စင်ထုတ်ပေးပြီး ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံး ၉၁ နိုင်ငံကိုပဲ ဈေးနှုန်း အထူးသက်သက်သာသာနဲ့ ရောင်းရမယ်ဆိုပြီး ထုတ်လုပ် ရောင်းချခွင့်ပြုထားပါတယ်။ အဲဒီလို တရားဝင် ဆေးထုတ်ရောင်းချခွင့် ပြုလိုက်တဲ့အတွက် အိန္ဒိယဆေးကုမ္ပဏီတွေဟာ အကြမ်းဖျင်း ပြောရမယ်ဆိုရင် သုံးလစာကို မြန်မာငွေကျပ် ခုနစ်သိန်းကနေ ၁၀သိန်းလောက်နဲ့ ရောင်းကြမှာပါ။

အဲဒီတော့ အနောက်နိုင်ငံတွေမှာ ရောင်းတဲ့ ဆိုဖော့စ်ဘူဗီယာ ၃လစာဈေးနှုန်း ငွေကျပ်သိန်း ၉၈၀ နဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရောင်းတဲ့ ငွေကျပ်ခုနစ်သိန်းဟာ သိပ်ကို ကွာလွန်းပါတယ်။

မြန်မာနိုင်ငံကတော့ အဲဒီလိုသက်မှတ်ထားတဲ့ ဖွံ့ဖြိုးဆဲ ၉၁ နိုင်ငံ စာရင်းထဲမှာပါလို့ အိန္ဒိယနိုင်ငံက ထုတ်လုပ်တဲ့ ဆိုဖော့စ်ဘူဗီယာဆေးတွေကို တရားဝင် တင်သွင်းခွင့်ပြုလိုက်ရင် သုံးလစာ ငွေကျပ်ခုနစ်သိန်းလောက်နဲ့ ဝယ်လို့ရမှာပါ။ ထိုင်း၊ မလေးရှား၊ စင်ကာပူ နိုင်ငံတွေကတော့ အဲဒီလို သတ်မှတ်ထားတဲ့ ဖွံ့ဖြိုးဆဲ ၉၁ နိုင်ငံတွေထဲမှာ မပါပါဘူး။ ဒါကြောင့် အဲဒီနိုင်ငံတွေမှာ DAA စီပိုးသေဆေး ဆိုဖော့စ်ဘူဗီယာ ဝယ်မယ်ဆိုရင် ငွေကျပ် သိန်း ၉၈၀ လောက် ကျမှာပါ။

ဒီလိုဈေးကွာဟမှု အခြေအနေကြောင့် မြန်မာပြည်က စီပိုးရောဂါသည်တွေကို သတိပေးချင်တာကတော့ ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံတွေမှာ စီပိုးသွားမကုကြပါနဲ့။ အဲဒီနိုင်ငံတွေမှာ စီပိုးကို DAA နဲ့ကုမယ်ဆိုရင် သုံးလစာ ငွေကျပ်သိန်း ၉၈၀ နဲ့ ကုရပါလိမ့်မယ်။ မကြာခင်မှာပဲ မြန်မာပြည်ကို ဆိုဖော့စ်ဘူဗီယာဆေး တရားဝင် တင်သွင်းခွင့်ပြုတော့မှာပါ။

အဲဒါဆိုရင် ဆိုဖော့စ်ဘူဗီယာ သုံးလစာကို ခုနစ်သိန်းလောက်ပဲ ကျတော့မှာပါလို့ ပြောလိုက်ချင်ပါတယ်။

- Sofosbuvir (Sovaldi)
  ဆိုဖော့စ်ဘူဗီယာ (ဆိုဗယ်လ်ဒီ)
  Gilead

(နောက်အပတ်မှာ မြန်မာပြည်မှာ DAA တွေ ဘယ်တော့ ဘယ်လိုရနိုင်တယ်ဆိုတာကို ပြောသွားပါမယ်။)

ဂီလီယက် (Gilead) ကုမ္ပဏီကနေ အိန္ဒိယနိုင်ငံက ဆေးကုမ္ပဏီတွေကို ထုတ်လုပ်ခွင့် လိုင်စင်ချပေးထားပြီး ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံး ၉၁ နိုင်ငံကိုပဲ ထုတ်လုပ်ရောင်းချခွင့် ပေးထားတဲ့ ဆိုဖော့စ်ဘူဗီယာ (Soforbuvir) ဆေးတစ်မျိုးကိုပဲ လောလောဆယ်ရရှိဦးမှာပါ။

စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

ရမည်းသင်း ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန်လဒုတိယပတ်က ရမည်းသင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးမှူး ဦးမောင်မောင်ညွှန့်က စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းသည်။

ထို့နောက် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများအား တာဝန်ရှိသူတို့က စီမံကိန်းရည်မှန်းချက်တာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၁၁)

အပူပိုင်းဒေသ ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေဆောင်ရွက်ရေး စီမံကိန်းကျေးရွာများရွေးချယ်

ညောင်ဦး ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့်ပူးပေါင်းကာ အပူပိုင်းဒေသရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းကျေးရွာများရွေးချယ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအပူပိုင်းဒေသတွင် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံမှုတို့အပေါ် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဆုံးရှုံးနိုင်ခြေများအား ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်းစဉ်များအတွက် စီမံကိန်းကျေးရွာရွေးချယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၇ရက် နံနက် ၉နာရီက ညောင်ဦးမြို့နယ် အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးက မြန်မာနိုင်ငံအပူပိုင်းဒေသတွင် လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအကြောင်းကို အမှာစကားပြောကြားခဲ့ပြီး ညောင်ဦးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် UNDP နှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ပြောကြားခဲ့သည်။

ထို့နောက် UNDP မှ နည်းပညာအကြံပေးကျွမ်းကျင်သူ Mr. Karma Lodey Rapten နှင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောကျွမ်းကျင်သူ ဦးခင်မောင်ဌေးတို့ကဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစဉ်များ၊ ရည်ရွယ်ချက်နှင့် မျှော်မှန်းအကျိုးရလဒ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများ၊ UNDP မှ တာဝန်ရှိသူများက ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၂၀ မှ စီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၇၀ ကို ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

အဆိုပါစီမံကိန်းသည် မိုးခေါင်ခြင်းနှင့် မိုးရွာသွန်းမှု အပြောင်းအလဲများခြင်း၏ ရိုက်ခတ်မှုဒဏ်ကိုခံစားနေကြရသည့် အပူပိုင်းဇုန်အတွင်းရှိ တောင်သူလယ်သမားများ၏ ထိခိုက်လွယ်မှု လျော့ကျစေရန်နှင့် စားနပ်ရိက္ခာဖူလုံမှုတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရိုက်ခတ်မှုများအား တုံ့ပြန်နိုင်ရန်အတွက် တောင်သူလယ်သမားများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ မြို့နယ်ငါးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၈၀ မှ လူဦးရေ ၂၅၄၆၀တို့ကို ရည်ရွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ ကျေးရွာ ၅၀နှင့် ရွှေဘိုမြို့နယ်မှ ကျေးရွာ ၆၀ ခန့်၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ ကျေးရွာ ၄၀၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်မှ ကျေးရွာ ၆၀ နှင့် ညောင်ဦးမြို့နယ်မှ ကျေးရွာ ၇၀ တို့ဖြစ်ပြီး အိမ်ထောင်စု ၅၀၆၃၉စု အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

မျှော်မှန်းအကျိုးရလဒ်များမှာ အပူပိုင်းဇုန်ရှိ ကျေးရွာပေါင်း ၂၈၀ တွင် ခြောက်သွေ့ရာသီများ၌ သောက်သုံးရေ အမြဲမပြတ်ရရှိနိုင်မှု သေချာလာစေမည်ဖြစ်ကာ ရာသီဥတုကိုအန်တုနိုင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေး အလေ့အကျင့်များ အပူပိုင်းဇုန်တွင် တိုးပွားလာစေမည်ဖြစ်ကြောင်း သိရသည်။

အချိန်နှင့် တစ်ပြေးညီအရည်အသွေးပြည့်ဝသော ရာသီဥတုအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို အပူပိုင်းဇုန်ရှိလယ်သမားများအား ဖြန့်ဝေပေး ခြင်းအားဖြင့် ကာလတိုမိုးလေဝသသတင်းများ၊ ကာလလတ်ရာသီဆိုင်ရာခန့်မှန်းချက်များနှင့် ရေရှည်ကာလ ရာသီဥတုဆိုင်ရာ အနာဂတ် စီမံဆောင်ရွက်ချက်များအား လယ်သမားများမှ အသုံးချမှုများ တိုးပွားလာမည်ဟု တာဝန်ရှိသူများက မျှော်မှန်းထားကြောင်း အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှ သိရှိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဒေသ၏ နွေရာသီမြင်ကွင်းတစ်ခု။

အချိန်မတော် မြစ်ရိုးတစ်လျှောက် ဓားကိုင်လူတစ်စုမှ ဝင်ရောက်ခိုးယူမှု စဉ့်ကိုင်ဌဲဖြစ်ပွား

စဉ့်ကိုင် ဇွန် ၁၈

စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာ၌ ဇွန် ၁၆ရက် ည ၁၂ နာရီဝန်းကျင်က ဓားရှည်ကိုင်ဆောင်ထားသည့် လူတစ်စုက စက်လှေဖြင့် လာရောက်ကာ နေအိမ်တွင်းကျူးကျော်ခိုးယူမှု ဖြစ်ပွားခဲ့သဖြင့် စဉ့်ကိုင်မြို့နယ် ပုလိပ်မြို့မနယ်မြေရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွန် ၁၆ ရက် ည ၁၂ နာရီက စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာ အရှေ့ဖျားရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဦးစီးဌာန၊ မြစ်ရေတင်စခန်းမှ ဦးမောင်နိုင်နှင့် သားဖြစ်သူ မောင်အောင်အောင်သည် အိပ်ပျော်နေ စဉ် အိမ်အတွင်းသို့ လူခြောက်ဦးခန့်က ဓားရှည်များကိုကိုင်ဆောင်ဝင်ရောက်လာသည်ကို အတူအိပ်နေသည့် သားဖြစ်သူ မောင်အောင်အောင်ပြောကြားသဖြင့် သိရှိရကြောင်း၊ ဓားများ ကိုင်ဆောင်ထားသဖြင့် သားဖြစ်သူက ဖခင်ကိုမနှိုးဘဲ လက်နက်ကိုင်ဆောင်သူများ ပြန်ထွက်သွားမှ နှိုးဆ၍ ကြည့်ရှုရာ ငွေကျပ် ၃၈၀၀၀၀ ကျော်နှင့် ရေအရင်းအမြစ်စခန်း အသုံးပြုနေသည့် ကင်မရာ၊ ဖုန်းလေးလုံးနှင့် အခြားပစ္စည်းအချို့ ယူဆောင်သွားကြောင်း တွေ့ရှိရသည်။

ဓားကိုင်ဆောင်ထားသူများသည် မြစ်အတွင်း အသင့်ရှိသည့် စက်လှေဖြင့် မောင်းနှင်ထွက်ခွာသွားသည်ကို သိရှိရပြီး ယင်းနေ့ည ၁ နာရီကလည်း မြောက်ကိုင်းကျေးရွာ အနောက်ဖျားရှိ ဒေါ်မြမြ၏ ကုန်စုံဆိုင်မှ ကုန်ပစ္စည်းတန်ဖိုး ငွေကျပ်တစ်သိန်းကျော်ဖိုးအား ယူဆောင်သွားခဲ့သေးကြောင်း သိရသည်။

"ကျွန်တော်တို့ ရွာသားတစ်ဦးက ဒေါ်မြမြအိမ်ကနေ ဆင်းလာတာကို မြင်ရလို့ အော်ဟစ်ခဲ့တဲ့အခါ စက်လှေပေါ်တက်ပြီး မောင်းထွက်သွားတယ်။ အခုလိုဖြစ်တာ နှစ်ကြိမ်ရှိပါပြီ။ မတ်လတုန်းကလည်း လူအုပ်စုဖွဲ့ပြီး စက်လှေနဲ့လာဖူးတယ်။ ဆန်အိတ်ရှစ်ပိုင်း ပါသွားခဲ့တယ်။ စက်လှေမှာ လူဘယ်နှစ်ဦးပါလဲ မသိဘူး။ ဓားရှည်တွေကိုင်ထားတဲ့အတွက် ဒေသခံတွေ ထိတ်လန့်နေလို့ လုံခြုံရေးဆောင်ရွက်နေတယ်"ဟု စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မင်းက ပြောသည်။

မောင်မောင်စိုး(မြစ်ငယ်)

အိမ်အတွင်းဝင်ရောက်သူများ စက်လှေဖြင့်ထွက်ပြေးရာ မြစ်ရိုး။

မြန်မာ့စီးပွားရေးဘဏ်ခွဲများတိုးမြှင့်ဖွင့်လှစ်ခြင်းဖြင့် ငွေကြေးဝန်ဆောင်မှု ပိုမိုတွင်ကျယ်စေမည်

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ကြည့်မြင်တိုင်ဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၆ရက်နံနက်က ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းရွယ်နှင့် ဦးယဉ်ဇော်မျိုးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က မြန်မာ့စီးပွားရေးဘဏ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

မြန်မာ့စီးပွားရေးဘဏ် ကြည့်မြင်တိုင်ဘဏ်ခွဲ အဆောက်အအုံမှာ အလျားပေ ၉၀ နှင့် အနံပေ ၆၀ ခန့်ရှိပြီး အာရ်စီအမျိုးအစားနှစ်ထပ်အဆောက်အအုံဖြစ်ကာ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျပ်သန်း ၅၀၀ ကုန်ကျခံတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ကြည့်မြင်တိုင်ဘဏ်ခွဲတွင် နိုင်ငံတော် ရန်ပုံငွေစာရင်းများ၊ စာရင်းရှင်းစာရင်းများနှင့် အတိုးပေးရသည့် အပ်ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းရှင်များအတွက် ချေးငွေထုတ်ချေးခြင်း၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် ပင်စင်လစာများ ထုတ်ပေးခြင်း၊ ငွေလွှဲပို့ ဝန်ဆောင်ခြင်းအပြင် ၂၄နာရီ အေတီအမ်စက်များဖြင့် ငွေထုတ်ယူနိုင်ခြင်း စသည့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြန်မာ့စီးပွားရေးဘဏ် မြောက်ဥက္ကလာဘဏ်ခွဲ အဆောက်အအုံကိုလည်း ထိုနေ့နံနက် စနာရီတွင် အဆောက်အအုံသစ်တည်ရှိရာ မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းမကြီးနှင့် မြရတနာလမ်းထောင့်တွင် ဖွင့်လှစ်ပေးခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နောင်ချိုမြို့နယ်၌ဖွင့်လှစ်

နောင်ချို ဇွန် ၁၈

နောင်ချိုမြို့နယ် နောင်ဩကျေးရွာ ကျောင်းထိုင်ဆရာတော်ကကြီးမှူးကာ နောင်ဩကျေးရွာသူ ကျေးရွာသားများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများပူးပေါင်းတည်ဆောက်ခဲ့ကြသည့် လူမှုအကျိုးပြု ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၁၇ ရက် နံနက်က ဖွင့်လှစ်ပေးခဲ့သည်။

ရောင်ခြည်ဦးအမည်ရ နောင်ဩကျေးရွာစာကြည့်တိုက်ကို နောင်ဩကျောင်းဆရာတော်နှင့် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်မျှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မြို့နယ်တာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"ကျေးရွာတိုင်းမှာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေ ဖွင့်လှစ်နိုင်ခဲ့တာ အလွန်အကျိုးကျေးဇူးဖြစ်ထွန်းပါတယ်။ ဒေသခံတွေရဲ့ အတွေးအခေါ်၊ အယူအဆတွေနဲ့ ပညာဗဟုသုတတွေကို မြှင့်တင်ပေးရာရောက်တဲ့အပြင် ခေတ်နဲ့လည်း လိုက်လျောညီထွေဖြစ်စေပါတယ်။ စာကြည့်တိုက်တွေကို ပုံမှန် လူထုအသုံးပြုနိုင်အောင် စွမ်းဆောင်သွားရမှာဖြစ်ပါတယ်၊ ကျွန်မတို့ဌာနက စာကြည့်တိုက်မှာလိုအပ်တဲ့စာအုပ်စာတမ်းတွေကို ဖြည့်တင်းပေးနိုင်ဖို့ ဆောင်ရွက်တယ်"ဟု မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်အိအိစိုးက ပြောသည်။

(ဝဖဒ)

ဆေးပညာသတင်းဆန်းများ(၁၀၁)

ဒေါက်တာကံညွန့်

သွားပိုးစားရောဂါကာကွယ်ကုသပါ

ကမ္ဘာပေါ်က လူပေါင်း ၂ ဒသမ ၄ ဘီလီယံခန့်ဟာ သူတို့ရဲ့သွားပိုးစားရောဂါ (Tooth Decay) ကို ကုသမှုမခံကြရဘူးလို့ ဆိုပါတယ်။ ဒါဟာ ကမ္ဘာ့လူဦးရေအားလုံးရဲ့ သုံးပုံတစ်ပုံပါ။ ကလေးငယ်ပေါင်း ၆၂၁ သန်းခန့်ဟာလည်း သွားပိုးစားရောဂါနှင့် ရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။ ဒါဟာ Journal of Dental Research စာစောင်မှာ ဖော်ပြထားတာပါ။ ဒီသွားပိုးစားရောဂါဟာ မကုသဘဲထားခဲ့ရင် သွားအခေါင်းပေါ်ခြင်း (Cavities)၊ ရောဂါပိုးဝင်ခြင်း (infection) သွားဖုံးရောင်ဖြစ်ခြင်းနှင့် ခံတွင်းရောဂါဖြစ်ခြင်းတို့ ဖြစ်ပေါ်ပြီး ကလေးရဲ့ကြီးထွားမှုကိုပါ ထိခိုက်နိုင်တယ်လို့ ဆိုပါတယ်။

ဒါကတော့ သွားရောဂါနှင့်ပတ်သက်တဲ့ နိုင်ငံတကာလေ့လာရေးအဖွဲ့ကြီးတစ်ခုက ယခင်ပြုလုပ်ခဲ့တဲ့ လေ့လာမှုပေါင်း ၃၇၈ ခုကို အခြေခံပြီး ၁၉၉၀ ပြည့်နှစ်ကနေ ၂၀၁၀ ပြည့်နှစ်ထိ လူပေါင်း ငါးသန်းကျော်ကို လေ့လာသုတေသန ပြုခဲ့ကြတာဖြစ်ပါတယ်။ ဒီလေ့လာမှုအရ Lithuania နိုင်ငံဟာ ကမ္ဘာ့နိုင်ငံတွေထဲမှာ သွားရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံတစ်ခုဖြစ်ပြီး ယင်းနိုင်ငံလူဦးရေနဲ့ ၆၈ ရာခိုင်နှုန်းဟာ သွားရောဂါခံစားနေရတယ်လို့ ဆိုပါတယ်။ သူတို့ အဆိုအရ နှစ်စဉ်လူပေါင်း သန်း ၁၉၀ ခန့်ဟာလည်း သွားရောဂါခံစားရတဲ့ လူနာအဖြစ် တိုးနေတယ်လို့ ဆိုပါတယ်။ ဒီသွားပိုးစားရောဂါဟာ ကြီးမားတဲ့ ကျန်းမာရေးပြဿနာတစ်ခုဖြစ်ပေမယ့် ကာကွယ်ကုသလို့ရတဲ့ ရောဂါတစ်ခုဖြစ်တာကြောင့် နိုင်ငံတိုင်းက အစိုးရတွေက အလေးထားဆောင်ရွက်ဖို့ လိုတယ်။ ဒါမှမဟုတ်ရင် စီးပွားရေးအရ ကုန်ထုတ်လုပ်မှု ကျဆင်းတာအထိ ဖြစ်လာနိုင်ပြီး တိုင်းပြည်ရဲ့ စီးပွားရေးကိုလည်း ထိခိုက်နိုင်တယ်။ ဒါကြောင့် ကလေးတွေအတွက် ကျန်းမာရေးပညာပေးခြင်း၊ ကျောင်းနေစအရွယ်ကပဲ သွားကျန်းမာရေးကို အစဉ်တစိုက် ဆောင်ရွက်စေခြင်းတို့ ပြုလုပ်ပေးသင့်တယ်လို့ ဒီလေ့လာမှုမှာ ဦးဆောင်ပါဝင်ခဲ့သူ လန်ဒန် Queen Mary တက္ကသိုလ်က သွားရောဂါဆရာဝန်ကြီး ပါမောက္ခ Wagner ရဲ့ အကြံပြုချက်ကို တင်ပြလိုက်ရပါတယ်။

ကင်ဆာရောဂါအန္ဓံခံပေးသည့်ခွေး

Frankie ဆိုတာ ခွေးတစ်ကောင်ရဲ့ နာမည်ပါ။ German Shepherd မျိုးစပ်ထားတဲ့ ခွေးပါ။ ဒီခွေးဟာ လူတစ်ယောက်ရဲ့ ဆီးကို အနံ့ခံစမ်းလိုက်ရုံနှင့် Thyoid Cancer ခေါ်တဲ့ လည်ပင်းကျိတ်ကင်ဆာရောဂါရှိ မရှိ သိနိုင်တယ်လို့ ဆိုပါတယ်။ ဒါကို အမေရိကန်နိုင်ငံ San Diego မြို့မှာ ကျင်းပတဲ့ (၉၇) ကြိမ်မြောက် Endocrine Society ညီလာခံမှာ ပြသခဲ့တာပါ။ ဒီညီလာခံမှာ တင်ပြခဲ့သူတွေကတော့ UAMS လို့ အတိုကောက်ခေါ်တဲ့ University of Arkansas for Medical Sciences က ဆေးပညာရှင်တွေ ဖြစ်ပါတယ်။ သူတို့ဟာ နဂိုက Diagnose လုပ်ပြီးသား Thyroid Cancer ဖြစ်သူ ၁၅ ဦးနှင့် ကင်ဆာမဟုတ်သူ ၁၉ ဦးတို့ရဲ့ ဆီးကိုယူပြီး Frankie ခေါ်တဲ့ ခွေးကို စမ်းခိုင်းပြခဲ့တာဖြစ်ပါတယ်။ ဒီလိုစမ်းခိုင်းတဲ့အခါ ယင်း Sample ပေါင်း ၃၄ ခုထဲက အခု ၃၀ (88%) ကို မှန်အောင် စမ်းနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ သူတို့ အဆိုအရ ခွေးဟာ လူ့ထက် အနံ့ခံနေရာ (Smell Receptier) ဆယ်ဆပိုရှိတယ်။ ဒါကြောင့် သူတို့ဟာ အနံ့ခံရာမှာ အစွမ်းထက်တာလို့ ဆိုပါတယ်။ ဒီလေ့လာမှုကို ဦးဆောင်ခဲ့သူ သုတေသနပညာရှင် Donald ကတော့ နောက်ဆိုရင် လည်ပင်းကျိတ်ရောဂါရှိသူတွေကို အနာခံပြီး Biopsy (အသားစစမ်းသပ်)တာတွေ လုပ်နေစရာ မလိုတော့ဘူးလို့ ဆိုပါတယ်။ နောက်ပြီး တခြားစမ်းသပ်မှုတွေကို လေ့ကျင့်ဖို့ တိရစ္ဆာန်မွေးမြူရေးကျောင်း (Veterinary School)တစ်ခု တည်ထောင်ပြီး ခွေးတွေကို လေ့ကျင့်ပေးဖို့ စီစဉ်နေကြောင်း တင်ပြလိုက်ရပါတယ်။

ဗီတာမင်-D လျော့ခြင်းနှင့်နလုံးသွေးကြောကျဉ်းရောဂါ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကလေးအရွယ်မှာ ဗီတာမင် D လျော့နည်းစွာ ရှိခဲ့သူဟာ နောင်လူကြီးဖြစ်လာရင် နှလုံးသွေးကြောကျဉ်းရောဂါပိုဖြစ်နိုင်တယ်ဆိုတဲ့ လေ့လာချက်တစ်ခုအကြောင်းပါ။ ဒီလေ့လာချက်ကိုတော့ ဖင်လန်နိုင်ငံ Turku University က ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ အသက်သုံးနှစ်က ၁၈ နှစ်အရွယ် ကလေးသူငယ် ၂၂၀၀ ကို လေ့လာထားခဲ့ကြပြီး သူတို့ကို အသက် ၃၀ နှင့် ၄၅ နှစ်တွေမှာ ထပ်မံလေ့လာခဲ့ကြပါတယ်။ ဒီလိုလေ့လာခဲ့ရာမှာ သူတို့ရဲ့ နှလုံးသွေးကြောကြီးတစ်ခုဖြစ်တဲ့ Carotid Artery ရဲ့ နံရံအထူ (Intima Thickness-IMT) ကို Ultrasound ရိုက်ပြီး လေ့လာကြည့်ခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့တွေ့ရှိချက်အရ ငယ်စဉ်က ဗီတာမင် D ချို့တဲ့ခဲ့တဲ့ ကလေးတွေရဲ့ သွေးကြောနံရံတွေဟာ ပိုထူနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီလိုတွေ့ရတာမှာ ကလေးဘဝက ဗီတာမင် D ပိုနည်းခဲ့တဲ့ လူတွေဟာ IMT ပိုထူနေတာကို တွေ့ရတယ်။ ဒါကြောင့် ကလေးငယ်စဉ်က ဗီတာမင် D ဓာတ်ချို့တဲ့မှုဟာ နှလုံးသွေးကြောကျဉ်းရောဂါကို ပိုဖြစ်နိုင်မှာ သေချာတယ်လို့ သူတို့က ကောက်ချက်ချလိုက်ပါတယ်။ ပိုသေချာအောင် လေ့လာမှုတွေ လုပ်ကြဦးမယ်လို့လည်း ဆိုထားပါတယ်။ ဒါကြောင့် ကလေးအရွယ်မှာ ဗီတာမင် D ပါတဲ့ အစားအစာလုံလောက်စွာကျွေးကြဖို့ သတိထားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

ဦးနှောက်ကင်ဆာရှင်အတွက် ဦးထုပ်

သိပ္ပံပညာရှင်တွေနဲ့ ဆေးပညာရှင်တွေ ပူးပေါင်းပြီး ဦးနှောက်ကင်ဆာရောဂါရှင်တွေအတွက် ခေါင်းမှာဆောင်းမယ့်ဦးထုပ်တစ်ခု ထွင်လိုက်ကြပါတယ်။ ဒီဦးထုပ်ကို Anti-Cancer Hat လို့ အမည်ပေးထားပါတယ်။ ဒီဦးထုပ်ဟာ သာမန်ဦးထုပ်တွေလိုပဲ ခေါင်းဆောင်းအဂ္ဂီတစ်ခုပါပြီး အထဲမှာ Battery အသေးစားနှင့် ပြုလုပ်ထားတဲ့ Electric Wave ထုတ်လွှတ်ပေးနိုင်တဲ့ Circuit တစ်ခုပါပါတယ်။ ဒီကထုတ်လုပ်လိုက်တဲ့ Electrical Wave တွေဟာ ဦးခေါင်းခွံကိုဖြတ်ပြီး ဦးနှောက်ထဲက ကင်ဆာအကျိတ်ကြီးထွားမှုကို ရပ်တန့်စေမှာဖြစ်ပါတယ်။ ဒီဦးထုပ်ကို ဦးနှောက်မှာ အဖြစ်များတဲ့ Glioblastoma, Glioma ခေါ်တဲ့ ကင်ဆာရောဂါမှာ အသုံးပြုမှာပါ။ ဒီရောဂါဟာ ပြင်းထန်တဲ့ရောဂါတစ်မျိုးဖြစ်ပြီး ဒီရောဂါဖြစ်တယ်ဆိုတဲ့ Diagnosis ရပြီး ၁၄ လလောက်သာ အသက်ရှင်နိုင်တဲ့ရောဂါပါ။ ဒီရောဂါကို ခွဲစိတ်ခြင်း၊ ဓာတ်ကင်ခြင်း (Radiotherapy) နှင့် ဆေးသွင်းကုသခြင်း Chemotherapy တို့နှင့် ကုသပေးကြရတာပါ။ အခု ဒီဦးထုပ်နှင့် ဦးနှောက်ကင်ဆာဖြစ် နေသူ ၃၁၅ ဦးစမ်းသပ်တဲ့အခါ ဒီလူတွေဟာ နှစ်နှစ်ကြာအထိ အသက်ရှည်စွာ နေထိုင်ကြရတယ်လို့ ဆိုပါတယ်။ ဒီဦးထုပ်ကို နာမည်ကြီး Novocure ကုမ္ပဏီကထုတ်လုပ်တာဖြစ်ပြီး ဒီဦးထုပ် ပေါ်လာတာဟာ ဦးနှောက်ကင်ဆာခံစားနေရသူတွေအတွက် သတင်းကောင်းအဖြစ် တင်ပြလိုက်ရပါတယ်။

ကိုယ်ဝန်ဆောင်မိခင်နှင့် ဆေးလိပ်သောက်ခြင်း

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကိုယ်ဝန်ဆောင်ပြီး ကိုယ်ဝန် သက်တမ်းမစေ့ခင် ကလေးမွေးတတ်တဲ့မိခင်တွေဟာ နှလုံးရောဂါဖြစ်နိုင်ခြေပိုများတယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ ဥရောပနိုင်ငံငါးနိုင်ငံက ဆေးပညာရှင်တွေရဲ့ တွေ့ရှိချက်ကို European Journal of Preventative Cardiology ဂျာနယ်မှာ ဖော်ပြထားတာပါ။ ဒီဥရောပ(၅)နိုင်ငံကတော့ ဒိန်းမတ်၊ ဖင်လန်၊ စကော့တလန်၊ အိုင်ယာလန်နှင့် နော်ဝေနိုင်ငံတွေပဲ ဖြစ်ပါတယ်။ သူတို့ဟာ ဒီငါးနိုင်ငံက မိခင်ပေါင်းကိုးသိန်းကျော်ကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့အဆိုအရ ကိုယ်ဝန် ၃၇ ပတ်ထက်စောမွေးတဲ့မိခင်တွေ နှလုံးရောဂါဖြစ်နိုင်ခြေ ၃၈ ရာခိုင်နှုန်း ပိုရှိနိုင်တယ်လို့ဆိုပါတယ်။ ခြုံကြည့်ရင် ကိုယ်ဝန်စောစောမွေးတဲ့မိန်းမတွေဟာ ပုံမှန်အတိုင်းမွေးတဲ့ မိန်းမတွေထက် နှလုံးရောဂါဖြစ်နိုင်ခြေ နှစ်ဆပိုရှိတယ်လို့ ဆိုပါတယ်။ ဒါဟာဘာကြောင့်လဲဆိုတာ အတိအကျ မပြောနိုင်သေးပေမယ့် အကြောင်းတစ်ခုကတော့ ဆေးလိပ်သောက်ခြင်းနှင့် သက်ဆိုင်နေတယ်လို့ဆိုပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အဆိုအရ ကမ္ဘာမှာကလေး ၁၅ သန်းဟာ လမစေ့မီမွေးဖွားနေတယ်လို့ ဆိုပါတယ်။ မိခင်လောင်းတွေ ကလေးကျန်းမာရေးအတွက်ရော၊ ကိုယ့်ကျန်းမာရေးအတွက်ပါ ဆေးလိပ်မသောက်ကြဖို့တင်ပြလိုက်ရပါတယ်။

၁၉၅၀ ခုလွန်နှစ်များလောက်က ဆေးပညာရှင်တွေဟာ ပျော်ဝင်တဲ့အဆီ (Saturated Fat)ဟာ နှလုံးရောဂါကို ပိုဖြစ်စေနိုင်တာကြောင့် မစားသုံးသင့်ဘူးလို့ ယူဆခဲ့ကြပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီ Saturated Fat ဟာ သွေးထဲက LDL ခေါ်တဲ့ Low Density Lipoprotein ဓာတ်ကို များစေတာကြောင့် ဖြစ်တယ်။ အခုတော့ ဒီအယူအဆကို ပြောင်းသင့်တယ်လို့လေ့လာသူတွေက ထောက်ပြထားကြပါပြီ။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ Pennsylvania State University San Diego Nutrition Science Initiative က ပညာရှင်တွေ စုပေါင်းထောက်ပြခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ယခင်ကလေ့လာထားတဲ့ စာတမ်းပေါင်း (၇၆) စောင်ကို ပြန်လည်သုံးသပ်ပြီး ၂၀၁၄ ခုနှစ်က ထုတ်ဝေတဲ့ Annals of Internal Medicine စာစောင်မှာ တင်ပြခဲ့ကြပါတယ်။ ဒီစာတမ်းမှ Saturated Fat ဟာ သွေးထဲက LDL ကို မြင့်စေတာမှန်တယ်။ ဒါပေမယ့် ဒီ Saturated Fat က ထွက်လာတဲ့ LDL အဆီအမျိုးအစားဟာ ပျော့ဖတ်ဖတ်ဖြစ်ပြီး နှလုံးရောဂါဖြစ်စေတဲ့ သွေးခဲစေမှုကို မဖြစ်နိုင်ဘူး။ သေးငယ်ပြီးမာတဲ့ LDL (အဆီဓာတ်)ကသာ သွေးကြောကျဉ်းခြင်းကိုဖြစ်စေတယ်လို့ဆိုပါတယ်။ ဒါကြောင့် Saturated Fat များများပါတဲ့ စိမ်းလန်းလတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ အသားနှင့် ငါးတို့ကိုများများ စားသုံးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသိပညာပေး

ရွှေကူမြို့

ကချင်ပြည်နယ် ရွှေကူမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဇွန် ၁၅ ရက်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး မြေစိုက်ပိုစတာနှင့်အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြေစိုက်ပိုစတာ ၁၀ ခုနှင့် စတစ်ကာ စုစုပေါင်း ၃၀ ကို အများပြည်သူ အလွယ်တကူမြင်တွေ့နိုင်မည့် လမ်းဆုံ၊ လမ်းခွများ၌ စိုက်ထူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်းဘွဲ့မြို့

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်နှင့် ဟောပြောပွဲများကို ဇွန် ၁၆ ရက်က နောင်တိုင်ကျေးရွာနှင့် ဝင်းစိန်ကျေးရွာတို့၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စန်းမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်အကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဆည်တက္ကသိုလ်တွင် မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

ကျောက်ဆည် ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်တက္ကသိုလ်တွင် ဇွန် ၁၆ ရက်က မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု ပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်းပြပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်နိုင်က ဟောပြောပွဲနှင့်ပြပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပရိုဂျက်တာများ၊ မှတ်တမ်းတင်ဓာတ်ပုံများ၊ စာအုပ်စာစောင်များနှင့် အကျယ်တဝင့် ရှင်းလင်းအသိပညာပေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က ကျေးဇူးတင်စကားပြောကြားပြီး "မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်" ခေါင်းစဉ်ဖြင့် ကျောင်းတွင်းစာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများနှင့် လာရောက်အသိပညာပေးဆွေးနွေးကြသော အသိပညာရှင်များအား ဂုဏ်ပြုဆုနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်မောင် (ကျောက်ဆည်)

၁၂ပေလမ်းတိုအတွင်း အထပ်မြင့်ဆောက်လုပ်ခြင်း ကန့်ကွက်မှု ၁၆ ကြိမ်ရှိသော်လည်း ဆက်လက်ဆောက်လုပ်ခွင့်ရရှိ

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ၁၁ ရပ်ကွက် ဓမ္မာရုံ လမ်းသွယ် ၁ လမ်းမှာ လမ်းအကျယ် ၁၂ပေခန့်သာ ရှိသော ထောင့်ချိုးနှစ်ခုပါ အိမ်ခြေ ၁၀လုံးကျော်သာရှိသော လမ်းတိုတစ်ခုဖြစ်ပြီး ယင်းလမ်းတွင် အထပ်မြင့်ကွန်ဒိုတိုက် တည်ဆောက်ခြင်းကို ၂၀၁၃ ခုနှစ်ကတည်းက ပတ်ဝန်းကျင်က ယခုအချိန်ထိ ၁၆ ကြိမ်ခန့် သက်ဆိုင်ရာများသို့ ကန့်ကွက်ခဲ့သော်လည်း ဆက်လက်ဆောက်လုပ်နေဆဲဖြစ်ကြောင်း သိရသည်။

"တိုက်ဆောက်ဖို့အတွက် ပတ်ဝန်းကျင်ရဲ့သဘောထားကိုတောင်းခံရာမှာ ပတ်ဝန်းကျင်အိမ်တွေက ကန့်ကွက်ခဲ့ပါတယ်။ မြို့တော်ဝန်နဲ့ဝန်ကြီးချုပ်၊ ရပ်ကွက်၊ မြို့နယ်နဲ့ ခရိုင် အင်ဂျင်နီယာဌာန(အဆောက်အအုံ) တွေကိုလည်း အကြိမ်ကြိမ်အသနားခံတင်ပြခဲ့ကြပါတယ်။ လမ်းက ၁၂ ပေ အကျယ်ရှိတဲ့ 'ယ' ပုံသဏ္ဌာန် လမ်းဖြစ်ပါတယ်။ ဆောက်လုပ်တဲ့မြေက ထောင့်ကွက်ဖြစ်ပြီး လမ်းရဲ့ ထောင့်ချိုးဟာလည်း ၉၀ဒီဂရီအထိ ချိုးထားတာကြောင့် ခုနှစ်ထပ်ခွဲဆောက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ကားနှစ်စီးတောင်မရောင်နိုင်တဲ့အကြောင်းကို စည်ပင်ကော်မတီဝင် ကိုးဦးစီအထိ အဆင့်ဆင့်တင်ပြခဲ့ပါတယ်။ သက်ဆိုင်ရာဌာနမှူးနဲ့ တာဝန်ရှိသူတွေက ခွင့်ပြုပေးရာမှာ လမ်းအကျယ်နဲ့ ပတ်ဝန်းကျင်ရဲ့သဘောထားကို မသိရှိခဲ့ပါဘူး။ ညှိနှိုင်းပေးခဲ့ရာမှာလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဒဏ်ကြေးကိုဆောင်ပြီး ဆက်ဆောက်သွားမယ်လို့ သူတို့ဘက်ကနေ ပြောကြားခဲ့တာကို သိရတယ်။ ကန့်ကွက်မှုတွေကြားကပဲ သူတို့က အဆောက်အုံဆောက်လုပ်ခွင့်ရရှိခဲ့ပြီး ပိုင်ရိုက်တာ၊ မြေတူးတာတွေ ဆက်တိုက် လုပ်ဆောင်နေခဲ့တာကြောင့် ပတ်ဝန်းကျင်အိမ်က နံရံတွေကွဲအက်တာ၊ မြေအောက်ရေလျှောင်ကန်ထဲမှာ ရေစိမ့်ပြီး ရေမရှိတော့တဲ့ ပြဿနာတွေ ဆက်တိုက်ဖြစ်နေရတယ်"ဟု လမ်းအတွင်း နေထိုင်သူ ဒေါ်ဆွေဆွေစိုးက ပြောကြားသည်။

လမ်းသူလမ်းသားများစုပေါင်းကာ သက်ဆိုင်ရာဌာနအသီးသီးသို့ စာတင်ခြင်းနှင့် လူကိုယ်တိုင်သွားရောက်တွေ့ဆုံခြင်းများ လုပ်ဆောင်ခဲ့သော်လည်း ထူးခြားမှုမရှိခြင်းကြောင့် ဇွန် ၁၀ ရက်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌထံသို့လိပ်မူကာ ဆောက်လုပ်မှုအားခေတ္တရပ်ဆိုင်းပေးရန်နှင့် ပြန်လည်စိစစ်ကာ တရားမျှတစွာ ဆောင်ရွက်ပေးပါရန် လမ်းအတွင်းရှိ အဆိုပါမြေကွက် ပတ်လည်မှ လမ်းသူလမ်းသား အိမ်ထောင်စု ရှစ်စုမှ ထပ်မံတိုင်ကြားထားကြောင်း သိရှိရသည်။

ခင်ရတနာ

မင်းကင်းမြို့နယ်တွင် တရားမဝင်သစ်ခွဲသားများဖမ်းဆီးရမိ

မင်းကင်း ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီးမင်းကင်းမြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအံ့ဇော်ထွန်းဦးဆောင်သောသစ်တောဝန်ထမ်းများသည် တိုင်းနှင့် ခရိုင်စစ်ကြောင်းအသွင်ဖြင့် သတင်းရရှိထားသော ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများကို ဖမ်းဆီးပေးလျက်ရှိရာ ပြီးခဲ့သည့်လအတွင်းက မင်းကင်းမြို့နယ် ပင်တင်းကျေးရွာအနီး အမည်မပါသော အပြာနုရောင်ရေယာဉ်ပေါ်တွင် တမလန်း ၃၈ တုံး အလေးချိန် ၃ဒသမ ၈၂၄၆ တန်နှင့် တမလန်းခွဲသား ၁၄၅ ချောင်း၊ သစ်ယာခွဲသား ၆၅ချောင်းနှင့် အင်ခွဲသား ၂၈ချောင်းတို့ကို ဖမ်းဆီးရမိခဲ့ပြီး နီညိုအမြန်ရေယာဉ်ပေါ်မှ တမလန်းခွဲသား ၁၀၄ချောင်း အလေးချိန် ၃ဒသမ၆၇၁စတန်နှင့် သစ်ယာနှင့် အင်ခွဲသားများကို ဖမ်းဆီးရမိသဖြင့် သစ်တောဦးစီးဌာနမှ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **ချင်းတွင်းသား**



တရားမဝင်ကျွဲနွားများ ဖမ်းဆီးရမိ

မော်လူး ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးနှင့် နန့်စီးအောင်နယ်မြေအကြား မီးရထားလမ်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ခလရ(၁၈)မှ ပိုလ်ကြီး အောင်မင်းခန့် ဦးစီးသည့် ၅ ဦးအဖွဲ့သည် မန္တလေး-မြစ်ကြီးနား မီးရထားလမ်း အရှေ့ဘက်မှအနောက်ဘက်သို့ဖြတ်လာသော ကျွဲနွားမှောင်ခိုအဖွဲ့နှင့် ဇွန် ၁၄ ရက် ည ၁၀ နာရီ ၄၅ မိနစ်အချိန်တွင် ဆုံတွေ့ရာ မှောင်ခိုသမားများသည် ကျွဲမ ၅ ကောင်၊ ကျွဲထီး ၁ ကောင်၊ နွားထီး ၆ ကောင်၊ နွားမ ၂ ကောင် စုစုပေါင်း ကျွဲနွား ၁၄ ကောင်အား ပစ်ထားပြီး ထွက်ပြေးသွားခဲ့ကြရာ ကျွဲနွား ၁၄ ကောင်အား ပိုင်ရှင်မဲ့အဖြစ် ဖမ်းဆီးရမိခဲ့ပြီး မော်လူးမီရထားလမ်း လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် ခလရ ၁၈ မှ ဗိုလ်မှူးပြည့်ခိုင်နှင့် ပိုလ်ထိန်ဝင်းတို့ထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဖမ်းဆီးရမိသော ကျွဲနွားများကို မော်လူးနယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ မော်လူးရဲစခန်းမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(၁၇၁)

ဆိုင်ကယ်ပျောက်ဆုံးမှုများ ရေတာရှည်မြို့နယ်၌ မကြာခဏပေါ်ပေါက်နေ

ရေတာရှည် ဇွန် ၁၈

ဆိုင်ကယ်စီးနင်းသူများ တစ်နေ့တခြားပိုမိုများပြားလျက်ရှိရာ ဒုစရိုက်မှုကျူးလွန်သူများက ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များကို ပစ်မှတ်ထားကာ ဆိုင်ကယ်ခိုးယူမှုများ ပိုမိုလုပ်ဆောင်လာကြောင်း သိရသည်။

ရေတာရှည်မြို့၊ ဆွာမြို့ရပ်ကွက်များတွင် ဆိုင်ကယ်ခိုးယူခံရခြင်းများတစ်နေ့တခြား များပြားလာသည့်အပြင် အနီး အနားရှိ ကျေးရွာများအထိ လိုက်လံခိုးယူလျက်ရှိနေသည်ဟု ဒေသခံများကပြောပြသည်။

"ကျွန်တော်တို့ရွာမှာ နှစ်ရက်ဆက်တိုက် အခိုးခံရတာ မြောက်ပိုင်းကဆိုင်ကယ်ဆိုရင် ညပိုင်း ကိုးနာရီလောက်ပဲ။ ရှိသေးတယ်၊ ခိုးတဲ့သူတော့ မမိသေးပါဘူး"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု၊ မှန်စီကျေးရွာနေသူကပြောကြားသည်။

ဆိုင်ကယ်များခိုးယူခံရသည်များတွင် နေအိမ်ပိုင်းမလုံခြုံခြင်း၊ အမှုမဲ့အမှတ်မဲ့ထားခြင်းများကြောင့် အများဆုံးခိုးယူခံရပြီး ဆိုင်ကယ်သူခိုးများအား ဖမ်းဆီးရမိမှုမှာ အလွန်နည်းပါးကြောင်း ဒေသခံများက ဆိုသည်။

"တချို့က ဇက်သော့ခတ်ထားရင်လုံခြုံပြီလို့ ထင်နေတာ။ ဆိုင်ကယ်အများစုက အရည်အသွေးအားနည်းတဲ့အတွက် တစ်ဖက်ကို ဇက်ခနဲချိုးလိုက်ရင် လော့ခ်ကကျိုးတာဆိုတော့ သော့မရှိပေမဲ့ ဆားကစ်ခ်ဖြုတ်ပြီး ခိုးယူသွားကြတာများတယ်။ ဒါကြောင့် ဆိုင်ကယ်ကို ရပ်တန့်ပြီဆိုတာနဲ့ အပိုအာမခံသော့ တစ်ထပ်ထပ်ပြီးခတ်ထားသင့်ပါတယ်။ ခိုးတဲ့သူတွေက ရုပ်ဖျက်လို့လွယ်တဲ့ဆိုင်ကယ်တွေကို အများဆုံးပစ်မှတ်ထားခိုးယူကြတယ်"ဟု ရေတာရှည်မြို့ခံတစ်ဦးက ပြောသည်။

ဆိုင်ကယ်ပျောက်ဆုံးသူများအနေဖြင့် မိမိဆိုင်ကယ်ခိုးယူခံရပါက သက်ဆိုင်ရာ နယ်မြေခံရဲစခန်းများသို့တိုင်ကြားအမှုဖွင့်ရန်လိုပြီး ပြစ်မှုကျူးလွန်သူကိုဖမ်းဆီးရမိပါက ကွင်းဆက်ဖော်ထုတ်ရလွယ်ကူကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

"ဆိုင်ကယ်သူခိုးတွေထဲက တစ်ဦးတစ်ယောက်ကိုမိတာနဲ့ ကျန်တဲ့ဆိုင်ကယ်တွေအများကြီး ဆက်တိုက်ဖမ်းမိတာကြုံရတယ်။ ပျောက်ဆုံးသူက သက်ဆိုင်ရာကို တိုင်ကြားထားဖို့တော့ လိုအပ်ပါတယ်။ ဆိုင်ကယ်တွေ ဖမ်းဆီးရမိတဲ့အခါ မိမိဆိုင်ကယ်ပါမပါကို လာရောက်စုံစမ်းနိုင်ပါတယ်။ သို့သော် ပျောက်ကတည်းက တိုင်ကြားထားတာမရှိရင် အခက် အခဲရှိတယ်"ဟု ရေတာရှည်မြို့မရဲစခန်းက တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ကိုလွင်(ဆွာ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၈၂/၇၉၂၅၊ Zar Tha Pyin Bus, Bus(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းရွှေ ၃/ဘအန(နိုင်)၀၉၃၀၀၆၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၆)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်-စိန်ဟိုင်း-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပေါ်ရှိ စိန်ဟိုင်းတံတားနှင့် ပုသိမ်ခရိုင် သောင်ကြီး-ဒိုက်ပျက်လမ်းပေါ်ရှိ ဒါးကတံတား၊ ကင်မွန်းချောင်းတံတားနှင့် လင်းနို့ချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် မြစ်ကျောက်စရစ်၊ မြစ်သဲ၊ တောသစ် (ခွဲသား)၊ Bentonite, M.S Thin Sheet, 5 Ply wood (8'x4'), (6"x 9")ကျောက်ကြီး၊ 6" Ø‌ပျော ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် လုပ်ငန်းသုံးပစ္စည်းများ၏ အရေအတွက်၊ စံချိန်စံညွှန်း အသေးစိတ်စာရင်းများနှင့် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူးရုံး (မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၁၆)၊ ဘိုကလေးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန် - ၁၉-၆-၂၀၁၅ရက် (ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၃-၇-၂၀၁၅ရက် နံနက် ၁၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၃-၇-၂၀၁၅ရက် မွန်းလွဲ ၁နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ဘိုကလေးမြစ်ကူးတံတားစီမံကိန်းရုံးလင်းဆောင်၊ ဘိုကလေးမြို့

အသေးစိတ်အချက်အလက်များကို ဖုန်း -၀၄၅-၄၅၇၇၁သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီ
တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၆)၊ ဘိုကလေးမြို့
ဖုန်း-၀၄၅-၄၅၇၇၁

လူနေခန္ဓာကျပြီး အသန့်တက်နေနိုင်သောအဆင့်မြင့်ပြင်ဆင်ပြီးတို့ကိုခန်းများ
ဗိုလ်တထောင်မြို့နယ်၊ (၅၂)လမ်း၊ အကျယ်အဝန်း ၃၀ပေ × ၆၀ပေ
တိုက်ခန်းအရေအတွက်(၃လွှာ/၄လွှာ) MB- I,BED-2 ၊ မီးဖိုခန်း၊ ထမင်းစားခန်း (ကြွေပြားအပြည့်ခင်း/ကပ်)၊ ဧည့်ခန်းနှင့်အိပ်ခန်းများ (ကျွန်းပါကေး) kitchen Cabinet , A/C -၃လုံး ၊ ကိုယ်ပိုင်မီတာ မော်တာ၊ Schindler lift, Generator ၊ (၂၄)နာရီ လုံခြုံရေး၊
Pent House (River View) အကျယ်အဝန်း ပေ ၆၀ × ပေ၆၀
MB- I,BED-3 , Maid Room, kitchen Cabinet, ၊ ဧည့်ခန်းနှင့်အိပ်ခန်းများ(ကျွန်းပါကေး)၊ A/C -၃လုံး ၊ ကိုယ်ပိုင်မီတာ/မော်တာ Schindler lift, Generator ၊ (၂၄)နာရီ လုံခြုံရေး၊
မြေကွက်အရေအတွက် - **တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်း လမ်းမပေါ် Ocean အနီး၊ စတုရန်း ၄၀၀၀ပေ၊ ဘိုးဘွားပိုင်ကြိုးဖုန်း၊ မီတာ(၄)လုံး (Hotel, Condo ဆောက်လုပ်ရန်သင့်တော်သည်။)**
ဆက်သွယ်မြန်မာ့ဆောက်လုပ်ရေးအဖွဲ့ (LC-206)
၀၁-၃၉၂၀၀၁ ၀၁-၃၉၂၅၀၅
၀၉-၅၀၀၂၂၀၃ ၀၉-၄၂၁၃၅၅၃

ဟိုက်ဒြောလစ်/လေပိတားများ
Fully Auto အလိုအလျောက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆ဂ)။ သံသုမာလမ်း သုဝဏ္ဏသွားသေးဘဏ္ဍာသိုလှောင်အနီး
09 420035 882, 09 73199 410
09 420035 884, 09 73199 257

ကလေးနှာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း
(LL.B.)နှင့် ဆက်သွယ်ပါ၊ (ပိတ်ရက်မရှိ)
01-394727, 01-399426 09-73009994-
တိုက်(၃၅)၊လမ်း(၈၆)မြေညီထပ်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

ပျောက်ဆုံးခြင်း
ကျွန်တော် မောင်မင်းဇော်နေဦး ၁၀/လမန(နိုင်)၀၀၄၇၁၉၏နိုင်ငံကူးလက်မှတ်(မမှတ်မိပါ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၂၅၅စ၁၉၁၆

အမည်ပြောင်း
ဦးသန့်ဇင်ထက် ၁၄/ရကန(နိုင်)၀၀၀စ၄၁ ၏သမီး၊ ပုသိမ်မြို့ အထက(ခွဲ) အလက(၁) တက္ကသိုလ်ဝင်တန်းမှ မစိုးစိမ့်စိမ့်စံအား မဆောင်းသဇင်စံဟု အမည်ပြောင်းလဲခေါ်ပါရန်။

မွေးသက္ကရာဇ်အမှန်
ဦးသိန်းကျော်၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အထက(၃)၊ GRADE-10(C) မှ မယဉ်မိုးကျော် ကျောင်းဝင်အမှတ်၄/၀၆၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၂-၂၀၀၁ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း
ကျွန်တော်များ SKODA AUTO MOBILE INTERNATIONAL CO.,LTD. အမည်ဖြင့် ထုတ်/သွင်း ID No.101335-3.4.15 စာရွက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၃၁ ၈၇၈၉၈၂သို့ ဆက်သွယ်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း
ဒေါ်ပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ယမုံနာ(၁)၊ မြေကွက်အမှတ် ၈/၁၅၀၊ မြေကွက်တည်နေရာအမှတ် ၁၅၀/၈၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါ်ပုံမြို့နယ် ဦးတင်မောင် ၁၂/ဒပန(နိုင်)၀၁၉၂ စင၊ ဦးအေးမောင် ၁၂/ဒပန(နိုင်)၀၀၄၇ ၃၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်မောင် (ခင်ပွန်း)ကွယ်လွန်သဖြင့် ၄င်း၏အစုအား ဇနီးဖြစ်သူ ဒေါ်ခင်ရီ ၁၂/ဒပန(နိုင်)၀၁၉ ၂၁ဖြင့် ကျန်ပူးတွဲအမည်ပေါက် ဦးအေးမောင်(ဖခင်)နှင့်ဒေါ်ကျောရင်(မိခင်) တို့ ကွယ်လွန်သဖြင့် ၄င်း၏အစုအား သမီးများဖြစ်ကြသော ဒေါ်အေးမူ ၁၂/ဒပန(နိုင်)၀၀၄၄၅၊ ဒေါ်သန်းသန်းမော် ၁၂/ဒပမ(နိုင်)၀၄၃၄ဖြင့်တို့က ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနဆိုလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေဓိမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂျာမနီ၊ အင်္ဂလန်တို့နိုင်ပွဲဆက်မယ့် ယူ-၂၁ ပွဲစဉ်

ဥရောပ ယူ-၂၁ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွေကို ဇွန် ၂၁ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ဆားဘီးယားနဲ့ ချက်၊ ဂျာမနီနဲ့ ဒိန်းမတ်၊ ဆွီဒင်နဲ့ အင်္ဂလန်တို့ရဲ့ပွဲတွေက ပရိသတ်အတွက် ရင်ခုန်ရဦးမှာပါ။ ဗိုလ်စွဲမယ်လို့ အပြိုင်ရေပန်းစားနေတဲ့ ဂျာမနီ၊ အင်္ဂလန်တို့ရဲ့ ပွဲဆက်အောင်ပွဲခံမှုတွေက လက်တွေ့မှာဖြစ်ပေါ်နိုင်မလားဆိုတာလည်း စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဂျာမနီနှင့်ဒိန်းမတ်

အုပ်စုဒုတိယပွဲစဉ်အဖြစ် ကစားမယ့် ဂျာမနီအတွက် အမှတ်ပြည့်ရရေး ရုန်းကန်ရဦးမှာ ဖြစ်ပါတယ်။ ဂျာမနီဟာ ယူ-၂၁ ပွဲစဉ်တစ်လျှောက်မှာ ဒိန်းမတ်နဲ့တွေ့ဆုံမှုတော့ မရှိခဲ့ပါဘူး၊ ဂျာမနီရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေနဲ့ ဖြတ်သန်းနိုင်ခဲ့သလို ဒိန်းမတ်တို့ကလည်း နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေဖော်ဆောင်ခဲ့တာမို့ အားထုတ်မှုချင်းတူညီနေပါတယ်။

ဂျာမနီအသင်းမှာ တိုက်စစ်မျူးတွေအဖြစ် အာဆင်နယ်မှာကစားနေတဲ့ ဂနာဘရီ၊ ဟော့ဖန်ဟိန်းမှာကစားနေတဲ့ ဗော်လန်၊ ကိုင်ဆာစယော့တန် အသင်းမှာခြေစွမ်းပြနေတဲ့ ဟော့မန်းတို့ရှိနေတာမို့ ထက်မြက်တဲ့တိုက်စစ်ကိုပိုင်ဆိုင်ထားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကွင်းလယ်မှာလည်း လီဗာပူးမှာကစားနေတဲ့ အမ်မရီကန်၊ မိန့်ဇ်အသင်းမှာကစားနေတဲ့ ယူနက်မာလီ၊ ရှော်လ်ကေးမှာကစားနေတဲ့ မက်စ်မေယာတို့က တိုက်စစ်၊ ခံစစ်လိုက်ပါနိုင်သူတွေဖြစ်တာမို့ ဂျာမနီဟာ ဒိန်းမတ်ကို ကျော်ဖြတ်နိုင်ပါလိမ့်မယ်။ ဒိန်းမတ်တို့ လက်ရှိကစားအားနဲ့ တစ်ဦးချင်းစွမ်းရည်က ဂျာမနီကို မခုခံနိုင်ပါဘူး၊ ဒီပွဲမှာ ဂျာမနီတို့ အနိုင်မပြတ်သားပေမယ့် ကပ်ပြီးအနိုင်ယူသွားဖို့ အခွင့်အရေး များနေတာတော့ အမှန်ပါပဲ။

ဆွီဒင်နဲ့အင်္ဂလန်

၂၀၀၉ ခုနှစ်က နောက်ဆုံးတွေ့ဆုံခဲ့ရတဲ့ရလဒ်ကိုကြည့်ရင် တစ်ဖက်သုံးဂိုးစီ သရေပွဲဖြစ်ထားပါတယ်။ လတ်တလောကစားခဲ့တဲ့ ဆွီဒင်ရဲ့ နောက်ဆုံးငါးပွဲရလဒ်မှာလည်း သုံးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ရှုံးပွဲမရှိအောင် အားထုတ်နိုင်ခဲ့ပါတယ်။ အင်္ဂလန်တို့ကတော့ နောက်ဆုံးငါးပွဲမှာ လေးပွဲနိုင်တစ်ပွဲရှုံးထားပေမယ့် ဒီပွဲမှာ အင်္ဂလန်တို့ သုံးမှတ်ပြည့်ရယူနိုင်အောင် စွမ်းဆောင်နိုင်ပါလိမ့်မယ်။ တိုက်စစ်မှာ စပါးမှာ ကစားနေတဲ့ ဟာရီကိန်း၊ ဝက်စ်ဘရွန်းမှာ ကစားနေတဲ့ ဘရာဟီနို၊ ဘန်လေမှာ ကစားနေတဲ့ ဒန်နီအင့်တို့က စွမ်းအားပြည့် တိုက်စစ်ဆင်ကစားနိုင်ကြသူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် ကွင်းလယ်မှာ ဘန်လေမှာကစားနေတဲ့ ဒန်နီအင့်တို့က စွမ်းအားပြည့် တိုက်စစ်ဆင်ကစားနိုင်ကြသူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် ကွင်းလယ်မှာ ချယ်လ်ဆီးမှာ ကစားနေတဲ့ ချာလိုဘတ်၊ စပါးမှာ ကစားနေတဲ့ တွမ်ကာရိုး၊ နော့ဝေ့ဂျီမှာကစားနေတဲ့ ရက်မွန်၊ မန်ယူမှာ ကစားနေတဲ့ လင်ဘတ်၊ ဆောက်သမ်တန်မှာ ကစားနေတဲ့ ဝက်ပရိုဆီတို့ဟာလည်း ဘောလုံးဖြန့်ဝေမှု အပိုင်းရော၊ တိုက်စစ်၊ ခံစစ်တွေမှာလည်း လိုက်ပါ ဖြည့်ဆည်းနိုင်မှုတွေမှာပါ အားထားရသူတွေ ဖြစ်ပါတယ်။ ဆွီဒင်တို့ကတော့ အုပ်စုက ကျော်လွှားဖို့အတွက် အခက်အခဲတွေရှိနေပြီး အုပ်စုအတွင်းမှာလည်း အားအနည်းဆုံးအသင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ ဆွီဒင်တို့အမြင့်ဆုံးရလဒ်ကသရေဖြစ်ပြီး အဖြစ်နိုင်ဆုံးရလဒ်က အင်္ဂလန်တို့နိုင်ဖို့ ရာခိုင်နှုန်းများနေတာတော့ အမှန်ပါပဲ။

ဆာဘီးယားနှင့်ချက်

ဒီနှစ်အသင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဆာဘီးယားတို့ဟာ ချက်ကိုကျော်ဖြတ်ပြီး ဗဟိုယသုံးကြိမ်ရရှိထားတဲ့ ဆာဘီးယားတို့ အခုပြိုင်ပွဲမှာ မှတ်တမ်းသစ်ရေးထိုးနိုင်ရေး စွမ်းဆောင်ပါလိမ့်မယ်။ ။

■ မိုးမြင့်လင်းလက်



အဇာဘိုင်ဂျန်နဲ့ ချယ်လ်ဆီးရောက်လာနိုင်တဲ့ ဖယ်ကာအို

ချယ်လ်ဆီးအသင်းအနေနဲ့ မိုနာကိုတိုက်စစ်မျူး ဖယ်ကာအိုကို တစ်နှစ်စာချုပ်နဲ့ ခေါ်ယူနိုင်ဖွယ်ရှိတယ်လို့ သတင်းများက ဆိုပါတယ်။ အသက် ၂၉ နှစ်အရွယ်တိုက်စစ်မျူး ဖယ်ကာအိုဟာ လက်ရှိချီလီမှာ ကိုပါအမေရိကဖလား ပြိုင်ပွဲအတွက် ကိုလံဘီယာအသင်းအတွက် ကစားပေးဖို့ရောက်ရှိနေပါတယ်။ ဖယ်ကာအိုဟာ ပြီးခဲ့တဲ့ရာသီက မန်ယူအတွက် ၂၉ ပွဲမှာ လေးဂိုးသာသွင်းယူ နိုင်ခဲ့ပါတယ်။ မန်ယူက ပေါင် ၄၃ ဒသမ ၂ သန်းနဲ့ စာချုပ်ဖို့အခွင့်အလမ်းတစ်ရပ်ကို ငြင်းဆိုခဲ့ပါတယ်။ ချယ်လ်ဆီးကခေါ်မှာဖြစ်တဲ့အတွက် ဖယ်ကာအိုဟာ ပရီမီယာလီဂ်သို့ ဒုတိယအကြိမ် ပြန်လာဖို့ရှိနေပါတယ်။ အသေးစိတ်သဘောတူညီချက်ကိုတော့ မကြာမီ ထွက်ပေါ်လာဖို့ရှိပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ဖယ်ကာအိုကို အဆက်အသွယ်ပြုလုပ်ထားတယ်လို့ နည်းပြမော်ရင်ဟိုက ပြောပါတယ်။ ဖယ်ကာအိုကို ၂၀၁၃ ခုနှစ်ကပေါင်သန်း ၁၅၀နဲ့ ပြင်သစ်ကလပ် မိုနာကိုက စာချုပ်ခဲ့ပါတယ်။ သူဟာ အက် သလက်တီကိုအသင်းနဲ့အတူ နှစ်နှစ်အတွင်း ဂိုးပေါင်း ၇၀ အထိ သွင်းယူနိုင်ခဲ့ပါတယ်။

ဟန်နိုဗာတိုက်စစ်မျူး စတုတ်ရောက်ပြီ

စတုတ်စီးတီးက ဂျာမန်ကလပ်ဟန်နိုဗာတိုက်စစ်မျူး ဂျိုလူးကို ပေါင် ၅ ဒသမ ၇၅ သန်းနဲ့ စာချုပ်လိုက်ပါတယ်။ အသက် ၂၁ နှစ်အောက် စပိန်တိုက်စစ်မျူးဟောင်း ဂျိုလူးကို ပြီးခဲ့တဲ့နွေရာသီက ဖရန့်ဖတ်မှ ဟန်နိုဗာသို့ ပြောင်းလာပြီး ၂၀၁၄-၂၀၁၅ရာသီအတွင်းမှာ ၃၂ ပွဲကစား ၁၀ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ အသက် ၂၅ နှစ်အရွယ် ဂျိုလူးဟာ စပိန်ကလပ်ဆဲလ်တာနဲ့ ရီးရဲမက်ဒရစ်တို့မှာ ကစားခဲ့သူလည်းဖြစ်ပါတယ်။ ဂျိုလူးဟာ ပရီမီယာလီဂ်မှာ အစမ်းသပ်ခံဖို့ စိတ်လှုပ်ရှားနေပါတယ်။ သူနဲ့အတူ ကျွန်တော်တို့ လာမယ့်ရာသီမှာ အကောင်းဆုံးကစားဖို့ ပြင်ဆင်ထားပါတယ်လို့ နည်းပြ မတ်ဟုတ်ချ်က ဆိုပါတယ်။ ဂျိုလူးဟာ ကျွမ်းကျင်မှုရှိပြီး နည်းစနစ်ကောင်းတဲ့ တိုက်စစ်မျူးဖြစ်ပါတယ်။ ဂျိုလူးဟာ ဆဲလ်တာအသင်းမှာ အောင်မြင်ခဲ့ပြီး ၂၀၁၀ ခုနှစ်က ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကစားခဲ့ပါတယ်။ သူဟာ ၂၀၁၂ ခုနှစ်က ဟော့ဖန်ဟိန်းသို့ မပြောင်းမီ ရီးရဲမက်ဒရစ်နဲ့အတူ ပါဝင်ကစားနိုင်ခဲ့ပါတယ်။ ဂျိုလူးဟာ စတုတ်က နွေရာသီမှာ ခေါ်ယူခဲ့တဲ့ တတိယမြောက် ကစားသမားဖြစ်လာခဲ့ပါတယ်။

ကောင်းမြတ်သူ စုစည်းသည်

ကိုပါအမေရိကမှာ ခြေစွမ်းပြနေတဲ့ အဂူရို

မန်စီးတီးရဲ့ နာမည်ကြီးတိုက်စစ်မျူး အဂူရိုဟာ ချီလီနိုင်ငံမှာကျင်းပနေတဲ့ ကိုပါအမေရိက ဖလားပြိုင်ပွဲမှာ အာဂျင်တီးအသင်းနဲ့အတူခြေစွမ်းပြကစားနေပါတယ်။ သူဟာ ချန်ပီယံဥရုပ်ကွေးနဲ့ကစားခဲ့တဲ့ပွဲမှာ တစ်လုံးတည်းသောအနိုင်ဂိုးကိုသွင်းယူပေးခဲ့ပါတယ်။ ပါရာဂွေးကို သရေကစားခဲ့တဲ့ အာဂျင်တီးနားအသင်းဟာ အုပ်စု B မှာ လောလောဆယ်မှာတော့ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ အာဂျင်တီးနားအသင်းမှာ နာမည်ကြီးကစားသမားတွေဖြစ်တဲ့ မက်ဆီနဲ့ ဒီမာရီယာတို့ ပါဝင်ကစားခဲ့ပေမယ့် လောလောဆယ်မှာတော့ ခြေစွမ်းအပြနိုင်ဆုံးက အဂူရိုဖြစ်နေပါတယ်။ ပွဲစဉ်တိုင်းမှာ မက်ဆီရဲ့ ခြေစွမ်းကို စောင့်ကြည့်ခဲ့ကြပေမယ့် အဂူရိုက အကောင်းဆုံးခြေစွမ်းပြ ကစားနေတာတွေ့ရပါတယ်။ အာဂျင်တီးနား အသင်းဟာ အုပ်စုနောက်ဆုံးပွဲမှာတော့ ဂျမေကာအသင်းနဲ့ ကစားရမှာဖြစ်တယ်။ ဒီပွဲမှာလည်း အဂူရိုရဲ့ ခြေစွမ်းကို စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

အမည်ပြောင်း

ဦးသန်းထိုက် ၁၂/မဂဒ(နိုင်) ၀၀၆၉၂၉ ၏သား၊ သုဝဏ္ဏ၊ ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း (ကုန်ကော်)နေ၀မတန်းမှ မောင်လူမင်းအောင်အား မောင်ထူးရဲထိုက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထူးရဲထိုက်

မြန်မာဧကာ်ဘွန်– ကုမ္ပဏီ

* ခန်းဆီးလိုက်ကာပိတ် နှင့် Blindsမျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ယာအမျိုးမျိုးရောင်းချခြင်းနှင့် ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ဝိတ်စမျာကို လက်လီ/လက္ကား ရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)၊မဟာဗန္ဓုလလမ်း နှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317/202921 /09-8627489

ရောင်းမည်/ငှားမည်

- ရန်ကုန်မြို့၊ အလုံလမ်းမပေါ်ရှိ Orchid Condo လေးလွှာ၊ ရွှေတိုဂုံဘုရား View ပြင်ဆင်ပြီး၊ အသင့်နေနိုင်(3200 sq ft)
- နေပြည်တော်၊ ဒဂ္ဂီဏာသီရိမြို့နယ်၊ ဒဂ္ဂီဏာသီရိရပ်ကွက်၊ တစ်ကွက်လျှင် ၀ ဒသမ ၁၄ဖ ဧက (ပေ၈၀×ပေ၈၀) နှစ်ကွက်တွဲလျက်ပေါ်ရှိ တစ်ထပ်တိုက်နှစ်လုံး၊ ရေ၊ မီးစုံ

ဆက်သွယ်ရန်ဖုန်း(ရုံးချိန်အတွင်းသာ) - ၀၂-၃၂၈၅၇၊ ၀၂-၃ဖ၀ဖ၂၊ ၀၂-ဖ၃၈၅၁
ဆက်သွယ်ရန်ဖုန်း(ရုံးချိန်အတွင်းသာ) - ၀၁-၇၀၉၄၃၅၊ ၀၁-၉ဖ၈၈၇၄၁

အမည်ပြောင်း

ဦးခွန်ကျော်ဟိန်း၏သမီး မော်လမြိုင်မြို့နယ်၊ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၊ မြိုင်သာယာ စတုဇ္ဇတန်းမှ မနန်းဒါလီအား မနန်းရွှေရည်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မနန်းရွှေရည်ဦး

ဖခင်အမည်မှန်

မြစ်ကြီးနားပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ဆဋ္ဌမတန်း (B) မှ မဒီချန်ဇင်၏ဖခင်အမည်မှန်မှာ ဦးဒိန်ရထင်ဗေး ဖြစ်ပါကြောင်း။

ဦးဒိန်ရထင်ဗေး

ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ငန်းတေး၊ အဋ္ဌမတန်းမှ မချောစုအောင်၏ဖခင်အမည်မှန်မှာ ဦးစောထွန်းနိုင်ဖြစ်ပါကြောင်း။

ဦးစောထွန်းနိုင် ၁၀/မလမ(နိုင်)၁၄၂၄၈၃

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းသူရစိုး ၁၀/မလမ(နိုင်)၁၈၄၇၄၉၈၏ Psno(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၂၄၉၆၄၅

ပျောက်ဆုံးကြောင်း

ကျွန်မ မသီတာ ၁၀/ပမန(နိုင်) ၀၄၉၈ဖ၉ ၏ Psno(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၇ဖ၁၈၂၇၀၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ စီဂို၊ မြေကွက်အမှတ် - ၅၁၂ မြေအကျယ် (၂၀′ × ၄၀′)၊ နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက် (အရှေ့) ရပ်ကွက်၊ ဦးချစ်ဟောင်လမ်း အမှတ် - ၁၃၀ ဟူသော တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်ကို ဂရန်အမည်ပေါက် (၁) ဦးကြည်၊ (၂) ဦးကနီ (၃) ဦးတင်မောင်၊ (၃) ဒေါ်ခင်နီလာတို့အနက် ဦးကြည်နှင့် ဇနီးကွယ်လွန်သဖြင့် အမွေဆက်ခံသားသမီးများနှင့် ဦးဂနီ (၃) ဦးတင်မောင်ကွယ်လွန်၍ အမွေဆက်ခံသူ ဇနီးနှင့်သမီးတို့ထံမှ GP နှင့် SP ရရှိထားသူ ဦးအောင်လွင် (၁၂/မဟန (နိုင်) ၀၅၃၃၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေမ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက် အတွင်း စာရွက်စာတမ်း မူရင်းများနှင့်တကွ အခြား ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေးမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၈)
အမှတ် - ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၆၄၆၆၇

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၈၊ မြေကွက်အမှတ် ၂၅၄/က၊ မြေကွက်ရရှိထားသူ ဦးအောင်သန်း ၁၂/သကတ(နိုင်)၀ဖ၈၀ဖ၂က မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၇)
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၁၁၅၆ အား ဦးခင်မောင်ဝင်း ၅/တမန(နိုင်)၀၃၄၄၅၅ သို့ မြေချပါမစ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

သားအဖြစ်မှစွန့်လွှတ်ကြောင်းအများသိစေရန်ကြေငြာခြင်း

(ဦးဖိုးညို-ဒေါ်ဖွားရီ)တို့၏သမီး၊ပခုက္ကူမြို့၊(၃)ရပ်ကွက်၊ တိလောကရာမ ကျောင်းတိုက်ဆရာတော် ဦးပညာဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ)၏မယ်တော်၊ စာရေးတန်းလမ်း၊ (၂)ရပ်ကွက်၊ ပခုက္ကူမြို့နေ ဦးတင့်(ကျန်းမာရေးအင်စပက်တော်၊ ဇြမ်း)၏ဇနီး၊ အမှတ် ၃၁၉၊ ၀၊ရောင်လမ်း၊ (၄၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နေ ဦးမျိုးလွင်(ဦးစီးအရာရှိ၊ စက်မှု၊ ဇြမ်း)၊ ဆည်ခြောင်းဦးစီးဌာန)-ဒေါ်သန်းသန်း၊ ဈေးတန်းလမ်း၊(၂)ရပ်ကွက်၊ပခုက္ကူမြို့နေ ဒေါ်မြင့်မြင့်ကြည်(စာရင်းစစ်မှူး၊ဇြမ်း)၊ ဒေါ်မြင့်မြင့်ရီ(ဒုနေ-ဦးစီးမှူး၊ ကညန)တို့၏မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးသာဝ

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ငထွေရွှေးလမ်း၊ အမှတ် ၇၃၀/ခနေ ဦးကျော်မြင့်-ဒေါ်ခင်စန်း၊ နေပြည်တော်နေ ဒေါက်တာဝင်းမြင့်-ဒေါ်မေလှရီ (ရွှေမြား သွားဆေးခန်း)၊ ဦးမြင့်စိုး-(ဒေါ်နော်ဆေး)၊ ဦးကိုကိုလေး-ဒေါ်စံပယ်၊ ဦးစန္ဒန(ရွာသစ်ကုန်း)၊ (ဒေါ်မြင့်ကြည်)၊ ဦးခင်မောင်ချို၊ ဦးခင်ဇော်၊ ဒေါ်ရီရီနွဲ(စည်ပင်)၊ ဦးဘိုဘို-ဒေါ်မူမူလှိုင်၊ ဦးမင်းထွေး-ဒေါ်သင်းသင်း(ဒဂုံအရှေ့)တို့၏ဖခင်၊ မြေး ၁၉ယောက်၊မြစ်သုံးယောက်တို့၏အဘိုးသည် ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး
နာယက-ဓမ္မဒါယာဒါ သဒ္ဓမ္မရံသီရိပ်သာ (ကျောက်တန်း)

ဒေါ်ဝင်းမေ(ခနောင်)

ဒုဋ္ဌနမှူး(ဇြမ်း)၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊လမ်းမတော်လမ်း၊ အမှတ် ၁၁၀၁၊ (၁၁)လွှာ၊ သံဈေးကွန်ဒိုစင်တာနေ(ဦးတင်ညွှန့်-ဒေါ်ခင်ညွှန့်)တို့၏သမီး၊ ဦးမောင်မောင်အုန်း၏ဇနီး၊ ဒေါက်တာနွယ်နွယ်ဦး(ခေတ္တ-UK)-Dr. Anil Sahal၊ ဒေါက်တာကျော်ကျော်မိုး-မခင်မိုးဆမ်းတို့၏ချစ်လုစ္စာသောမိခင်၊ (ဦးကျော်ဝိုး)-ဒေါ်အေးစော၊(ဒေါက်တာသန်းဇြမ်း)-ဒေါ်ခင်အေးတို့၏ညီမ၊ ဦးခင်ညွှန့်(ဖိုလ်ချုပ်ကြီးဟောင်း)-ဒေါက်တာခင်ဝင်းရွှေ၊ ဦးကြည်သန်း-ဒေါ်သန်းသန်းအေး၊ ဒေါ်မြင့်ရီ၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်လေး၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းမြင့်၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်ခင်မမတို့၏အစ်မ၊ တူ/တူမ ၂၄ယောက်တို့၏ကြီးကြီး၊ မောင်လင်းသစ်ဝေယမိုး(Grade-X, DSY)၊ မောင်အာကာစည်သူမိုး(Grade-VI, DSY)တို့၏အဘွားသည် ၁၇-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁:၁၀နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး
နာယက-ဓမ္မဒါယာဒါ သဒ္ဓမ္မရံသီရိပ်သာ (ကျောက်တန်း)

ဒေါ်ဝင်းမေ(ခနောင်) အသက်(၇၅)နှစ်

ဒုဋ္ဌနမှူး(ဇြမ်း)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ လသာမြို့နယ်၊လမ်းမတော်လမ်း၊ အမှတ် ၁၁၀၁၊ (၁၁)လွှာ၊ သံဈေးကွန်ဒိုစင်တာနေ (ဦးတင်ညွှန့်-ဒေါ်ခင်ညွှန့်)တို့၏သမီး၊ ဦးမောင်မောင်အုန်း(ဂုန်ဧကော်ဇောပစ္စည်းစက်ရုံ၊ ဇြမ်း)၏ဇနီး၊ ဒေါက်တာနွယ်နွယ်ဦး(ခေတ

ရောဝတီတိုင်းဒေသကြီး၌ သဘာဝဘေးဒဏ်ခံအဆောက်အအုံ ၄၅ လုံး ထပ်မံတည်ဆောက်ရန်လျာထား

အမာမြို့နယ်ခွဲရှိ မုန်တိုင်းဒဏ်ခံအဆောက်အအုံ။

ဖျာပုံ ဇွန် ၁၈

ရောဝတီတိုင်း ဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသသို့ သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် ရေကြီး၊ ရေလှိုင်းခြင်း၊ မုန်တိုင်းဝင်ရောက်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ရုတ်တရက် ကျရောက်လာပါက ဒေသခံပြည်သူများ အလွယ်တကူ အန္တရာယ်ကင်းစွာ ခိုလှုံနိုင်ရေးအတွက် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) ၄၅ လုံး ထပ်မံတည်ဆောက်ရန် လျာထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ သိရသည်။

မုန်တိုင်းဒဏ်ခံနိုင်သည့် Cyclone Shelter များကို ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာ

စာမျက်နှာ ၉ ကော်လံ ၁ ✻

ယနေ့ မာတိကာ

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြန်မာရေပိုင်နက်အတွင်း တစ်ဖက်နိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား လက်နက်နှင့်အတူ ဖမ်းဆီးရမိ
စာ ၂

မားစ်ရောဂါ ထိုင်းသို့ စတင်ဝင်ရောက်လာကြောင်း အတည်ပြု
စာ ၄

ကျောက်စာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်
စာ ၁၃

ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံခြားသင်္ဘောများ ပိုမိုဝင်ရောက်ဆိုက်ကပ်နိုင်ရန် ဆောင်ရွက်နေ

ရန်ကုန် ဇွန် ၁၈

နိုင်ငံတကာမှ ပင်လယ်ကူးသင်္ဘောကြီးများ အစင်းရေပိုမိုဝင်ရောက်ဆိုက်ကပ်နိုင်ရေးအတွက် ရန်ကုန်ဆိပ်ကမ်းနှင့် ရေလမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

"ရန်ကုန်ဆိပ်ကမ်းကို နိုင်ငံခြားသင်္ဘောတွေ ပိုမိုဝင်ရောက်ဆိုက်ကပ်နိုင်ရေး ဆောင်ရွက်နေပါတယ်။ မကြာခင်ကပဲ ပင်လယ်ဝနဲ့ ရန်ကုန်ဆိပ်ကမ်းအထိ ရေလမ်းကြောင်းသောင်တူးခြင်းလုပ်ငန်းကို စင်ကာပူနိုင်ငံက သောင်တူးသင်္ဘောနဲ့ လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ အရင်က ရေစူး ကိုးမီတာရှိတဲ့သင်္ဘောတွေ တစ်လကို သုံးရက်မှ ငါးရက်အထိသာ ဝင်ရောက်နိုင်ပေမယ့် နောက်ဆိုရင် တစ်လကို ၁၀ ရက်အထိ သင်္ဘောတွေ ဝင်ရောက်နိုင်အောင် ဆောင်ရွက်နေပါတယ်" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်သီလဝါဆိပ်ကမ်းသည် နိုင်ငံတကာသင်္ဘောခြောက်စင်းအထိ ဆိုက်ကပ်နိုင်ပြီး ရန်ကုန်ဆိပ်ကမ်းကိုလည်း နိုင်ငံတကာသင်္ဘောအစင်းရေ ၂၃ စင်းခန့်အထိ ဆိုက်ကပ်နိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းသို့ ရေယာဉ်အလျား ၁၆၇ မီတာ၊ ရေစူးကိုးမီတာနှင့် ကုန်တန်ချိန် ၂၀၀၀ ရှိသော သင်္ဘောများ ဝင်ထွက်နိုင်လျက်ရှိသည်။ ရန်ကုန်မြစ်အတွင်းရှိ ရေလှိုင်းများမှာ

စာမျက်နှာ ၁၄ ကော်လံ ၁ ❐

ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော နိုင်ငံခြားသင်္ဘောတစ်စင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-ကေဇင်လင်း

ရေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂ ဖက်စ် ၀၆၇-၃၆၁၄၂၁ ဖုန်းနံပါတ် ၀၁-၅၄၄၁၆၂ စီမံခန့်ခွဲရေး ၀၁-၅၄၄၁၆၁ စာတည်းအဖွဲ့ ၀၁-၅၄၄၁၆၀ စာတိုက်သေတ္တာအမှတ်-၄၀၊ ရန်ကုန်မြို့၊ ကြေငြာ ၀၁-၅၄၄၁၆၇ ဇာတိုးမြို့နယ်၊ ရန်ကုန်မြို့၊ နော်ကော်လမ်းသွယ်(၁)၊ ဒိုလ်ချူ(ဂျ)ရပ်ကွက်၊ ကြေးမုံ(ရန်ကုန်)-အမှတ်(၅၂)၊ ရန်ကုန်မုံရွာ-အမှတ်(၆)၊ ဗဟိုရုံးခွဲ ၀၁-၅၄၄၁၆၀ ဖြန့်ဖြူးရေး ၀၁-၅၄၄၁၆၆ ဒေါ်စောရင်း ၀၁-၅၄၄၁၆၄ Gmail mmalin.npt @ gmail.com, www. facebook.com/MYANMAALINNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။ မြန်မာ့အလင်း



မြန်မာ့အလင်း
ကမ္ဘာ့နိုးချားကြားကတိုး

၂၀၁၅ခုနှစ်၊ ဇွန် ၁၉ ရက်၊ သောကြာနေ့။

လူမှုစီးပွား
ပရုံကာ
ကျွန်းပေါ်က
မြင့်ဂါ-ဗဒူလမ်းတစ်သွယ်
စာ - ၃

ပြည်တွင်းရေးရာ
ညောင်တုန်းခုတံတားဟောင်း
ကြိုခိုင်မှုအားနှည်း၍ တံတားသစ်ပေါ်မှ
ယာဉ်များပြတ်သန်းခွင့်ပြု
စာ - ၆

မန်နေဂျာသစ် ဘီလစ်ထုခဆစ်မယ့် ဝက်စ်ဟမ်းရဲ့ဒေါ်ကြောင်းဘက်

COPA AMÉRICA Chile 2015

ကိုပါအမေရိကဖလားအုပ်စုအဆင့်

နံနက် ၆း၀၀ (၁၉-၆-၁၅)	ပီရူး	-	ဗင်နီဇွဲလား
နံနက် ၃း၃၀ (၂၀-၆-၁၅)	မက္ကဆီကို	-	အီကွေဒေါ
နံနက် ၆း၀၀ (၂၀-၆-၁၅)	ချီလီ	-	ဘိုလီးဗီးယား
နံနက် ၁း၃၀ (၂၁-၆-၁၅)	ဥရုဂွေး	-	ပါရာဂွေး
နံနက် ၄း၀၀ (၂၁-၆-၁၅)	အာဂျင်တီးနား	-	ဂျမေကာ
နံနက် ၁း၃၀ (၂၂-၆-၁၅)	ကိုလံဘီယာ	-	ပီရူး
နံနက် ၄း၀၀ (၂၂-၆-၁၅)	ဘရာဇီး	-	ဗင်နီဇွဲလား

မကြာသေးခင်ကပဲ ပရီမီယာလီဂ်ရာသီက ပြီးဆုံးသွားခဲ့ပြီး အောင်မြင်မှုရှိတဲ့ အသင်းတွေရှိသလို ကျရှုံးပြီး တန်းဆင်းသွားရတဲ့ အသင်းတွေကလည်း ရှိတာပေါ့။ ဒါပေမယ့် ဒီနွေရာသီမှာ ပရီမီယာလီဂ်ရဲ့ အပြောင်းအလဲတွေနဲ့အတူ တွေ့ရမယ့်အသင်းကတော့ ဝက်စ်ဟမ်းအသင်းပဲ ဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းဟာ ဒီနှစ်ရာသီကုန်တာနဲ့ အသင်းရဲ့ မန်နေဂျာဟောင်း ဆမ်အလာဒိုက်စ်ကို ထုတ်ပယ်လိုက်ပြီး မကြာသေးခင်ကပဲ ဝက်စ်ဟမ်းအသင်းဟာ ဘက်ရီးတပ်စ်အသင်းရဲ့ နည်းပြဟောင်း ဘီလစ်ကိုအသင်းရဲ့ မန်နေဂျာသစ်အဖြစ် ခန့်အပ်လိုက်ပါတယ်။

ဝက်စ်ဟမ်းပရီသတ်တွေအနေနဲ့ ဆမ်အလာဒိုက်စ်ရဲ့နေရာ မှာတော်ရုံတန်ရုံ မန်နေဂျာတစ်ဦးကို ခန့်အပ်မယ်ဆိုရင် လက်ခံနိုင်စရာမရှိပေမယ့် ဘီလစ်ကို ခန့်အပ်တာကိုတော့ ပြင်းပြင်းထန်ထန် ငြင်းပယ်မှုမရှိရုံသာမက နွေးထွေးစွာနဲ့ ကြိုဆိုကြပါတယ်။ အဲဒါကတော့ ဘီလစ်ဟာ ဝက်စ်ဟမ်းအသင်းမှာ နှစ်ရာသီကြာ အသင်းမှာ ၅၄ ပွဲအထိ ပါဝင်ကစားခဲ့တဲ့ ကစားသမားဟောင်းတစ်ဦးအနေနဲ့ ရှိခဲ့တာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်လည်း အသင်းဟာ ဘီလစ်ကို အလာဒိုက်စ်ရဲ့နေရာမှာ ယုံယုံကြည်ကြည်နဲ့ ခန့်အပ်ခဲ့တာလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၇

အသင်း	ခုနှစ်	စုစုပေါင်းပွဲ	နိုင်	သရေ	ရှုံး	ရာခိုင်နှုန်း
စပလစ်	၂၀၀၁-၀၂	၁၇	၁၁	၄	၂	၆၄.၇
ခရိုင်အေးရှားယူ-၂၁	၂၀၀၄-၀၆	၁၈	၁၀	၂	၆	၅၅.၅
ခရိုင်အေးရှား	၂၀၀၆-၁၂	၆၅	၄၂	၁၅	၈	၆၄.၆
လိုကိုမိုတစ်ပ်	၂၀၁၂-၁၃	၃၂	၁၃	၇	၁၂	၄၀.၆
ဘက်ရီးတပ်စ်	၂၀၁၃-၁၅	၉၀	၄၈	၂၂	၂၀	၅၃.၃

ဆက်လက်လှုပ်ခတ်နေဦးမည့် ဘောလုံးလောက

စာမျက်နှာ ၂

စောင့်ကြည့်ရတော့မယ့် ဖီဖာရဲ့ အခြေအနေ

စာမျက်နှာ ၇

၂၀၁၄-၁၅ ဥရောပဘောလုံးရာသီအပြီး ၂၀၁၅-၁၆ ဘောလုံးရာသီသစ် မစခင်ကြားကာလမှာ ဘောလုံးလောကအတွင်း ဘာပွဲစဉ်တွေများရှိမလဲ။ လက်ရှိကျင်းပနေဆဲဖြစ်တဲ့ ကိုပါအမေရိကဖလားနဲ့ ကျင်းပပြီးသွားတဲ့ ယူရို ၂၀၁၈ ခြေစစ်ပွဲ၊ ဆီးဂိမ်းပြိုင်ပွဲနဲ့ ပြီးဆုံးတော့မယ့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွေဟာ ပရိသတ်ကိုဆွဲဆောင်နိုင်မှု အပြည့်ရှိတယ်ဆိုသော်ငြား၊ အဲဒီပွဲတွေအပြီးနဲ့ ၂၀၁၅-၁۶ ဘောလုံးရာသီမစခင် ကြားကာလအတွင်းမှာရော ဘာပွဲတွေထပ်ရှိလာမလဲ။ အဲဒါကို အားလုံးက သိချင်စိတ်နဲ့ စောင့်ကြည့်ကြသလို ဘောလုံးပွဲတွေကို မလွတ်တမ်းစောင့်ကြည့်လိုကြတဲ့ ပရိသတ်တွေအတွက် လက်ရှိကျင်းပနေတဲ့ ကိုပါအမေရိကဖလားနဲ့ ပြီးဆုံးတော့မယ့် ယူ-၂၀ ကမ္ဘာ့ဖလားပွဲစဉ်တွေအပြီးမှာလည်း ပရိသတ်အာရုံကို ဆွဲဆောင်နိုင်ဦးမယ့် ပြိုင်ပွဲကောင်းများစွာ ရှိနေသေးပြန်တာကြောင့် အဲဒီပြိုင်ပွဲတွေကို ပရိသတ်တွေ စောင့်စားမျှော်လင့်နိုင်စေဖို့အတွက် ကြိုတင်ပြီးစုစည်းတင်ပြပေးလိုက်ရပါတယ်။

ဆက်လက်လှုပ်ခတ်နေဦးမည် ဘောလုံးလောက

ဝေမိုးဆက်

International Champions Cup

ဒီပြိုင်ပွဲကတော့ ရာသီကြိုပြိုင်ပွဲ တစ်ခုဖြစ်ပြီး အဲဒီရာသီကြိုပြိုင်ပွဲတွေ အထဲမှာ အကြီးကျယ်ဆုံးပြိုင်ပွဲတစ်ခုလို့လည်း သတ်မှတ်ခံထားရတဲ့ ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို အရင်က World Football Challenge ဆိုတဲ့အမည်နဲ့ စတင်ကျင်းပခဲ့တာဖြစ်ပြီး ၂၀၀၉ ခုနှစ်မှာ စတင်ယှဉ်ပြိုင်ခဲ့ကြကာ ၂၀၁၃ ခုနှစ်ပြိုင်ပွဲမှာတော့ လက်ရှိအမည်ဖြစ်တဲ့ International Champions Cup အမည်နဲ့ စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ အရင်က ဒီပြိုင်ပွဲကို အမေရိကဒေသတွင်းမှာသာ ကျင်းပခဲ့တာဖြစ်ပြီး ဒီပြိုင်ပွဲဟာ ဥရောပဒေသက ထိပ်တန်းအသင်းကြီးတွေ အများစုပါဝင်ယှဉ်ပြိုင်ကြတဲ့ ပြိုင်ပွဲဖြစ်တာကြောင့်လည်း ပရိသတ်စိတ်ဝင်စားမှုကို အခိုင်အမာရရှိထားတဲ့ ပြိုင်ပွဲတစ်ခုလည်းဖြစ်ပါတယ်။ မနှစ်က ပြိုင်ပွဲမှာဆိုရင် လီဗာပူး၊ မန်စီးတီး၊ မန်ယူ၊ အေစီမီလန်၊ အင်တာမီလန်၊ ရိုးမား၊ အိုလံပီယာကော့စ်နှင့် ရီးရဲမက်ဒရစ်တို့လို ထိပ်တန်းအသင်းကြီးတွေ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ဒီနှစ်မှာ ဆိုရင် ဒီပြိုင်ပွဲဟာ အသင်းအရေအတွက် ပိုမိုများပြားလာခဲ့သလို ပြိုင်ပွဲရဲ့ ပုံရိပ်ဟာလည်း ပိုမိုကျယ်ပြန့်လာမယ့် အခြေအနေတွေကို တွေ့နေရပါတယ်။

အထူးသဖြင့် ဒီပြိုင်ပွဲကို အရင်က အမေရိကဒေသတွင်းမှာသာ ကျင်းပခဲ့တာဖြစ်ပေမယ့် ဒီနှစ်မှာတော့ ဇုန်သုံးခုခွဲခြားယှဉ်ပြိုင်ဖို့ သတ်မှတ်ထားပါတယ်။ အဲဒီလိုသတ်မှတ်မှုအရ ဩစတြေးလျ၊ တရုတ်တို့မှာလည်း ကျင်းပသွားမှာဖြစ်သလို ဥရောပနဲ့ အမေရိကဒေသတို့မှာလည်း ကျင်းပသွားမှာပါ။ ဩစတြေးလျပြိုင်ပွဲမှာတော့ မန်စီးတီး၊ ရိုးမား၊ ရီးရဲတို့ ပြိုင်ပွဲဝင်သွားမှာဖြစ်ပြီး တရုတ်ဇုန်မှာတော့ အင်တာမီလန်၊ အေစီမီလန်အပြင် ရီးရဲကပါထပ်မံပြိုင်ပွဲဝင်သွားမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မြောက်အမေရိကနဲ့ ဥရောပဇုန်ပြိုင်ပွဲမှာတော့ ချယ်လ်ဆီး၊ မန်ယူ၊ ပီအက်စ်ဂျီ၊ ဖီအိုရင်တီးနား၊ ဘင်ဖီကာ၊ ဘာစီလိုနာတို့အပြင် အမေရိကန်ကလပ်တွေဖြစ်တဲ့ ဂလက်ဆီ၊ ရက်ဘူးလ်၊ ဆန်ဂျီးနဲ့ မက္ကဆီကိုကလပ် အမေရိကတို့ ယှဉ်ပြိုင်မှာဖြစ်ကာ အဲဒီပွဲစဉ်တွေကိုတော့ အမေရိကဒေသအပြင် ဥရောပမှာပါ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ဒါကြောင့် ဒီနှစ်ပြိုင်ပွဲဟာ ပုံရိပ်အရ ပိုမိုခမ်းနားမှုရှိလာသလို အသင်းကောင်းများစွာ ပါဝင်နေတာကြောင့်လည်း စိတ်ဝင်စားဖို့ကောင်းနေကာ အဲဒီပြိုင်ပွဲကိုတော့ ဇူလိုင် ၁၁ ရက်မှ သြဂုတ် ၅ ရက်အထိ တစ်လနီးပါး အချိန်ယူကျင်းပပြုလုပ်သွားမှာလည်း ဖြစ်ပါတယ်။

အာရှပရီမီယာလီဂ်ဖလား

ဒီပြိုင်ပွဲကလည်း ရာသီကြိုပြိုင်ပွဲတွေထဲမှာ ထင်ရှားမှုရှိတဲ့ ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို ၂၀၀၃ ခုနှစ်မှာ စတင်ကျင်းပခဲ့တာဖြစ်ပြီး ပြိုင်ပွဲတိုင်းမှာ ပရီမီယာလီဂ်က သုံးသင်းနဲ့ အိမ်ရှင်တစ်သင်းဝင်ပြိုင်ပြီး အဲဒီပြိုင်ပွဲဝင် အသင်းလေးသင်းကို ရှုံးထွက်စနစ်နဲ့ ယှဉ်ပြိုင်စေတာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကတော့ အခြားပြိုင်ပွဲတွေလို ရာသီကြိုကာလတိုင်းမှာ ကျင်းပတာမျိုးမဟုတ်ဘဲ နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့တာဖြစ်ပြီး ပြိုင်ပွဲကိုလည်း အာရှဒေသမှာ လှည့်လည်ကျင်းပခဲ့တာဖြစ်ပါတယ်။ ပထမဆုံးအကြိမ် ကျင်းပတဲ့ ၂၀၀၃ ခုနှစ်ပြိုင်ပွဲကို မလေးရှားနိုင်ငံမှာ ကျင်းပခဲ့ပြီး ပရီမီယာလီဂ်က ချယ်လ်ဆီး၊ ကာဆယ်၊ ဘာမင်ဂမ်တို့ ပြိုင်ပွဲဝင်ခဲ့ကာ ချယ်လ်ဆီးက ချန်ပီယံဖြစ်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်ပြိုင်ပွဲကိုတော့ ထိုင်းမှာကျင်းပခဲ့ပြီး အဲဗာတန်၊ ဘော်လ်တန်၊ မန်စီးတီးတို့ ပြိုင်ပွဲဝင်ခဲ့ကာ ဘော်လ်တန်က ချန်ပီယံဖြစ်ခဲ့ပါတယ်။ ၂၀၀၇ ပြိုင်ပွဲကိုတော့ ဟောင်ကောင်မှာ ကျင်းပခဲ့ပြီး လီဗာပူး၊ ပို့စ်မောက်၊ ဖူလ်ဟမ်တို့ ပြိုင်ပွဲဝင်ခဲ့ကာ ပို့စ်မောက်က ဗိုလ်စွဲခဲ့ပြီး ၂၀၀၉ ပြိုင်ပွဲကိုတော့ ပေကျင်းမှာကျင်းပခဲ့ကာ ဝက်စ်ဟမ်း၊ စပါး၊ ဟားလ်တို့ ပြိုင်ပွဲဝင်ခဲ့ပြီး စပါးက ချန်ပီယံဖြစ်ခဲ့ပါတယ်။ ၂၀၁၁ ပြိုင်ပွဲကို ကျတော့ ဟောင်ကောင်မှာ ကျင်းပခဲ့သလို ချယ်လ်ဆီး၊ ဗီလာ၊ ဘလက်ဘန်းတို့ ပြိုင်ပွဲဝင်ခဲ့ကာ ချယ်လ်ဆီးက ချန်ပီယံဖြစ်ခဲ့ပြီး ၂၀၁၃ ပြိုင်ပွဲကိုလည်း ဟောင်ကောင်မှာပဲ ကျင်းပခဲ့သလို မန်စီးတီး၊ ဆန်းဒါးလန်း၊ စပါးတို့ ပြိုင်ပွဲဝင်ခဲ့ကာ မန်စီးတီးက ချန်ပီယံဖြစ်ခဲ့ပါတယ်။ ဒီတစ်ကြိမ်ပြိုင်ပွဲကို ကျတော့ စင်ကာပူနိုင်ငံမှာ ကျင်းပသွားမှာဖြစ်ပြီး အာဆင်နယ်၊ အဲဗာတန်၊ စတုတ်တို့ ပြိုင်ပွဲဝင်သွားမှာဖြစ်ကာ ဇူလိုင် ၁၅ ရက်ကနေ ၁၈ ရက်အထိ ကျင်းပသွားမှာ ဖြစ်ပါတယ်။

အော်ဒီဖလားပြိုင်ပွဲ

ဒီပြိုင်ပွဲကတော့ ဂျာမနီအခြေစိုက်ပြိုင်ပွဲတစ်ခုဖြစ်ပြီး အော်ဒီကုမ္ပဏီက နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၀၉ ခုနှစ်မှာ စတင်ကျင်းပခဲ့ကာ ဘိုင်ယန်က အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပတဲ့ ပြိုင်ပွဲတစ်ခုလည်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ အာရှပရီမီယာလီဂ်ပြိုင်ပွဲနဲ့ ကျင်းပပုံတူညီပြီး နှစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ ပြိုင်ပွဲလည်းဖြစ်ကာ ပြိုင်ပွဲဝင်အသင်း လေးသင်းကို ရှုံးထွက်စနစ်နဲ့ ယှဉ်ပြိုင်ကစားစေတဲ့ ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါတယ်။ ဒီပြိုင်ပွဲ သမိုင်းတစ်လျှောက်မှာတော့ အိမ်ရှင် ဘိုင်ယန်အပါအဝင် ဘာစီလိုနာ၊ မန်ယူ၊ မန်စီးတီး၊ အေစီမီလန်၊ ဘိုကာဂျူနီယာ၊ နေရှင်နယ်၊ ဆာအိုပေါ်လို၊ တို့ ပြိုင်ပွဲဝင်ခဲ့ကာ ဘိုင်ယန်က ချန်ပီယံနှစ်ကြိမ်နဲ့ ဘာစီလိုနာက ချန်ပီယံတစ်ကြိမ်ဖြစ်ခဲ့ပါတယ်။ ဒီနှစ်ပြိုင်ပွဲမှာတော့ ဘိုင်ယန်နဲ့အတူ ရီးရဲမက်ဒရစ်၊ စပါး၊ အေစီမီလန်တို့ ပြိုင်ပွဲဝင်သွားမှာဖြစ်ကာ သြဂုတ် ၄ ရက်နဲ့ ၅ ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

အီးမရိတ်ဖလားပြိုင်ပွဲ

ဒီပြိုင်ပွဲကလည်း ရာသီကြိုပြိုင်ပွဲတွေထဲမှာ ထင်ရှားတဲ့ ပြိုင်ပွဲတစ်ခုဖြစ်ပြီး ၂၀၀၇ ခုနှစ်က စတင်ကျင်းပခဲ့တဲ့ ပြိုင်ပွဲတစ်ခုဖြစ်ပါတယ်။ အင်္ဂလန်ကလပ် အာဆင်နယ်က ကြီးမှူးကျင်းပတဲ့ ဒီပြိုင်ပွဲဟာ နှစ်စဉ်ကျင်းပပြုလုပ်တဲ့ ပြိုင်ပွဲတစ်ခုလည်းဖြစ်ကာ တစ်ချိန်ကထင်ရှားခဲ့တဲ့ အမ်စတာဒမ် ပြိုင်ပွဲရဲ့ ကျင်းပပုံအတိုင်း ကျင်းပတဲ့ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အသင်းပေါင်း လေးသင်းနဲ့ ကျင်းပလေ့ရှိပြီး အမှတ်ပေးပြိုင်ပွဲ တစ်ခုပုံစံနဲ့ကျင်းပကာ အနိုင်ရရင် သုံးမှတ်၊ သရေကျရင် တစ်မှတ်ရရှိမှာဖြစ်ပြီး သွင်းဂိုးတစ်ဂိုးအတွက်လည်း တစ်မှတ်ရရှိမှာဖြစ်တာကြောင့် အသင်းတိုင်းဟာ တိုက်စစ်ဖွင့် ကစားလေ့ရှိပြီး ပြိုင်ပွဲဟာလည်း ပိုမိုအကြိတ်အနယ်ရှိတတ်ပါတယ်။ ဒီပြိုင်ပွဲမှာတော့ အိမ်ရှင် အာဆင်နယ်အပါအဝင် ဗလင်စီယာ၊ ဂါလာတာစာရေး၊ ဟမ်းဘတ်၊ ရက်ဘူးလ်၊ ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ်၊ ပေါ်တို၊ ရိန်းဂျား၊ လိုင်ယွန်၊ အက်သလက်တီကို၊ ဆဲလ်တစ်၊ မိုနာကို၊ အင်တာ၊ ဂျူဗင်တပ်စ်၊ အေစီမီလန်၊ ဘိုကာဂျူနီယာ၊ နာပိုလီ၊ ဘင်ဖီကာ စတဲ့ အသင်းကောင်းများစွာ ပြိုင်ပွဲဝင်ဖူးပြီး အာဆင်နယ်က ချန်ပီယံ သုံးကြိမ်နဲ့ ဟမ်းဘတ်၊ ရက်ဘူးလ်၊ ဂါလာတာစာရေး၊ ဗလင်စီယာတို့က ချန်ပီယံတစ်ကြိမ်စီ ဖြစ်ခဲ့ဖူးပါတယ်။ ဒီပြိုင်ပွဲမှာလည်း အာဆင်နယ်၊ ဝုဖ်ဘတ်၊ လိုင်ယွန်၊ ဗီလာရီးရဲတို့ ပြိုင်ပွဲဝင်ကြမှာဖြစ်ပြီး ဇူလိုင် ၂၅ နဲ့ ၂۶ ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

Telekom Cup

ဒီပြိုင်ပွဲကတော့ အော်ဒီဖလားပြိုင်ပွဲလို ဂျာမနီအခြေစိုက် ပြိုင်ပွဲတစ်ခုသာဖြစ်ပြီး ၂၀၀၉ ခုနှစ်မှာ စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲ စတင်ကျင်းပစဉ်က T-Home Cup အမည်နဲ့ ကျင်းပခဲ့တာဖြစ်ပြီး ဒုတိယ အကြိမ်ပြိုင်ပွဲမှာတော့ LIGA Total Cup အမည်ကို ပြောင်းလဲခဲ့ပြီး ၂၀၁၃ ပြိုင်ပွဲရောက်မှ Telekom Cup ဆိုတဲ့ လက်ရှိအမည်နဲ့ စတင်ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲက နှစ်စဉ်ကျင်းပတဲ့ ပြိုင်ပွဲတစ်ခုဖြစ်ပြီး ဂျာမနီအခြေစိုက်အသင်းတွေသာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာတော့ ရှော်လ်ကေး၊ စတုတ်၊ ဘိုင်ယန်၊ ဟမ်းဘတ်၊ ကိုလုံး၊ ဒေါ့မွန်၊ မိန်ဇ်၊ ဝါဒါဘရီမင်၊ ဂလာဘတ်၊ ဝုဖ်ဘတ်တို့ ပြိုင်ပွဲဝင်ခဲ့ကြဖူးကာ ဟမ်းဘတ်၊ ရှော်လ်ကေး၊ ဒေါ့မွန်၊ ဝါဒါဘရီမင်၊ ဘိုင်ယန်တို့က ချန်ပီယံဖြစ်ခဲ့ကြဖူးပါတယ်။ ဒီတစ်ကြိမ်ပြိုင်ပွဲမှာတော့ ဘိုင်ယန်၊ အော့ဇ်ဘတ်၊ ဂလာဘတ်၊ ဟမ်းဘတ်တို့ ပြိုင်ပွဲဝင်သွားမှာဖြစ်ကာ ဒီပြိုင်ပွဲကိုတော့ ဇူလိုင် ၁၂ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။

အခြားပြိုင်ပွဲများ

ဒါကြောင့် လက်ရှိကျင်းပပြုလုပ်နေတဲ့ ပြိုင်ပွဲတွေ ပြီးဆုံးသွားချိန်မှာလည်း ဘောလုံးလောကဟာ ဧပြီသက်သွားမှာမဟုတ်သလို အဆိုပါ ရာသီကြိုပြိုင်ပွဲတွေနဲ့ ဆက်လက်လှုပ်ခတ်နေဦးမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အဆိုပါ နာမည်ကြီး ရာသီကြိုပြိုင်ပွဲတွေအပြင် ကလပ်အသင်းခြေစမ်းပွဲများလည်း ယှဉ်ပြိုင်ကစားကြဖို့ ရှိနေသလို ဘာစီလိုနာရဲ့ ကျော်ဒန်ဝမ်ပါ ဖလားလို ပြိုင်ပွဲတွေလည်း ရှိနေပါသေးတယ်။ အထူးသဖြင့် အဲဒီလို ကလပ်အသင်းပွဲစဉ်တွေနဲ့အပြိုင် ကွန်ကာကက်ဖ်ဂိုးလ်ကပ်ပြိုင်ပွဲကိုလည်း ဇူလိုင် ၇ ရက် ကနေ ၂۶ ရက်အထိ အမေရိကန်နဲ့ ကနေဒါတို့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ အမေရိကန်၊ မက္ကဆီကို၊ ကနေဒါ စတဲ့ မြောက်အမေရိကဒေသတွင်း အသင်းကြီးတွေ ပါဝင်ယှဉ်ပြိုင်ကြမယ့် အဆိုပါ ၂၀၁၅ ကွန်ကာကက်ဖ်ဂိုးလ်ကပ် ပြိုင်ပွဲကလည်း ပြိုင်ပွဲကြီးတစ်ခုဖြစ်တာကြောင့် ဘောလုံးလောကဟာ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီအပြီး ၂၀၁၅-၂၀၁۶ ဘောလုံးရာသီသစ် ကြားကာလအတွင်းမှာလည်း ဆက်လက်လှုပ်ခတ်နေဦးမှာဖြစ်သလို စိတ်ဝင်စားမှုလည်း ကောင်းနေတယ်လို့သာ ဆိုချင်ပါတယ်။

ဖရုံကာ ကျွန်းပေါ်က မြင့်ဂါ - ဖဒူလမ်းတစ်သွယ်

ဂနိုင်ပြည်နယ်

လွမ်းဦးရွာဟုခေါ်ပါသည်

"လွန်ခဲ့သောခြောက်လလောက်က မြင့်ဂါ-ဖဒူလမ်းဖောက်နေတာကို သွားစစ်ရင်းနဲ့ လွမ်းဦးရွာအထိ ရောက်ခဲ့တယ်။ ဖရုံကာကျွန်းကနေ စစ်တွေကိုပြန်ထွက်တော့ နေအတော်စောင်းနေပြီ။ ပင်လယ်ဝရဲ့ ထုံးစံအတိုင်းပေါ့ကွာ၊ အပြန်ခရီးမှာ လှိုင်းတွေ လေတွေထန်ပြီး ငါတို့စီးလာတဲ့ ဘုတ်ကလေးက ထိန်းမနိုင်သိမ်းမရနဲ့၊ လွမ်းဦးရွာကအပြန် လွမ်းစရာတွေ ဖြစ်တော့မလို့"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးက ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံကာကျွန်းပေါ်မှ လွမ်းဦးရွာခရီးစဉ်ကို သတိတရပြန်လည်ပြောပြသည်။ သွားရသည့် ရည်ရွယ်ချက်မှာ မြင့်ဂါ-ဖဒူလမ်း ပေါ်တွင် တည်ဆောက်လျက်ရှိသော တံတားများ၊ Box Culvert နှင့် ရေပွွန်များကိုလိုက်လံကြည့်ရှုစစ်ဆေးရန် ဖြစ်သည်။ လွမ်းဦးရွာ ၏ အားသာချက်တစ်ခုက မြင့်ဂါ-ဖဒူလမ်းအတွက် လိုအပ်သောကျောက်များ ထုတ်လုပ်နိုင်ခြင်းပင်။ ဖရုံကာကျွန်းပေါ်တွင် လမ်းခင်းရန် သက်ရင့်ကျောက်ရှားပါးကြောင်း သိရသည်။

မြင့်ဂါ-ဖဒူလမ်းဆိုသည်မှာ

ပါတီ၊ကောင်စီခေတ်ဟု လူသိများသော လမ်းစည်ပါတီခေတ်၌ ဖရုံကာကျွန်းပေါ်တွင် မြင့်ဂါမှ လွမ်းဦးရွာအထိ ကားလမ်းရှိခဲ့ဖူးသည်။ သူ့ခေတ်သူ့အခါက တတ်နိုင်သမျှ ကြိုးစားဖောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ဖဒူကြီး၊ ဖဒူလေးဘက်အထိ ဆက်၍မဖောက်နိုင်တာက တစ်ကြောင်း၊ လမ်းပြုပြင်ထိန်းသိမ်းမှုမရှိတော့သည်ကတစ်ကြောင်းတို့ကြောင့် အချိန်ကာလ ကြာမြင့်လာသည့်နှင့်အမျှ ယိုယွင်းသွားခြင်းဖြစ်ပေမည်။ အပိုင်းပိုင်းပြတ်တောက်သွားပြီး မူလလမ်းကြောင်းပေါ်တွင် ချိန္တယ်ပိတ်ပေါင်းများနှင့် သီးနှံစိုက်ခင်းတချို့တစ်ဝက် ဖြစ်သွားစေခဲ့သည်။ ဖရုံကာ ကျွန်းသည် မြေဆီညြီဖာကောင်းမွန်သော ကျွန်းတစ်ခုဖြစ်ပြီး ဆန်စပါးနှင့် ရာသီသီးနှံစိုက်ခင်းများ အားထားစိုက်ပျိုးကြသည်။ အနောက်ဖရုံကာကျွန်းတွင် ဆံတော်ရှင် ဘုရားတစ်ဆူ စံပယ်တော်မှုလျက် နှစ်စဉ်နတ်တော်လရောက်တိုင်း ဘုရားပွဲတော်ကျင်းပကြောင်း သိရသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖောက်လုပ်ပေးလျက်ရှိသော မြင့်ဂါ-ဖဒူလမ်းသည် အလယ်ဖရုံကာကျွန်းတွင် တည်ရှိသည်။

လမ်းဖောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်

ပေါက်တောမြို့နယ်အတွင်းရှိ ဖရုံကာကျွန်းသည် တောင်ဘက်မြေပုံမြို့နယ်နှင့်လည်း နယ်မြေဆက်စပ်လျက်ရှိသည်။ မြေပုံမြို့နယ်အတွင်းရှိ ငမန်းရဲကျွန်းသည် မုဆိုး ပင်လယ်ကွေ့မှတစ်ဆင့် ဝင်ရောက်လာသော မုန်တိုင်းဒဏ်ကို မကြာခဏခံရသောဒေသဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖြစ်လာလျှင် စစ်တွေမြို့မှ အမြန်သွားရောက်၍ ကယ်ဆယ် စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာ ရေလမ်းအတိုင်းသွားလာ၍မလွယ်ကူကြောင်း၊ သို့ဖြစ်၍ ဖရုံကာကျွန်းကို ကားဖြင့်ဖြတ်ပြီး အချိန်မီသွားလာနိုင်ရေး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် (ဌေမ်း) လက်ထက်၌ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုရည်ရွယ်ချက်ဖြင့် ဖောက်လုပ်ခဲ့သော မြင့်ဂါ-ဖဒူကားလမ်းသည် ဖရုံကာကျွန်းတွင်တည်ရှိနေသည့် ရခိုင်တိုင်းရင်းသား သွေးချင်းများ၏ လူမှုစီးပွားဘဝကိုလည်း များစွာအထောက်အကူပြုနေပြီဖြစ်ကြောင်း တွေ့ရှိရသည်။ ယခင်က ဖဒူကြီး၊ ဖဒူလေးဘက်မှ စစ်တွေသို့သွားလျှင် ရေလမ်းခရီးတစ်ခုသာရှိသောကြောင့် စက်လှေဖြင့် ကျွန်းကိုပတ်၍ ငါးနာရီ၊ခြောက်နာရီခန့်သွားရသည်။ ယခုအခါ မြင့်ဂါ-ဖဒူလမ်း ၂၁ မိုင်ကို ကားဖြင့် တစ်နာရီခွဲခန့်၊ မြင့်ဂါမှစစ်တွေသို့ စက်လှေဖြင့် မိနစ်လေးဆယ်ခန့်သွားလျှင် ရောက်ရှိသွားမည်ဖြစ်သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ မြင့်ဂါကျေးရွာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ကျေးလက်ကျန်းမာရေးဌာနတစ်ခု တည်ဆောက်ပေးပြီးဖြစ်သည်။ မြင့်ဂါကျေးရွာအပါအဝင် ဖရုံကာကျွန်းပေါ်ရှိ ကျေးရွာများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်ရခိုင်ပြည်နယ်၏ မြို့တော်စစ်တွေမြို့သို့ သွားလာရေးလွယ်ကူသွားပြီဖြစ်သည်။ ထိုနည်းတူစွာ ကားလမ်း၀ဲ/ယာရှိကျေးရွာများ မှကျောင်းသား ကျောင်းသူလေးများသည်လည်း နီးစပ်ရာအလက၊ အထကကျောင်းများသို့ စက်ဘီး၊ ဆိုင်ကယ်များဖြင့် သွားလာသင်ယူနိုင်ကြပြီဖြစ်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြင့်ဂါ-ဖဒူလမ်းပေါ်ရှိ မြောက်ပြင်ကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း တည်ဆောက်ပေးခဲ့သည်။ မြင့်ဂါ-ဖဒူ လမ်းကို ဖရုံကာကျွန်းပေါ်မှထွက်ရှိသော အဓိကထွက်ကုန် ဆန်စပါးနှင့် ဟင်းသီးဟင်းရွက်များ တင်ပို့ရောင်းချရာတွင်လည်း အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့အပြင် ဖရုံကာကျွန်းတွင် နေထိုင်ကြသော ရခိုင်တိုင်းရင်းသားသွေးချင်းများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုအပြည့်အဝ ရရှိစေရန်၊ ထိုဒေသ၏ နယ်မြေတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ ရည်ရွယ်ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးသောလုပ်ငန်းများ

မြင့်ဂါ-ဖဒူလမ်းသည် ၂၁ မိုင်အရှည်ရှိပြီး လမ်းတစ်လျှောက်ချောင်းကြီးချောင်းငယ် အသွယ်သွယ်ကိုလည်း ဖြတ်သန်းဖောက်လုပ်ရသဖြင့် တံတားများ၊ Box Culvert များ၊ ရေပွွန်များ များစွာတည်ဆောက်ပေးခဲ့ရသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ မြေလမ်းခုနစ်မိုင် စတင်ဖောက်လုပ် ပေးကာ ပေ ၆၀ တံတားတစ်စင်း၊ ပေ ၄၀ တံတားတစ်စင်း၊ ပေ ၃၀ တံတားတစ်စင်း၊ ပေ ၂၀ တံတားလေးစင်းအပါအဝင် တံတားများတည်ဆောက်ပေးခဲ့သည်။ ပေ ၃၀ တံတားမှာ လွမ်းဦး ကျေးရွာ၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျန်မြေလမ်း ၁၄ မိုင် ဆက်လက်ဖောက်လုပ်၍ ကျောက်လမ်း ၁၉မိုင်၅ဖာလုံခင်းပေးခဲ့ပြီး ပေ ၁၀၀ တံတားတစ်စင်း၊ ပေ ၇၀ တံတားတစ်စင်း၊ ပေ ၆၀ တံတားတစ်စင်း၊ ပေ ၅၀ တံတား တစ်စင်း၊ ပေ ၄၀ တံတားသုံးစင်း၊ ပေ ၃၀ တံတားနှစ်စင်း၊ ပေ ၂၀ တံတားငါးစင်း အပါအဝင် တံတားများ၊ Box Culvert များ၊ ရေပွွန်များကို တည်ဆောက်ပေးခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း အပြီးသတ်ဖောက်လုပ်ရန် ကျန်ရှိသောကျောက်လမ်းတစ်မိုင် သုံးဖာလုံ ဖောက်လုပ်ခြင်းနှင့် ပေ ၁၄၀ တံတားတစ်စင်း၊ ပေ ၆၀ တံတားတစ်စင်း၊ ပေ ၅၀ တံတားတစ်စင်း၊ ပေ ၃၀ တံတားနှစ်စင်း၊ ပေ ၂၀ တံတားသုံးစင်းနှင့် ကွန်ကရစ်ရေပွွန်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စစ်တွေပွိုင့်ထိပ်မှ လှမ်းမျှော်ကြည့်လျှင် တစ်စိတ်တစ်ဒေသတွေ့မြင်နေရသော ဖရုံကာကျွန်း။ ယခုအခါ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆံတော်ရှင်ဘုရား တည်ရှိရာ အနောက်ဖရုံကာကျွန်းတွင်လည်း လမ်းများတိုးချဲ့ဖောက်လုပ်နေကြောင်း သိရှိရသည်။ နောင်သောအခါ ဖရုံကာကျွန်းတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျွန်းနေပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဟု အလေးအနက်ယုံကြည်မိပါသည်။

သီပေါ စျေးချိုတော်စျေးသမဝါယမ အရပ်ရပ်ဆိုင်ရာစည်းဝေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)

စျေးချိုတော်စျေးသမဝါယမအသင်းလီမိတက် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ (၂၃) ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို ဇွန်၁၆ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာသာသနာ့ဗိမာန်တော် မြို့လယ်ခမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိစျေးချိုတော်စျေးသမဝါယမ အသင်းဥက္ကဋ္ဌ ဦးအေးကျော်နှင့် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်ခင်ပြိုးကြည်တို့က အမှာစကား ပြောကြားသည်။ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အသင်းအတွင်းရေးမှူး ဒေါ်ခင်မြိုင်က ဖတ်ကြားတင်သွင်း၍ အသင်းသား ဒေါ်နန်းစံဆိုင်ဖုန်းက အကြံပြုဆွေးနွေးခဲ့သည်။ ထို့နောက် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှင်းတမ်းများကိုအတည်ပြုချက် ရယူရန် ဒါရိုက်တာအဖွဲ့ဝင် ဒေါ်မူမူက အဆိုတင်သွင်း၍ အသင်းသားဒေါ်သီတာရီက ထောက်ခံဆွေးနွေးကာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးအေးကျော်က အကြံပြုချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ စျေးချိုတော်စျေးသမဝါယမအသင်း အမှုဆောင်သစ်များကို ပြန်လည်ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးအေးကျော်၊ ဒုတိယဥက္ကဋ္ဌစိုင်းအောင်ပွင့်၊ အတွင်းရေးမှူး ဒေါ်ခင်မြိုင်၊ အုပ်ချုပ်မှု ဒါရိုက်တာ ဦးစိုင်းစိန်မောင်နှင့် အမှုဆောင်ဝါးဦးကို လည်းကောင်း၊ အသင်းသားစာရင်းစစ်များအဖြစ် အဖွဲ့ခေါင်းဆောင် ဒေါ်နန်းငွေကြည်နှင့် အဖွဲ့ဝင်သုံးဦးကိုလည်းကောင်း အသင်းသားများ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ကြပြီး သဘာပတိရှေ့တွင် ကတိသစ္စာပြုကာ ဥက္ကဋ္ဌသစ်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

စစ်ကိုင်းတိုင်းဒေသကြီး

တောင်သူလယ်သမားများအတွက် လယ်ကေ ၈၀၀၀ ကျော် ရေပေးဝေမည့် ရာဇြိုဟ်ရေလှောင်တမံ

တင်လှိုင်(မိတ္ထီလာ)

ကျွန်တော်တို့စီးလာသော ကားလေးသည် ကလေးမြို့မှ တမူးမြို့သို့သွားသော ကားလမ်းအတိုင်းမောင်းလာခဲ့သည်။ နံနက်ခင်းသန့်ရှင်းလတ်ဆတ်သော လေကိုရှူရှိုက်ရင်း တောတောင်ရေမြေ သဘာဝအလှကို ကြည့်ရှုခံစားရသည့်အတွက် လန်းဆန်းတက်ကြွနေသည်။ နေရောင်ရောင်းသည်ကားလမ်းနဘေးတွင် တသွင်သွင်စီးဆင်းနေသည်။ ကလေးမြို့အထွက် လေးမိုင်အကွာ ရေဆန်ကျွန်းမြတ်ရုပ်ပွားတော်အား ဝင်ရောက်ဖူးမြော်ကြသည်။ ထိုမှတစ်ဆင့် တမူးကားလမ်းအတိုင်း ရာဇဗြိုဟ်ရေလှောင်တမံသို့ လာခဲ့ကြသည်။ ကလေး-တမူးကားလမ်းသည် အိန္ဒိယနိုင်ငံက ဖောက်လုပ်ပေးထားသော ကတ္တရာကားလမ်းဖြစ်သည်။ ကားလမ်းသည် အဆင်းအတက်မရှိ ညီညာပြန့်ပြူးနေသည်။ ကလေးတမူးလမ်းပေါ်ရှိ တံတားများသည် သံတံတားများဖြစ်သည်။ အောက်ခံကြမ်းခင်းမှာ သံပြားများဖြစ်သည်။ ကလေးမှတမူးသို့ မိုင် ၉၀ ကျော်ဝေးသည်။

မြန်မာနိုင်ငံသည် စပါးသီးနှံအပါအဝင် သီးနှံစုံကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နေသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် လိုအပ်သည့် ရေဘေးကာကွယ်ရေးတာတမံများ၊ ရေတံခါးများ၊ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည်။ တစ်ချိန်တည်းမှာပင် ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေး စသည်တို့ တိုးတက်လာစေရန်အတွက် တူးမြောင်းများ၊ ရေနုတ်မြောင်းများကိုလည်း ဆက်တိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ထိုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်ရှိ ရာဇဗြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းလည်း ပါဝင်သည်။ ကလေးခရိုင်ဖြစ်သော မြစ်ဝှမ်းဒေသတွင် မိုးအခါရေလွှမ်းမိုးမှုကို အထိုက်အလျောက်သက်သာစေမည်ဖြစ်ပြီး နွေရာသီတွင် စပါးသီးနှံအပါအဝင် အခြားသီးနှံများကို ရေသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုမည်၊ လျှပ်စစ်ဓာတ်အားကိုလည်း ထုတ်လွှတ်ပေးမည့် စီမံကိန်းဖြစ်သည်။

မြစ်သာမြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင်ရှိသည့် ရာဇဗြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၃ ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ နေရွှေ့ရာချောင်းပေါ်တွင် အလျား ၄၇၆၅ ပေ၊ အမြင့် ၁၆၅ ပေ၊ ပင်မတမံအလျား ၈၉၁၅ ပေ၊ အမြင့် ပေ ၆၀ရှိ ကုန်းကျောတမံသုံးခုပါဝင်ပြီး ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀ သိုလှောင်နိုင်မည့် မြေသားတမံတည်ဆောက်ပြီး လယ်မြေဧက ၈၀၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ်နှစ်မဂ္ဂါဝပ်နှစ်လုံး စုစုပေါင်းလေးမဂ္ဂါဝပ် ထုတ်လုပ်သွားမည်ဖြစ်သည်။

ရာဇဗြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဗြိုဟ်ကျေးရွာ၏ မြောက်ဘက်နှစ်မိုင်ခန့်အကွာတွင်တည်ရှိသည်။ နေရွှေ့ရာချောင်းကိုပိတ်၍ တမံတည်ဆောက်ထားခြင်းဖြစ်သည်။ ရေဆင်းဧရိယာမှာ ၁၃၀ စတုရန်းမိုင်ဖြစ်သည်။ နှစ်စဉ်မိုးရေချိန် ၆၃ လက်မဖြစ်သည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့် ၁၆၅ ပေ၊ တမံအလျား ပေ ၁၃၆၈၀၊ ပင်မတမံ ၄၇၆၅ ပေ၊ ကုန်းကျောတမံသုံးခု ၈၉၁၅ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ပေ ၉၈၀၊ ဖိအားသံမဏိ ပိုက်လုံးအရွယ်အစား အဝင် ၇၅ ပေ(အချင်း)၊ အထွက် ပေ ၄၀ (အချင်း)၊ အလျား ၁၅၆၂ ပေ၊ ရေအားလျှပ်စစ်တပ်ဆင်အင်အား လေးမဂ္ဂါဝပ် (၂လုံး × ၂ မဂ္ဂါဝပ်) နှစ်စဉ် ပျမ်းမျှထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၀၊ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ် (O GEE TYPE)၊ အကျယ် ပေ ၃၅၀၊ အလျား ၅၆၈ ပေ၊ ရေသောက်စနစ်တူးမြောင်းတစ်ခု ၁၂ ဒသမ ၇၁မိုင်၊ လက်တံမြောင်းငါးခု ၂၈ ဒသမ ၆၂ မိုင်၊ ဆည်ရေပေးဝေနိုင်မည့် ဧရိယာ ဧကစ၅၁၀၀ ဖြစ်သည်။ ၂၀၀၃ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ ယခု ၂၀၁၅ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး ရေစတင်လှောင်နေပြီဖြစ်သည်။

ရာဇဗြိုဟ်ရေလှောင်တမံ တည်ဆောက်ရာတွင် တမံ၏အောက်ဘက်ရှိ ကျေးရွာများတွင် သောက်သုံးရေနှင့် ကျွဲ/ နွား/ တိရစ္ဆာန်ရေအခက်အခဲမရှိစေရန်အတွက် ရာဇဗြိုဟ်ကျေးရွာ၌ ရေတွင်းရှစ်တွင်း၊ ရေကန် ၁၀ ကန်၊ ခြံစည်းရိုး ၁၂ ခု၊ ဘုံဘိုင် ၂၀၊ ကျွဲ/နွား/ တိရစ္ဆာန်သုံးရေကန်နှစ်ကန်၊ အရှေ့နသာရွာ၌ ရေတွင်းလေးတွင်း၊ ရေကန်သုံးကန်၊ ခြံစည်းရိုးတစ်ခု၊ ဘုံဘိုင် ၁၅ခု၊ ကျွဲ/ နွား/ တိရစ္ဆာန်သုံးရေကန်တစ်ကန်၊ ကြက်ဖနက်ရွာ၌ ရေတွင်းနှစ်တွင်း၊ ရေကန်သုံးကန်၊ ခြံစည်းရိုးသုံးခု၊ ဘုံဘိုင်ငါးခု၊ ကံလှရွာ၌ ရေတွင်းတစ်တွင်း၊ ကံသာရွာ၌ ရေတွင်းတစ်တွင်း၊ ရေကန်နှစ်ကန်၊ ခြံစည်းရိုးနှစ်ခု၊ ဘုံတိုင်သုံးခုနှင့် အုတ်ကန်နှစ်ကန်၊ ကံဦးရွာ၌ အုတ်ရေကန်နှစ်ကန်၊ ကန်ကြီးကျေးရွာ၌ ကျွဲ/ နွား/ တိရစ္ဆာန်သုံးရေကန်သုံးကန် စုစုပေါင်းတမံအောက်ပိုင်းရှိ ကျေးရွာပေါင်းရှစ်ရွာအတွက် သန့်ရှင်းသော သောက်သုံးရေအတွက် ရေတွင်း ၂၈ တွင်း၊ ရေကန် ၂၁ကန်၊ ခြံစည်းရိုး ၂၁ ခု၊ ဘုံဘိုင် ၄၈ ခု၊ အုတ်ကန်လေးကန်နှင့် ကျွဲ/ နွား/ တိရစ္ဆာန်သုံးရေကန်ခြောက်ကန်တို့ကို တူးဖော်ပေးခဲ့သည်။

ရာဇဗြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းဆောင်ရွက်မှုသည် ၂၀၁၅ ခုနှစ်ကုန်တွင် ပြီးစီးတော့မည်ဖြစ်၍ ဆည်ရေများ ပေးဝေတော့မည်ဖြစ်ရာ ရာဇဗြိုဟ်ရေလှောင်တမံ ဆည်ရေသောက်လယ်ကေ ၈၅၀၀ ဧကမှာ စတင်ဆည်ရေများရရှိပြီး လယ်ယာကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိခံစားရတော့မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်လာမည့် တမံကြီးတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပမည်

မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ရေးမြို့နယ်၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်အားကစားကွင်းကို လိုအပ်သည့်နေရာများတွင် ပြင်ဆင်မွမ်းမံလျက်ရှိကြောင်း သိရသည်။

ဝန်ကြီးချုပ်ဖလားအားကစားပြိုင်ပွဲကို အောက်တိုဘာလအတွင်း၌ စတင်ကျင်းပရန်အတွက် ပြင်ဆင်မွမ်းမံလျက်ရှိရာ အားကစားဝန်ကြီးဌာနမှ ခွင့်ပြုငွေကျပ်သိန်းပေါင်း ၂၅၀ ကို ပြည်သူ့အားကစားရုံအတွက်လည်းကောင်း၊ မွန်ပြည်နယ် အစိုးရအဖွဲ့မှ ပြည်သူ့အားကစားကွင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၇၀ ကိုလည်းကောင်း အကုန်အကျခံသုံးစွဲထားကြောင်း သိရသည်။

နေမျိုးထွန်(ရေး)

သုံးခွမြို့နယ်တွင် စက်ရေတွင်းများတူးဖော်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ကျေးရွာခုနစ်ရွာ၌ စက်ရေတွင်းခုနစ်တွင်း တူးဖော်မည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် ဇွဲထော်ကျေးရွာအုပ်စု၊ ရွာသာအေးကျေးရွာနှင့် အဇန်းတောစွန်းကျေးရွာတို့တွင် ငွေတံတိုင်းကုမ္ပဏီမှ လေးလက်မပိုက် စက်ရေတွင်းနှစ်တွင်းကို ဇွန် ၁၀ ရက်ကစ၍ တူးဖော်လျက်ရှိကြောင်း သိရသည်။ စက်ရေတွင်းနှင့်အတူ ရေဂါလန် ၅၀၀၀ဆံ့ အုတ်ရေကန်တစ်ကန်၊ ရေစက်ရုံတစ်ရုံ၊ ကွန်ပရက်ဆာတစ်လုံး ပါရှိမည်ဖြစ်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ရှင်ငွေယန်၌ ကွင်းဆင်းဆောင်ရွက်

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ငွေယန်မြို့နယ်၌ မိုးရာသီတွင်အဖြစ်များတတ်သော သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခိုန်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ပြည်သူများ စဉ်ဆက်မပြတ် ပူးပေါင်းပါဝင်လာစေရန် ဇွန် ၁၃ ရက် နံနက် ၈ နာရီက မြို့ပေါ်လေးရပ်ကွက်ရှိ လူနေအိမ်များတွင် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပိုးလောက်လမ်းများ ပေါက်ပွားစေနိုင်သော ရေစင်၊ ရေအိုး၊ ရေလှောင်ကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ရေဝပ်နိုင်သော ချိုင့်ခွက်များအား မြေဖို့ခြင်း၊ ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ခြင်း၊ ပိုးရောတင်နိုင်သော စွန့်ပစ်ပစ္စည်းများ စနစ်တကျမြေမြှုပ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များပူးပေါင်း၍ ရပ်ကွက်အလိုက် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်းသင်း (iprd)

ရခိုင်ပြည်နယ်

ပေါက်တောမြို့နယ်တွင် တောင်သူလယ်သမားများအား မျိုးစပါးများထောက်ပံ့

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ်တွင် ဆားငန်ရေဝင်ရောက်မှုကြောင့် စပါးစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသော တောင်သူလယ်သမားများအား မျိုးစပါးများထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ပေါက်တောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပေါက်တောမြို့နယ်အတွင်း ဆားငန်ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားသော လယ် ၄၂၂၁ဧကအတွက် တစ်ဧကလျှင် မျိုးစပါး တစ်တင်းနှုန်းဖြင့် မျိုးစပါး ၄၂၂၁ တင်းကို နစ်နာဆုံးရှုံးသွားသော လုပ်ကွက်ငယ်တောင်သူများအတွက် သက်ဆိုင်ရာတောင်သူ ကိုယ်စားလှယ်များထံသို့ ပေးအပ်သည်။

ဦးစွာ စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇံသာ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါး စိုက်ပျိုးနေချိန်ဆားငန်ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားသော တောင်သူများအတွက် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီအမီ မျိုးကောင်းမျိုးသန့် မျိုးစပါးများ ထောက်ပံ့ပေးရခြင်းအကြောင်းကို လည်းကောင်း၊ ပေါက်တောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းဌေးက သိပ္ပံနည်းကျ စိုက်ပျိုးနည်းများနှင့် ပင်လယ်ဆားငန်ရေ ဝင်ရောက်မှု အန္တရာယ်မှ လွတ်မြောက်နိုင်ရန် ဆားငန်ရေဒဏ်ခံနိုင်သည့်ဒေသနှင့်ကိုက်ညီသော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးတတ်ရန်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက တောင်သူကိုယ်စားလှယ်များထံသို့ မျိုးစပါးများကို ပေးအပ်သည်။ ညနေပိုင်းတွင် တောင်သူပညာပေးသင်တန်းကိုလည်း ပြုလုပ်ပေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်နှင့်တာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်သာညွန့်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းကြီးကြပ်မှုအဖွဲ့ဝင်များနှင့် တောင်သူကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပေါက်တောမြို့နယ်၌ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးရာသီတွင် ၁၀၂၆၁၀ ဧက စိုက်ပျိုးခဲ့ရာ မိုးနှောင်းကာလ၌ ပင်လယ်ဆားငန်ရေ ဝင်ရောက်မှုကြောင့် ကျေးရွာအုပ်စု ၂၇ အုပ်စုတွင် မိုးစပါး ၄၂၂၁ ဧက ပျက်စီးဆုံးရှုံးသွားခဲ့သဖြင့် ရေဆင်း(၃)နှင့် ဆင်းသွယ်လတ်မျိုးစပါး ၄၂၂၁ တင်း (စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၃၃၇ ဒသမ ၆၈ သိန်း) ကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပေါက်တောမြို့နယ်၏ ဒေသအများစုသည် ဘင်္ဂလားပင်လယ်နှင့် ဟန်တာပင်လယ် (ကျွန်းစဉ်မြစ်)များကြားတွင် ကျွန်းကြီး၊ ကျွန်းငယ်များဖြင့် တည်ဆောက်ထားရာ နှစ်စဉ်လိုလို ပင်လယ်ဆားငန်ရေများဝင်ရောက်၍ စပါးစိုက်ခင်းများ ပျက်စီးဆုံးရှုံးတတ်သဖြင့် တောင်သူများအနေဖြင့် မိမိတို့စိုက်ခင်းများမဆုံးရှုံးစေရန် အစဉ်အမြဲသတိထားရန်လိုအပ်ကြောင်း သိရသည်။

သတင်း-ကိုကြီးစော၊ ဓာတ်ပုံ-ဖရုံကာသား

ကချင်ပြည်နယ်

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မီးလွတ်ဥစားဘဲမျိုးများ ပူတာအိုခ္ခြဖန့်ဝေ

ကျေးလက်နေပြည်သူများ ဥနှင့်အသားစားသုံးမှု မြင့်မားလာစေရန်နှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် ကချင်ပြည်နယ် ပူတာအိုခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကကြီးမှူး၍ ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု အောက်ဆန်ဂေါင်ကျေးရွာနေပြည်သူများသို့ မီးလွတ်ဥစားဘဲမျိုးများဖြန့်ဝေမှုအစီအစဉ်တစ်ရပ်ကို ဇွန် ၁၆ ရက် နံနက် ၁၁ နာရီက အောက်ဆန်ဂေါင်ကျေးရွာ နည်းပညာပေး ဘဲမွေးမြူရေးခြံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာသန်းမြင့်တို့က မွေးမြူလိုသည့် တောင်သူများထံ တစ်အိမ်ထောင်ချင်း ဖြန့်ဝေပေးအပ်သည်။

ပူတာအိုခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အောက်ဆန်ဂေါင်ကျေးရွာ နည်းပညာပေးဘဲမွေးမြူရေးခြံ၌ ဘဲကောင်ရေ ၄၇၀ကို မွေးမြူခဲ့ပြီး အောက်ဆန်ဂေါင်ကျေးရွာနှင့် မချမ်းဘောမြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့ရှိ ကျေးလက်နေအိမ်ထောင်စု ၄၇ စုသို့ တစ်အိမ်ထောင်လျှင် ၁၀ ကောင်နှုန်းဖြင့် လက်ငင်း/ စာရင်းမှတ်စနစ်ဖြင့် ဖြန့်ဖြူးကာ ဖြန့်ဝေရန်ကျန်ရှိသည့် မချမ်းဘောမြို့နယ်အတွင်းရှိ ကျေးရွာအချို့သို့ ဇွန် ၁၇ ရက်က ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဗုန်ကန် (iprd)

ရောဝတီတိုင်းဒေသကြီး

ညောင်တုန်းစုတံတားဟောင်းကြီခိုင်မှုအားနည်း၍ တံတားသစ်ပေါ်မှ ယာဉ်များဖြတ်သန်းခွင့်ပြု

မြင့်အောင်(မော်ကျွန်း)

မော်လမြိုင်ကျွန်း-မအူပင်-ရန်ကုန်အဝေးပြေးလမ်းပေါ်ရှိ မော်လမြိုင်ကျွန်းမြို့နယ် ညောင်တုန်းစုကျေးရွာ ညောင်တုန်းစု မြစ်ကူးတံတားဟောင်းသည်တံတားကြမ်းခင်းများပေါက်ပြဲပြီး ကြီခိုင်မှုအားနည်းလျက်ရှိသော်လည်း ယာဉ်မျိုးစုံတို့သည် တံတားဟောင်းပေါ်မှ နေ့စဉ်သတိဖြင့်ဖြတ်သန်းမောင်းနှင်လျက်ရှိနေကြသည်။

အဆိုပါ ယင်းညောင်တုန်းစုတံတားဟောင်းပေါ်၌ ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲက ဖြတ်သန်းမောင်းနှင်သော ကျိုက်ပိ-မော်ကျွန်းငွေလမင်းယာဉ်ငယ်လိုင်း 8H/-----လိုက်ထရပ်ယာဉ်ငယ်ကားဘီးကျွံကျမှုတစ်ကြိမ်နှင့် ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် ကျိုက်ပိ-မော်ကျွန်းပြေးဆွဲသော 8H/---- လိုက်ထရပ်ယာဉ်ငယ်လည်း ကားဘီးကျွံကျမှုထပ်မံဖြစ်ပွားခဲ့သည်။

ခရီးသွားပြည်သူများဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ကားဘီးကျွံကျလျက်ရှိသော ညောင်တုန်းစုတံတားဟောင်းကို နံနက် ၁၀ နာရီ ၁၅မိနစ်ကစတင်ပြီး မော်တော်ယာဉ်များဖြတ်သန်းမောင်းနှင်ခွင့် ပိတ်ထားခဲ့သည်။

ကြီခိုင်မှုအားနည်းသော ညောင်တုန်းစုတံတားဟောင်းပိတ်ထားချိန်မှ စတင်၍ ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေလွယ်ကူစေရေးအတွက် လိုက်ထရပ်ယာဉ်ငယ်များ၊ ကိုယ်ပိုင်ယာဉ်များကို ဆောက်လုပ်ဆဲညောင်တုန်းစုတံတားသစ်ပေါ်မှ ဖြတ်သန်းမောင်းနှင်ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)

ရှမ်းပြည်နယ်(တောင်ပိုင်း) လွှိုင်လင်ခရိုင် နမ့်စန်မြို့နယ် သစ်တောဦးစီးဌာနက ၂၀၁၅-၂၀၁۶ ခုနှစ် မိုးရာသီ ကျွန်းပင်စိုက်ပျိုးပွဲကို ဇွန် ၁۶ ရက်က နမ့်စန်-မိုးနဲ့ကားလမ်းဘေး မိုင်တိုင်အမှတ် ၈/၀ နှင့် ၉/၀ အတွင်း ကျွန်းပင် ၁၀၀၀၊ ခိုလမ်မြို့နယ် ကာလေကျေးရွာ၌ ဒေသခံကျေးလက်နေပြည်သူများနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများက တစ်ရွာတစ်ဧကစနစ်ဖြင့် သစ်မာနှင့်ယူကလစ်ပင် ۶၀၀ ကို စိုက်ပျိုးကြစဉ်။

မိုးလွင်ဦး(လွှိုင်လင်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲ မချမ်းဘောမြို့၌ကျင်းပ

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက်(ယင်းမာ) အရ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်နှင့် နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးရဲထိုက်အောင်က မူးယစ်ဆေးဝါးနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကိုယ်စား ထရန်ဒမ်းတိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာတော်ဇင်အောင်က မူးယစ်ဆေးဝါး အကြောင်းများကို ကျန်းမာရေးရှုထောင့်မှလည်းကောင်း ဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

ဆားငန်ရေဝင်လယ်သမားများနှင့် လုပ်ကွက်ငယ်လယ်သမားများအား မျိုးစေ့ထောက်ပံ့

သံတွဲမြို့နယ်အတွင်းရှိ ဆားငန်ရေဝင်လယ်သမားများနှင့်လုပ်ကွက်ငယ်လယ်သမားများအားမျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ ရက်နံနက် ၉ နာရီက သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ကျင်းပရာ သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းက မျိုးစပါးထောက်ပံ့ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍မျိုးစပါးများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်နှင့် တာဝန်ရှိသူများက မျိုးစေ့တင်းပေါင်း ၁۶၀၀ ကို ပေးအပ်ရာ ကျေးရွာအုပ်စု ၂၅ အုပ်စုမှ တောင်သူများက လက်ခံယူကြကြောင်း သိရသည်။

သန့်ဇင် (iprd)

စောင့်ကြည့်ရတော့မယ့် ဖီဖာရဲ့အခြေအနေ

လက်ရှိဖီဖာမှာဖြစ်နေတဲ့ ခြစားမှုပြဿနာဆိုတာက အတွင်းလိုက်ပြဿနာမျိုး။ အဲဒါကို ဖြေရှင်းဖို့ဆိုရာမှာ ဘလတ္တာနတ်ထွက်ရုံနဲ့ မလုံလောက်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နဲ့ လက်ရှိပြဿနာ။ အဲဒါက စိတ်ဝင်စားဖို့ ကောင်းသထက်ပိုမိုကောင်းလာတယ်။ ပထမ ဖီဖာရဲ့ထိပ်တန်းပုဂ္ဂိုလ် ၁၀ ဦးလောက် လာဘ်စားမှုနဲ့ အဖမ်းခံရတယ်။ နောက် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ဖီလာဥက္ကဋ္ဌရွေးကောက်ပွဲမှာ အနိုင်ရပြီးမှ ရာထူးကနေ နုတ်ထွက်ကြောင်း ကြေညာတယ်။ အခုကျတော့ အာရှနဲ့ အာဖရိကတို့က ဖီဖာဥက္ကဋ္ဌ ရာထူးကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့မှုအပေါ် ပြန်ပြီးစဉ်းစားဖို့ တောင်းဆိုလာမှုနဲ့ အတူ ဆပ်ဘလတ္တာက သူ့ရဲ့ဆုံးဖြတ်ချက်ကို ပြန်ပြီးပြင်ဆင်နိုင်ခြေရှိနေတယ်လို့ သတင်းတွေထွက်တယ်။ ဒီတော့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာမှာ ဘာတွေဆက်ဖြစ်လာမလဲ။ စိတ်ဝင်စားဖို့သိပ်ကောင်းနေတယ်။

အထူးသဖြင့် ဖီဖာဥက္ကဋ္ဌနေရာမှာ ဘလတ္တာဆက်ရှိမရှိဆိုတဲ့ အကြောင်းခြင်းရာနောက်မှာ ဖီဖာရဲ့တည်ငြိမ်မှုကလည်း ကပ်ပါနေတယ်လို့ အားလုံးကလက်ခံယုံကြည်ကြတယ်။ ပြောမယ်ဆိုရင် ကမ္ဘာ့ဘောလုံးလောကမှာရှိတဲ့ ထိပ်တန်းပုဂ္ဂိုလ် တော်တော်များများဟာ ဘလတ္တာရဲ့ အတွေးအခေါ်၊ အယူအဆနဲ့ လုပ်နည်းလုပ်ဟန်တွေကို မနှစ်သက်ကြဘူး။ ပြောရရင် ဖီဖာဥက္ကဋ္ဌရာထူးကနေ ဘလတ္တာနုတ်ထွက်ပြီလို့ ကြေညာချိန်မှာတင် ပေါ်တူဂီ ကစားသမားဟောင်းဖီဂိုက နောက်ဆုံးတော့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဖီဖာမှာ အပြောင်းအလဲတွေ ရောက်ရှိလာပြီလို့ ဆိုတယ်။ ဖီဖာနဲ့ ဘောလုံးလောကအတွက် ကောင်းမွန်တဲ့ အချိန်ကာလရောက်ပြီလို့လည်း တချို့ကပြောတယ်။ ဒီတော့ တကယ်ပဲ ဖီဖာဥက္ကဋ္ဌနေရာမှာ ဘလတ္တာ ဆက်မရှိသင့်ဘူးလား တွေးစရာဖြစ်ပြီ။

ပြောမယ်ဆိုရင် ဘလတ္တာရဲ့အတွေးအခေါ်။ ဘလတ္တာရဲ့ အယူအဆနဲ့ ဘလတ္တာရဲ့ အပြောအဆို၊ လုပ်နည်းလုပ်ဟန်တွေဟာ ဝေဖန်ချင်စရာဖြစ်နေသော်ငြား တကယ်လို့သာ ဘလတ္တာသာ သူ့ဆုံးဖြတ်ချက်ကို မပြင်ဘူးဆိုရင် အချိန်ကာလ အတိုင်းအတာတစ်ခုအထိတော့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာနဲ့ ကမ္ဘာ့ဘောလုံးလောကမှာ ဂယက်ထသွားနိုင်တယ်လို့ တွက်ကြတယ်။ အရှင်းဆုံးပြောရရင် ဘလတ္တာတစ်ယောက် ထွက်ခွာသွားရုံနဲ့တော့ ဖီဖာနဲ့ ဘောလုံးလောကတစ်ခုလုံး တည်ငြိမ်ပြီး ကောင်းမွန်သွားမယ်လို့ ပြောလို့မရဘူး။ အထူးသဖြင့် လက်ရှိဖီဖာမှာ ဖြစ်နေတဲ့ ခြစားမှုပြဿနာဆိုတာက အတွင်းလိုက်ပြဿနာမျိုး။ အဲဒါကို ဖြေရှင်းဖို့ဆိုရာမှာ ဘလတ္တာနုတ်ထွက်ရုံနဲ့ မလုံလောက်ဘူးလို့ဆိုကြတယ်။

အထူးသဖြင့် အဲဒီဖီဖာရဲ့ ခြစားမှုပြဿနာဟာ ဖီဖာဥက္ကဋ္ဌရွေးချယ်ပွဲ မတိုင်ခင်မှာဖြစ်တာ။ အဲဒီလိုကြားက မှ ဥက္ကဋ္ဌရွေးကောက်ပွဲရောက်တော့ ဘလတ္တာကို ဘာကြောင့် ထောက်ခံမှုတွေများခဲ့သလဲ။ အရှင်းဆုံးပြောရရင် ဘလတ္တာဟာ ဖီဖာဥက္ကဋ္ဌရာထူးမှာ နှစ်ပေါင်းအတော်ကြာရှိခဲ့တဲ့သူ။ သူလောက် ဖီဖာအတွင်းစည်းကိုသိနိုင်တဲ့သူဟာ ဘောလုံးလောကမှာ များများစားစားမရှိနိုင်တာနဲ့အမျှ အဲဒီခြစားမှုပြဿနာဟာ ဘလတ္တာကိုယ်တိုင် ပြန်ဖြေရှင်းခြင်းက ပိုသင့်လျော်မယ်လို့ ယူဆကြတာနဲ့အမျှ ဘလတ္တာကို ထောက်ခံခဲ့တာလားဆိုတာ စဉ်းစားစရာဖြစ်လာတယ်။

ပြောမယ်ဆိုရင် ဖီဖာဥက္ကဋ္ဌနေရာမှာ ဘလတ္တာပြန်ပြီး တာဝန်မယူခဲ့ရင်လည်း နောက်တက်လာမယ့် ဥက္ကဋ္ဌသစ်ဟာ အဲဒီပြဿနာကို ဖြေရှင်းပေးရမှာပဲလို့ တွက်နိုင်သော်ငြား။ အဲဒါဆိုရင် အချိန်ပိုယူရမယ့်အပြင် ဖီဖာရဲ့ တည်ငြိမ်မှုကိုပါ ပျက်ပြယ်စေနိုင်တယ်လို့ တချို့ကယူဆကြတယ်။ အထူးသဖြင့် ၂၀၁၈ နဲ့ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွေနဲ့ပတ်သက်တဲ့ ပြဿနာ။ အဲဒါဟာလည်း တော်ရုံပြဿနာမဟုတ်ဘူးလို့ ဆိုကြတယ်။ ပြောရရင် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ရုရှားက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိမှု နဲ့ ၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင်ရွေးချယ်မှုမှာ ဥရောပဘောလုံးအင်အားကြီးနိုင်ငံတွေကို ကျော်ဖြတ်ပြီး ကာတာနိုင်ငံက ရွေးချယ်ခံရမှုတွေမှာ မသမာမှုတွေ၊ ခြစားမှုတွေရှိတယ်လို့ သတင်းတွေကထွက်နေတာဆိုတော့။ ဘလတ္တာသာ ဥက္ကဋ္ဌနေရာမှာ ဆက်မရှိရင် အပြောင်းအလဲမဖြစ်ဘူးလို့ ဘယ်လိုမှမပြောနိုင်တော့ အဲဒီမှာလည်း ပြဿနာတွေကရှိတယ်။

အထူးသဖြင့် ဘလတ္တာဟာ ၂၀၁၈ ကမ္ဘာ့ဖလားနဲ့ ၂၀၂၂ ကမ္ဘာ့ဖလားတွေကို ရုရှားနဲ့ ကာတာမှာ ကျင်းပဖို့ ခိုင်ခိုင်မာမာထောက်ခံသူ ဖြစ်တာနဲ့အမျှ ဘလတ္တာသာ ဥက္ကဋ္ဌရာထူးမှာ ဆက်ရှိနေရင် အပြောင်းအလဲမဖြစ်နိုင်သော်ငြား လက်ရှိထွက်နေတဲ့ သတင်းတွေအရ အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂရက်စ်ဒိုက်က ၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင်ကို ပြန်လည်ရွေးချယ်ရေးအတွက် ဦးတည်ဆောင်ရွက်မှုများ၊ အမေရိကန်၊ ဂျပန်နဲ့ သြစတြေးလျတို့ကလည်း ၂၀၂၂ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရေး ယှဉ်ပြိုင်ဖွယ်ရှိမှုတွေ ၂၀၂၂ ကမ္ဘာ့ဖလားကို ကာတာက ကျင်းပခွင့်ရရှိရေးမှာ မီဒီယာတာဝန်ခံအဖြစ် တာဝန်ယူခဲ့သူ အယ်လာဂျစ်ရဲ့ ဖီဖာလာဘ်စားမှုပြဿနာကို ဖော်ကောင်လုပ်ခဲ့မှုနဲ့ တကယ်လို့ လာဘ်စားမှုတွေရှိနေရင် ရုရှားနဲ့ကာတာတို့အနေနဲ့ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ်ကနေ ဖယ်ရှားခံရနိုင်တယ်လို့ဆိုတဲ့ ဖီဖာစာရင်းစစ်ကော်မတီဥက္ကဋ္ဌ စကေလာရဲ့ ပြောဆိုမှုတွေအရ ဘလတ္တာသာ ဥက္ကဋ္ဌနေရာမှာဆက်မရှိရင် ကမ္ဘာ့ဖလားအိမ်ရှင်နေရာဟာ အပြောင်းအလဲမဖြစ်နိုင်ဘူးလို့ ပြောဖို့ခက်တယ်။

ပြောချင်တာက တကယ်လို့များ ဘလတ္တာအနေနဲ့ သူ့ဆုံးဖြတ်ချက်ကိုမပြင်ခဲ့ဘဲ ဥက္ကဋ္ဌသစ်တက်လာကာ အဲဒီဥက္ကဋ္ဌကလည်း ကမ္ဘာ့ဖလားအိမ်ရှင်ကို ပြန်ရွေးခဲ့ရင် ရုရှားနဲ့ ကာတာကရော ကျေနပ်ပါ့မလား။ အထူးသဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ဖို့အတွက် ပြင်ဆင်ကြရမှုတွေဟာ တော်ရုံမဟုတ်ဘူး။ ငွေအမြောက်အမြား ရင်းနှီးမြှုပ်နှံရသလို လူအားနဲ့ အချိန်ကိုပါ ရင်းရတာဖြစ်တာနဲ့အမျှ အဲဒီလိုရင်းနှီးပြင်ဆင်ပြီးမှ အိမ်ရှင်အဖြစ်ကနေ ဖယ်ရှားခံရရင် ရုရှားနဲ့ ကာတာမှာ နစ်နာဆုံးရှုံးမှု ကြီးမားသွားနိုင်သလို အဲဒါကိုအခြေခံပြီး ရုရှားနဲ့ ကာတာတို့ရဲ့ ဖီဖာနဲ့ ဆက်ဆံရေးကလည်း တင်းမာသွားနိုင်တော့ အရှုပ်အထွေး ပိုဖြစ်သွားနိုင်တယ်လို့ တွက်ကြတယ်။

ဒီတော့ ဖီဖာမှာ ရှေ့ဆက်ဘာတွေဖြစ်မလဲ။ ဘလတ္တာ အနေနဲ့ အာရှနဲ့ အာဖရိကဘောလုံးအဖွဲ့ချုပ်တို့ရဲ့ တောင်းဆိုမှုအရ ဥက္ကဋ္ဌနေရာမှာ ဆက်ရှိမလား။ ဒါမှမဟုတ် သူ့ဆုံးဖြတ်ချက်ကိုမပြင်ဘူးလား။ ဘလတ္တာမရှိရင်ရော ဖီဖာမှာ ဘာတွေဆက်ဖြစ်မလဲ။ တကယ်ပဲ အကောင်းဘက်ရောက်မလား။ စိတ်ဝင်စားဖို့ သိပ်ကောင်းတယ်လို့ပဲဆိုချင်တယ်။

လင်းဆက်

မန်နေဂျာသစ်ဘီလစ်ထုဆစ်မယ့် ဝက်စ်ဟမ်းရဲ့အပြောင်းအလဲ ၅

ဘီလစ်ကို ခန့်အပ်ခဲ့ခြင်းနဲ့ ပတ်သက်ပြီးလည်း ဝက်စ်ဟမ်းအသင်း တိုက်စစ်မျူးဟောင်း အက်ရှ်တန်က "ဘီလစ်ကို ခန့်အပ်ခြင်းဟာ အသင်းအတွက်တော့ အပေါင်းလက္ခဏာဆန်တဲ့ လုပ်ဆောင်မှုပါ။ သူဟာ ပရိသတ်တွေက နှစ်သက်တဲ့ မန်နေဂျာတစ်ဦးလည်းဖြစ်ပါတယ်။ ဒါ့အပြင် လာမယ့်ရာသီမှာ အသင်းဟာ ယူရိုပါလိဂ်မှာ ကစားရမှာဖြစ်ပြီး သူကလည်း ယူရိုပါလိဂ် အတွေ့အကြုံရှိတဲ့ နည်းပြဖြစ်တာကြောင့် အလွန်ကိုကောင်းပါတယ်" လို့လည်း ပြောဆိုခဲ့ပါတယ်။

ဘီလစ်ဟာ ဝက်စ်ဟမ်းအသင်းကို စတင်ကိုင်တွယ်တာနဲ့ တစ်ပြိုင်နက် အသင်းရဲ့ နည်းပြအဖွဲ့တွေကိုလည်း အပြောင်းအလဲလုပ်ခဲ့ပါတယ်။ အဲဒါကတော့ သူ့ရဲ့ ကစားကွက်နည်းဗျူဟာတွေကို ဝက်စ်ဟမ်းအသင်းမှာ ပိုမိုအသားကျစေဖို့လည်းဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ဆမ်အလာဒိုက်စ်ရဲ့ လက်အောက်မှာ အောင်မြင်မှုတွေ ရရှိခဲ့တာကြောင့် ဘီလစ်အနေနဲ့ ဆမ်အလာဒိုက်စ်ရဲ့ လောင်းရိပ်အောက်ကနေ ရုန်းထွက်နိုင်ဖို့ကိုလည်း ကြိုးစားရမှာဖြစ်ပါတယ်။ ဘီလစ်ဟာ ပရီမီယာလိဂ် အသင်းတွေကို ကိုင်တွယ်ခဲ့ဖူးခြင်း မရှိပေမယ့် ပရီမီယာလိဂ်မှာ ကစားခဲ့ဖူးတဲ့ ကစားသမားတစ်ဦးဖြစ်တာကြောင့် ပရီမီယာလိဂ်နဲ့ စိမ်းတဲ့သူလို့တော့ ပြောလို့မရပါဘူး။ ဒါကြောင့်လည်း ဝက်စ်ဟမ်းအသင်း ပရိသတ်တွေအနေနဲ့ ဘီလစ်ဟာ အသင်းအတွက်ပိုမိုကောင်းမွန်တဲ့ တိုးတက်မှုတွေ ရယူပေးနိုင်မယ်လို့ ယုံကြည်နေကြတာလည်းဖြစ်ပါတယ်။

ဒါ့အပြင် ဒီနှစ်ရာသီမှာ ဝက်စ်ဟမ်းအသင်းအနေနဲ့ ထူးခြားတာကတော့ ယူရိုပါလိဂ်ဝင်ခွင့် ရရှိထားခဲ့ခြင်းပဲဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ အဆင့် ၁၂ နေရာမှာ ရပ်တည်နေခဲ့ပေမယ့် ယူအီးအက်ဖ်အေရဲ့ Fair Play အဆင့်သတ်မှတ်ချက်ကြောင့် ယူရိုပါလိဂ်ဝင်ခွင့် ရရှိခဲ့တာလည်းဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ မန်နေဂျာသစ်အဖြစ် ဘီလစ်ကို အခြားနည်းပြတွေထက် ပိုမိုနှစ်သက်ပြီး ခေါ်ယူရတဲ့ အကြောင်းတွေထဲမှာ အသင်းအနေနဲ့ ယူရိုပါလိဂ် ဝင်ခွင့်ရရှိတာကြောင့်လည်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မန်နေဂျာဘီလစ်ဟာ ဘက်ရှီးတပ်စ်အသင်းနဲ့အတူ ယူရိုပါလိဂ်အတွေ့အကြုံ ရှိနေပြီးသားဖြစ်နေလို့ပါ။ ဒါပေမယ့် ပရီမီယာလိဂ် အောက်တန်းအသင်းတွေဟာ ယူရိုပါလိဂ်မှာ အောင်မြင်မှုရရှိအောင် ယူနိုင်ခြင်းမရှိတာကြောင့် ဘီလစ်အနေနဲ့ ဝက်စ်ဟမ်းအသင်းနဲ့အတူ ယူရိုပါလိဂ်ရဲ့ ဘယ်အဆင့်လောက် အထိ အသင်းကို စွမ်းဆောင်ပေးနိုင်မလဲဆိုတာကလည်း မေးခွန်းထုတ်စရာဖြစ်ပါတယ်။

မန်နေဂျာသစ် ဘီလစ်ဟာ အသင်းကို ရောက်ရှိခဲ့တာနဲ့တစ်ပြိုင်နက် အသင်းရဲ့ အားနည်းချက်အားသာချက်တွေကို လေ့လာတွက်ဆမိပါတယ်။ ပြီးခဲ့တဲ့ရာသီက ဝက်စ်ဟမ်းအသင်းရဲ့ အားနည်းချက်ကတော့ ကွင်းလယ်ပိုင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘီလစ်ဟာ အသင်းကိုရောက်ရှိတာနဲ့ ကွင်းလယ်ပိုင်းကို အားဖြည့်နိုင်ဖို့အတွက် ကစားသမားသစ်တွေ စတင်ရှာဖွေနေပြီလည်းဖြစ်ပါတယ်။ ကွင်းလယ်ဖန်တီးရှင် ရှာဖွေရေးကို မန်နေဂျာဘီလစ်သာမက အသင်းရဲ့ပိုင်ရှင်ဖြစ်သူတွေကပါ အပြင်းအထန်ကြိုးစားနေကြပါတယ်။ ဒါ့အပြင် ဝက်စ်ဟမ်းအသင်းရဲ့ ပြီးခဲ့တဲ့ရာသီက တိုက်စစ်အခြေအနေကို ကြည့်မယ်ဆိုရင်လည်း ရဂိုးအနေနဲ့ တစ်ရာသီလုံး ၄၄ ဂိုး တည်းသာရှိတာကြောင့် အသင်းအနေနဲ့ အခွင့်အရေးတွေ ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်မယ့် တိုက်စစ်မျူးကောင်း ကောင်း လိုအပ်နေတယ်ဆိုတာကတော့ အမှန်ပဲဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းမှာရှိတဲ့ တိုက်စစ်မျူး ကာရိုးလ်ဆိုရင်လည်း ဒဏ်ရာနဲ့ ရုန်းကန်နေရတာကြောင့် အသင်းရဲ့ အားကိုးလောက်တဲ့ တိုက်စစ်မျူး တစ်ဦးအဖြစ် ရှိမနေပါဘူး။ ဒါကြောင့် လက်ရှိအချိန်မှာ ဝက်စ်ဟမ်း အသင်းမန်နေဂျာ ဘီလစ်ဟာ ချယ်လ်ဆီး အသင်းတိုက်စစ်မျူး ရီမီကိုခေါ်ယူဖို့ နှစ်သက်နေပါတယ်။ ရီမီရဲ့ ပြီးခဲ့တဲ့ရာသီတွေက ရလဒ်တွေကို ကြည့်မယ်ဆိုရင်လည်း အားရကျေနပ်စရာကောင်းတာကြောင့် ရီမီသာ ဝက်စ်ဟမ်းအသင်းရဲ့ တိုက်စစ်ပိုင်းကို ရောက်ရှိလာမယ်ဆိုရင်လည်း တစ်မျိုးတစ်ဖုံဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ဒီနွေရာသီမှာတော့ မန်နေဂျာသစ်ဘီလစ်နဲ့အတူ ပြင်ဆင်မှု၊ ပြောင်းလဲမှုသစ်တွေပြုလုပ်နေတဲ့ ဝက်စ်ဟမ်းအသင်းဟာ လာမယ့်ရာသီမှာ ဥရောပအဆင့်မှာသာမက ပြည်တွင်းအဆင့်မှာပါ ဘယ်လောက်အထိ ရောက်လာမလဲဆိုတာကတော့. . .

■ အောင်က

ဟော်လန်အသင်း နည်းပြရာထူးကို စွန့်လွှတ်ရန် နည်းပြ ဟစ်ဒင့် စဉ်းစားနေ

ဟော်လန်အသင်းရဲ့ စီနီယာနည်းပြတစ်ဦးအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ဖို့ စိတ်ကူးတစ်ခု ကျွန်တော့်မှာ ရှိပါတယ်။ ဒါပေမယ့်...

ဟော်လန်လက်ရွေးစင်အသင်း နည်းပြဝုစ်ဟစ်ဒင့်က သူ၏ လက်ရှိရာထူးမှ နုတ်ထွက်ပြီး ဟော်လန်အသင်း၏ စီနီယာနည်းပြတစ်ဦးအဖြစ် ရာထူးလျှော့ချတာဝန်ယူရန် စဉ်းစားလျက်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၆၈ နှစ်အရွယ်ရှိ နည်းပြဟစ်ဒင့်သည် ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဟော်လန်အသင်းကို ပထမအကြိမ်တာဝန်ယူခဲ့ဖူးသူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် မတ်လကုန်ပိုင်း၌ ဟော်လန်အသင်း နည်းပြအဖြစ် ဒုတိယအကြိမ် ပြန်လည်ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ ဟော်လန်ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများက ဟစ်ဒင့်အားအသင်း နည်းပြအဖြစ် ခန့်အပ်ပြီးချိန်တွင် လက်ထောက်နည်းပြများအဖြစ် ဟော်လန်ကစားသမားဟောင်းများဖြစ်သော ဒန်နီဘလင်းနှင့် ရုဒ်ဗင်နစ္စတဲလ်ရွိုင်းတို့ကို တာဝန်ပေးအပ်ခဲ့သည်။ ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများက နည်းပြဟစ်ဒင့်အား ယူရို ၂၀၁၆ ခုနှစ်ပြိုင်ပွဲပြီးဆုံးသည်အထိ ဟော်လန်အသင်းနည်းပြအဖြစ် တာဝန်ယူစေပြီး နောက် ဟော်လန်အသင်းနည်းပြရာထူးကို ဟော်လန်ခံစစ်မှူးဟောင်း ဒန်နီဘလင်း (၅၃နှစ်) ထံ လွှဲပြောင်းပေးရန် စီစဉ်ထားခြင်းဖြစ်သည်။ ခံစစ်မှူးဟောင်း ဒန်နီဘလိုင်းသည် မန်ယူအသင်းတွင် ပါဝင်ကစားနေသူ ကွင်းလယ်ကစားသမား ဒါလေဘလိုင်း၏ ဖခင်ဖြစ်ပြီး ကစားသမားဘဝတွင် ဟော်လန်အသင်းအတွက် ၄၂ ပွဲ ပါဝင်ကစားခဲ့ကာ တစ်ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။

ဟော်လန်အသင်းသည် ယူရို ၂၀၁၆ ခြေစစ်ပွဲ အုပ်စု(A) ၌ လက်ကျန်ပွဲ လေးပွဲသာ ကစားရန် ကျန်ရှိတော့ချိန်တွင် ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၃) နေရာတွင်သာ ရပ်တည် နေခြင်းကြောင့် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ရန် ရုန်းကန်နေရသည်။

ဟော်လန်လူမျိုးနည်းပြ ဟစ်ဒင့်က "ဟော်လန်အသင်းရဲ့ စီနီယာ နည်းပြတစ်ဦးအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ဖို့ စိတ်ကူးတစ်ခု ကျွန်တော့်မှာ ရှိပါတယ်။ ဒါပေမယ့် ဘာဆုံးဖြတ်ချက်မှ မချခင် ကျွန်တော့်ပတ်ဝန်းကျင်မှာ ရှိတဲ့သူတွေနဲ့ အရင်ဆုံး ဆွေးနွေးတိုင်ပင်သွားမှာပါ။ အဲဒီဆွေးနွေးမှုက ဘယ်လောက်ကြာမြင့် နိုင်မလဲဆိုရင်တော့ ပွင့်ပွင့်လင်းလင်း ပြောရရင် အချိန်တစ်နာရီလောက်ပဲ ကြာမြင့်နိုင်ပါတယ်"ဟု ပြောသွားသည်။

လက်ရှိအချိန်၌ ဟော်လန်အသင်းသည် နည်းပြဟစ်ဒင့်၏ လက်အောက်၌ ကစားခဲ့သော ၁၀ ပွဲတွင် နိုင်ပွဲ လေးပွဲသာ ရရှိကာ ငါးပွဲနုံးနိမ့်ပြီး တစ်ပွဲသရေကျခဲ့သည်။

ပရီမီယာလီဂ်ဟာ ကမ္ဘာ့အကောင်းဆုံးလီဂ်ပြိုင်ပွဲ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ချန်ပီယံဆုဖလားအတွက် အားပြိုင်တဲ့အသင်းဟာ နှစ်သင်းလောက်သာ ရှိတာမဟုတ်ဘဲ သုံးလေးသင်းအထိ ရှိနေပါတယ်။

ပရီမီယာလီဂ်သို့ ပြောင်းရွှေ့လာရန် ဟမ်းမဲလ်နှင့် ဟိုဝီဒက်စ်တို့အား အိုဇေးလ် တိုက်တွန်း

ပရီမီယာလီဂ်ကလပ် အာဆင်နယ်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား အိုဇေးလ်က သူ၏ ဂျာမနီ လက်ရွေးစင်အသင်း ကစားဖော်များဖြစ်သည့် ဒေါ့မွန်အသင်း ဗဟိုခံစစ်မှူး မက်စ်ဟမ်းမဲလ်နှင့် ရှော်လ်ကေးအသင်း ဗဟိုခံစစ်မှူး ဟိုဝီဒက်စ်တို့အား ယခုနွေရာသီ ဈေးကွက်ကာလအတွင်းတွင် ပရီမီယာလီဂ်သို့ ပြောင်းရွှေ့လာရန် တိုက်တွန်းပြောဆိုလိုက်သည်။

ဟမ်းမဲလ်နှင့် ဟိုဝီဒက်စ်တို့သည် လာမည့် ၂၀၁၇ ခုနှစ်နွေရာသီအတွင်းတွင် သက်ဆိုင်ရာ ကလပ်များနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။ အသက် ၂၆ နှစ် အရွယ်ရှိ ခံစစ်မှူး ဟမ်းမဲလ်အား မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေပြီး ဟိုဝီဒက်စ်ကို အာဆင်နယ်က ခေါ်ယူရန် ဆက်သွယ်လျက်ရှိသည်။ ရှော်လ်ကေးအသင်းနှင့် ခံစစ်မှူး ဟိုဝီဒက်စ် (၂၇နှစ်)တို့ ချုပ်ဆိုထားသည့် စာချုပ်တွင် ဟိုဝီဒက်စ်အတွက် ပြောင်းရွှေ့ကြေးယူရို ၁၇ ဒသမ၅ သန်း ပေးချေမည်ဆိုပါက ခေါ်ယူခွင့်ရှိသည်ဟု ထည့်သွင်းချုပ်ဆိုထားကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ကွင်းလယ်ကစားသမား အိုဇေးလ်က ဂျာမနီသတင်းစာ Bild နှင့် တွေ့ဆုံရာတွင် "ကျွန်တော့်အနေနဲ့ကတော့ အင်္ဂလန်ပရီမီယာလီဂ်ကို လာရောက်ကစားမယ့် ဘယ်ကစားသမားကိုမဆို ထောက်ခံသွားမှာပါ။ ပရီမီယာလီဂ်ဟာ ကမ္ဘာ့အကောင်းဆုံးလီဂ်ပြိုင်ပွဲ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ချန်ပီယံဆုဖလားအတွက် အားပြိုင်တဲ့အသင်းဟာ နှစ်သင်းလောက်သာ ရှိတာမဟုတ်ဘဲ သုံးလေးသင်းအထိ ရှိနေပါတယ်။ နောက်ပြီး အသင်းတစ်သင်းဟာ ပြိုင်ဘက် ဘယ်အသင်းကိုမဆို အနိုင်ယူနိုင်စွမ်းရှိနေတယ်။ ပရီမီယာလီဂ် အသင်းတစ်သင်းဟာ ၃-၀ နဲ့ ရှုံးနိမ့်နေခဲ့ရင်တောင်မှ ဘယ်တော့မှ လက်လျှော့ အရှုံးမပေးပါဘူး။ ကစားသမားတိုင်းဟာ အချိန်တိုင်း စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ကြရပါတယ်။

ဟမ်းမဲလ်နဲ့ ဟိုဝီဒက်စ်တို့ဟာ ပရီမီယာလီဂ်ရဲ့ ထိပ်တန်းအသင်းတွေနဲ့အတူ အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိသူတွေပါ။ ပရီမီယာလီဂ်ကို ပြောင်းရွှေ့ခြင်းပြုမပြု ဆိုတာကတော့ သူတို့ကိုယ်တိုင်ပဲ ဆုံးဖြတ်ရမှာဖြစ်ပါတယ်" ဟု ပြောသွားသည်။

ကွင်းလယ်ကစားသမား အိုဇေးလ် (၂၆နှစ်)သည် ၂၀၁၃ ခုနှစ် စက်တင်ဘာလကတည်းက အာဆင်နယ်သို့ ရောက်ရှိနေသူဖြစ်ပြီး အာဆင်နယ်နှင့်အတူ အက်ဖ်အေချန်ပီယံဆုဖလား နှစ်ကြိမ်ရရှိထားသူဖြစ်သည်။

အန်ဆယ်လော့တီအား ထုတ်ပယ်ခဲ့ခြင်းသည် ရီးရဲ့ဥက္ကဋ္ဌ ပီရက်ဇ်၏ မှားယွင်းသည့်ဆုံးဖြတ်ချက်ဖြစ်ကြောင်း ကားလော့စ် မှတ်ချက်ပြု

ရီးရဲမက်ဒရစ်အသင်းနည်းပြ ရာထူးမှ နည်းပြအန်ဆယ်လော့တီအား ထုတ်ပယ်ခဲ့ခြင်းသည် အသင်းဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်ဇ်၏ မှားယွင်းသည့် ဆုံးဖြတ်ချက်တစ်ခုဖြစ်ကြောင်း ရီးရဲအသင်း ခံစစ်မှူးဟောင်း ရော်ဘတ်တိုကားလော့စ်က မှတ်ချက်ပြုပြောဆိုလိုက်သည်။ သို့သော်လည်း ရီးရဲအသင်းက နည်းပြသစ်အဖြစ် နည်းပြ ရာဖေးလ် ဘင်နီတက်ဇ်အား ခန့်အပ်ခဲ့ခြင်းသည် မှန်ကန်သည့် ရွေးချယ်မှုဖြစ်ကြောင်း ဘရာဇီးကစားသမားဟောင်း ကားလော့စ်က ဆက်လက်ပြောဆိုခဲ့သည်။

အသက် ၄၂ နှစ်အရွယ်ရှိ ခံစစ်မှူးဟောင်း ကားလော့စ်သည် ရီးရဲမက်ဒရစ်အသင်းတွင် ၁၉၉၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပါဝင်ကစားခဲ့သူဖြစ်သည်။ နည်းပြ အန်ဆယ်လော့တီသည် ၂၀၁၃ ခုနှစ် ဇွန်လတွင် ရီးရဲအသင်းနည်းပြအဖြစ် စတင်တာဝန်ယူခဲ့သူဖြစ်ပြီး ၂၀၁၃-၁၄ ခုနှစ်ဘောလုံးရာသီတွင် ရီးရဲအား ချန်ပီယံလီဂ်နှင့် စပိန်ဘုရင့်ဖလားတို့ကို ဆွတ်ခူးနိုင်စေရန် ဦးဆောင်ပေးနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ်ဘောလုံးရာသီတွင်မူ အဓိကပြိုင်ပွဲ သုံးခု၌ ဆုဖလား ဆွတ်ခူးပေးနိုင်ခြင်းမရှိခဲ့ပေ။ "နည်းပြ အန်ဆယ်လော့တီကို ရီးရဲနည်းပြရာထူးကနေ ထုတ်ပယ်ခဲ့ခြင်းကို ကျွန်တော်သဘောမတူပါဘူး။ အရင်ကလည်း ရီးရဲအသင်းနည်းပြ ရာထူးကနေ ဂျပ်ဟေးနက်စ်၊ ဒဲလ်ဘော့စကေးတို့လို နည်းပြတွေကို ထုတ်ပယ်ခဲ့စဉ်ကလည်း ဒီထုတ်ပယ်မှုတွေကို ကျွန်တော် မနှစ်သက်ခဲ့ပါဘူး။ ဒီလိုနည်းပြတွေကို ဆက်လက်တာဝန်ပေးထားသင့်ပါတယ်။ ဒါပေမယ့် ဒီလိုနည်းပြအပြောင်းအလဲပြုလုပ်မှုတွေဟာ ဥက္ကဋ္ဌ ပီရက်ဇ်ရဲ့ ဆုံးဖြတ်ချက်တွေ ဖြစ်ပါတယ်"ဟု ကားလော့စ်က ပြောသွားသည်။ ဆက်လက်၍ ကားလော့စ်က "ရီးရဲအသင်းနည်းပြသစ် ဘင်နီတက်ဇ်ဟာ သူ့ရဲ့နည်းပြသက်တမ်းမှာ အောင်မြင်မှုတွေ ရရှိထားသူပါ။ ဒါကြောင့် ရီးရဲအသင်းမှာလည်း အကောင်းဆုံး စွမ်းဆောင်နိုင်ပါလိမ့်မယ်။ သူဟာ ရီးရဲနဲ့ပတ်သက်ပြီး အတွင်းကျကျသိရှိသူမို့ သူ့ကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့တာက ရီးရဲအတွက် ကောင်းမွန်တဲ့ ရွေးချယ်မှုပါ။ ရီးရဲအသင်းမှာ နည်းပြဘင်နီတက်ဇ်အကောင်းဆုံး စွမ်းဆောင်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ရီးရဲလိုအသင်းမှာ အချိန်တိုင်း အောင်မြင်မှုရရှိဖို့က အခြေခံအကြောင်းရင်းတစ်ခုပါ။ တကယ်လို့ နည်းပြတစ်ဦးဟာ ဘောလုံးရာသီတစ်ခုမှာ ဆုဖလားတစ်လုံးမှ မရခဲ့ဘူးဆိုရင် ဒါဟာ အဲဒီနည်းပြအတွက် အခက်အခဲပဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုအခြေအနေမျိုးကို ရီးရဲအသင်းမှာသာမဟုတ်ဘဲ ချယ်လ်ဆီး၊ ဘာစီလိုနာ၊ မန်ယူနဲ့ မန်စီးတီးတို့လို အသင်းတွေမှာလည်း ကြုံတွေ့ရမှာပါ" ဟု ပြောသွားသည်။